
www.burmeseclassic.com

မောင်ဂျူ
အမရပူရ

အက်ဆေးများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မောင်ကိုကို
အမရပူရ

အက်ဆေးများ

# တိုက်ကြီးကို တိုးဖို့ပဲ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ၏ စာကြည့်တိုက်ကတ်အညွှန်း (CIP)

[illegible]

[illegible] Club 18 [illegible]

[illegible] the bookhouse [illegible]



the bookhouse

စုစည်းမှု

အမှာစာ ၁
[illegible] ၁၁
[illegible] ၁၉
[illegible] ၁၀နှစ် ပြည့်ပြီ ၂၉
[illegible] ၃၇
[illegible] သို့ [illegible] (၁၁) ၄၅
[illegible] ၅၃
[illegible] ၆၁
[illegible] ၆၉
[illegible]
[illegible] နှင်းဆီနိုင် နှင်းဆီနိုင် ၇၇
[illegible] ၈၅
[illegible] ၉၃
[illegible] ၁၀၃
[illegible] ၁၁၁
မြန်မာပြည်ကို [illegible] ၁၁၉
[illegible] ၁၂၉
[illegible] ၁၃၉
[illegible] ၁၄၉
[illegible] ၁၅၉
[illegible] ၁၆၇
[illegible] ၁၇၅
[illegible] ၁၈၃
[illegible] ၁၈၉
[illegible] ၁၉၇

www.burmeseclassic.com

www.burmeseclassic.com


# အမှာစာ

ကျွန်တော်သည် မြန်မာပြည်မှာ နေထိုင်ရင်း မြန်မာပြည်ကို လွမ်းတတ်သူတစ်ဦးဖြစ်ပါသည်။

ဤ "တို့ဘုရားကို တို့ဖူးပြီ" စာအုပ်တွင် ၂၀၀၉-၂၀၁၀ အတွင်း ကျွန်တော်ခံစားမိသော မြန်မာနိုင်ငံက လူပုဂ္ဂိုလ်အချို့၊ နေရာဒေသအချို့၊ အကြောင်းအရာအချို့ ပါဝင်သည်။ အားလုံးသည် ကျွန်တော်မွေးဖွားကြီးပြင်းရာ မြန်မာပြည်ထဲက ရုပ်ပုံများ၊ အသံများ၊ အရောင်များ ဖြစ်ပါသည်။ မြန်မာတို့၏ ဘုရားဖူးသော အလေ့အထမှာလည်း ချစ်ဖို့ကောင်းသည်။ ကျွန်တော်လည်း ပုဂံဘုရားများကို ဖူးသည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ရွှေတိဂုံကို ဖူးသည်။ တို့ဘုရားကို တို့ဖူးပြီ။

မြန်မာပြည်ထဲမှာ နေထိုင်သော ကျွန်တော်သည်ပင် မြန်မာပြည်ကို လွမ်းဆွတ်နေတတ်လျှင် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသော မြန်မာတစ်ဦးသည် ကျွန်တော်၏ "တို့ဘုရားကို တို့ဖူးပြီ" စာအုပ်ကို ဖတ်မိပါက မြန်မာပြည်ကို သူ ပိုမိုလွမ်းဆွတ်မည်လား။ (ထူးအိမ်သင်၊ ခင်ဝမ်း၊ ပိတောက်ပန်း၊ အောင်ပန်း၊ မောင်ချောနွယ်၊ ဒဂုန်တာရာ၊ ဘော်ကြိုးပွဲ၊ တောင်ပြိုးပွဲ၊ ဆရာချို၊ စုဖုရားလတ်၊ ခင်မောင်ရင်၊ ဦးခင်မောင် (ဘဏ်)၊ ရန်ကုန်မြို့၊ မန္တလေးဈေးချိုတော်) သို့မဟုတ် သူ၏ အိမ်အလွမ်းစိတ်ကို၊ သူ၏ 'မြန်မာပြည် အလွမ်းစိတ်'ကို ကျွန်တော်တို့၏ "တို့ဘုရားကို တို့ဖူးပြီ" စာအုပ်က အတန်အသင့် ဖြေသိမ့်ပေးနိုင်မည်လား။ ကျွန်တော် သိချင်သည်။ (ပုဂံ၊ ဝသုန်၊ ရှေးမြန်မာဘုန်းကြီးကျောင်း၊ မင်းကွန်းကရာဟုလာ၊ မြိတ်ကျွန်းစု၊ ရတနာဂူပွဲ)

သေချာတာကတော့ ဤစာအုပ်သည် မြန်မာနိုင်ငံသားတစ်ဦး၏ မြန်မာနိုင်ငံတွင်းမှာ မြန်မာနိုင်ငံကို ချစ်ခြင်းအားဖြင့် ပူဇွေးလှုပ်ရှားတောက်ပသော၊ ကြည်လင်စွာ စီးဆင်းနေသော၊ အသံမြည်နေသော၊ မြန်မာနိုင်ငံ ရနံ့ထုံမွှမ်းသော အရသာရှိရှိ ရင်ခုန်သံများဖြစ်ပါသည်။

**ချစ်ခင်လေးစားစွာဖြင့်**
**မောင်ကိုကို (အမရပူရ)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ခင်မောင်ရင်

## မောင်ကိုကို (အမရပူရ)

မြောက်ဥက္ကလာ၊ သန္တာလမ်းက ပန်းချီ 'ခင်မောင်ရင်'ထံသို့ ကျွန်တော် မကြာမကြာ ရောက်တတ်သည်။ မန္တလေးက မိတ်ဆွေက 'ခင်မောင်ရင်'ရဲ့ ပန်းချီကား သုံးကား ဝယ်လာပေးပါဟု ပိုက်ဆံပေးမှာ၍ စတင်ရောက်ဖူးသည်။ နောက်လည်း ထိုမိတ်ဆွေက 'ခင်မောင်ရင်' ပန်းချီကားတွေ ထပ်ထပ်မှာသည်။ ကျွန်တော်လည်း 'ခင်မောင်ရင်' ထံသို့ ထပ်ထပ်ရောက်သည်။

ကျွန်တော်က ခင်မောင်ရင်၏ ပန်းချီကားများအပြင် ခင်မောင်ရင်၏ Artist's Life ကိုပါ စိတ်ဝင်စားသူဖြစ်ရာ ခင်မောင်ရင်ထံရောက်တိုင်း သူ့ပန်းချီကားများကိုကြည့်ရင်း သူ့ကိုစကားပြောရင်း ကျွန်တော် ကျေနပ်ပျော်ရွှင်နေမိ၏။ ကျွန်တော်က ငှက်ပျောသီး၊ ပန်းသီးတွေ ဝယ်သွားတတ်၏၊ ဆရာက ကော်ဖီတိုက်တတ်၏။

တစ်လောကတော့ လောကနတ်ဂယ်လာရီပေါ်မှာ သူနှင့်ကျွန်တော် နေ့တစ်ဝက်ကြာအောင် အတူရှိခဲ့သည်။ ကိုနေမျိုးဆေးက သူ့ကိုခေါ်လာပေးခြင်းဖြစ်သည်။ ကျွန်တော်သူ့ကို ဟိုတစ်စ ဒီတစ်စ မေးတတ်သည်။ သူကလည်း ဟိုတစ်စ ဒီတစ်စ ပြောတတ်သည်။ သူ စိတ်လိုလက်ရ စကားပြန်ပြောအောင်လည်း ကျွန်တော်က စောင့်ဆိုင်းအချိန်ယူရတတ်သည်။ သုံးနှစ်အတွင်းမှာ ခင်မောင်ရင်၏ စကားအနည်းငယ်ကိုသာ ကျွန်တော်စုစည်းမိပါသည်။ ကျွန်တော်သူ့ထံမှ ဝယ်လေ့ရှိသော ပန်းချီကားများမှာ **'ထိုင်နေသော ကချေသည်'** ပန်းချီကားများဖြစ်သည်။ မကြာမီကတော့ သူ၏အစိမ်းရောင်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com


Abstract ပန်းချီကားများ ဝယ်ခဲ့သည်။ သူ့အခုနောက်ပိုင်း ထူးအိမ်သင် Portrait ပန်းချီကားများ ရေးဆွဲထားတာ ကျွန်တော်တွေ့ရ၏။ ခင်မောင်ရင်၏ ဓာတ်ပုံကို ချန်ပီယံပေါ်ဆန်းမွေး ကိုမြင့်သိန်း (Quee) က ရိုက်ပေးပါသည်။

"ကျွန်တော့်ကို ၁၉၃၈ နိုဝင်ဘာ ၈ မှာ မွေးတာ။ ပန်းချီရေးတာတော့ ငယ်ငယ်ကတည်းက ဝါသနာပါတာ။ ကျွန်တော်က ပန်းချီ မရေးဆွဲတတ်ပါဘူး။ ဆေးခြယ်တာ . . . ဆေးခြယ်တာ၊ ဟိုလေ ဆေးပဲခြယ်တတ်တာ။ Color ကို ကျွန်တော်ကြိုက်တယ်။ အနုပညာကို စကားလုံးတွေနဲ့ ပုံမဖော်ချင်ဘူး။ စာတော့ရေးဖူးပါတယ်။ ဟိုအကြောင်း ဒီအကြောင်းပေါ့။ ဘာတွေရေးခဲ့မှန်း အခု မသိတော့ဘူး။ စာအုပ်ထုတ်ဝေသူကတော့ ကျွန်တော်ရေးခဲ့တာတွေ စု ထုတ်ထားတယ်။ စာအုပ်ကိုငါးထောင်ရောင်းတယ်။ ကျွန်တော့်စာအုပ်ကို ငါးထောင်ပေးပြီးဝယ်ကြတော့ ကျွန်တော်က အံ့ဩရတယ်။ ငါ တယ်ဟုတ်ပါလားပေါ့။

ကျွန်တော်ကလည်း စာမူခတွေရတယ်။ ပိုက်ဆံတွေရတော့ ပျော်တာပေါ့။ ကျွန်တော်နာမည်မကြီးပါဘူး။ 'ခင်မောင်ရင်'ဆိုတာ နာမည်ကြီး မဟုတ်ပါဘူး။ ပန်းချီကားရေးရင်လည်း ပိုက်ဆံ..ဘွအများကြီး မရပါဘူး။ အဲ့ဒီမုန့်ပုံးထဲ ပိုက်ဆံတွေထည့်သွားကြတာပဲ။ ကျွန်တော့်ပန်းချီကားတွေ အဲလိုပိုက်ဆံထည့်ပြီး ယူသွားကြတာပဲ။ ပိုက်ဆံရတော့ပျော်ပါတယ်။ ပိုက်ဆံ မရှိရင် သရဲမပုံတွေ ရေးတယ်။ ဝယ်သွားကြတော့ ပိုက်ဆံရတယ်။ ပိုက်ဆံရမှ ထမင်းစားလို့ရတယ်။ ကျွန်တော်က နာမည်ကြီးမဟုတ်တော့ ပိုက်ဆံအများကြီး မရဘူး။ ဦးလွန်းကြွယ် နာမည်ကြီးတယ်။ မင်းဝေအောင် နာမည်ကြီးတယ်။ ပိုက်ဆံများများရတယ်။ ကျွန်တော်လည်း သူများပြောတာကြားတာပဲ။ ကျွန်တော်က ဒီကြမ်းပြင်ပေါ်မှာ ဖင်တရွတ်ဆွဲပြီး သွားနေရတာပဲ။သောက်သောက် . . . ကော်ဖီ သောက်။ ခေါက်ဆွဲကြော် စားချင်ရင် ဟိုဘက်အိမ်က ကျွန်တော်တို့တွေခေါ်ပြီး ဝယ်ခိုင်းလို့ရတယ် . . . စားမလား။ မန္တလေးက **ဒေါက်တာကိုကိုကြီး** ကို ကျွန်တော် သတိရနေတာ။**ကိုအေးမြင့်**ကို ကျွန်တော် သတိရတယ်။ **ပေါ်ဦးသက်** ကတော့





သေပြီ။

ကျွန်တော်က သီချင်း ဖွင့်ထားရင်း၊ သီချင်း နားထောင်ရင်း ပန်းချီရေးတာ အကျင့်ဖြစ်နေတာပါ။ သီချင်းနားထောင်ရင်း ရေးလို့ ပန်းချီကားက ပိုကောင်းလာသလားဆိုတော့. . . ဘာမှပိုမကောင်းပါဘူး။ သီချင်းကလည်း ကြိုက်လို့ နားထောင်တာ။ ပန်းချီကလည်း ရေးချင်လို့ ရေးတာ။ အခုတော့ ပိုက်ဆံမရှိရင် ပန်းချီရေးတာပဲ။ အဲ . . . ဆေးခြယ်တာ၊ ဆေးခြယ်တာ။ ဗိသုကာပညာနဲ့ အလုပ်အကြာကြီး မလုပ်ခဲ့ပါဘူး။ ပန်းချီကတော့ အကြာကြီးရေးခဲ့တာ။ သေအထိ ရေးသွားမှာ။ တစ်နေ့တစ်ကား ရေးတယ်။ အခရိုင်းလစ် မကြိုက်ဘူး။ ဆီဆေးနဲ့ ရေးတာ။

၁၉၆၀ ကနေ ၁၉၇၀ လောက်အထိ ပန်းချီကားရေးတာ တစ်ကား ၂၀၀ လား၊ ၂၅၀ လား ရတယ်။ တစ်ကားကို ၁၅၀ ကျပ်ရလည်း ရောင်းတာပဲ။ ဟားဟား. . . မြန်မာငွေပေါ့ဟ။ ရယ်စရာ ဖြစ်နေလား။ အဲဒါလည်း ထမင်းကောင်းကောင်း စားလို့ရတယ်။ ထမင်းစားတာက တစ်ခါစားမှ တစ်ကျပ်ပဲပေးရတာပဲ။နှစ်ခါစားတော့နှစ်ကျပ်ပေါ့။လက်ဖက်ရည်တစ်ခွက်မှ ဘာမှ မပေးရဘူး။ အဲဒီတုန်းကလည်း ထမင်းစားစရာ ပိုက်ဆံမရှိရင် ပန်းချီဆွဲတာပဲ။ လူတွေက ဝယ်သွားကြတာပဲ။

ဟုတ်တယ်လေ. . . ၂၄ လမ်းနဲ့ကမ်းနားလမ်းထောင့်မှာအကြာကြီး နေခဲ့တာပေါ့။ ဟုတ်တယ်၊ **'အေအိုင်'** ရုံးခန်းလို့ ခေါ်တယ်။ဗိသုကာတွေပေါ့။ **ဘိုကြီး၊ တင်ထွန်း၊ အောင်ကြီးမြင့်** ပေါ့။ စုပြီးနေကြတာပေါ့။ နောက်တော့ အဲဒီကို ပန်းချီဆရာတွေလာတယ်။ **ဗကျိုအောင်စိုး** လာတယ်။ **ဦးခင်မောင် (ဘဏ်)** လာတယ်။ မန္တလေးက**ပေါ်ဦးသက်** လာရင် ဒီမှာပဲ လာတည်းတာပေါ့။ ပန်းချီဂေဟာပေါ့။ ပန်းချီဆရာတွေလာတော့ ပန်းချီဂေဟာပေါ့ . . . ဟုတ်လား၊ ဟားဟား။

**'နှမလက်လျှော့နေလေတော့'**ရုပ်ရှင်ရိုက်ဖူးတယ်။ ကိုယ် ဒါရိုက်တာ လုပ်တာ။ဟိုကောင်. . . ဘယ်သူ . . . အဲ . . . ဂျာနယ်ကျော် မမလေးရဲ့သား။


www.burmeseclassic.com

www.burmeseclassic.com


**မောင်သိန်းတန်**...သူ့ကို မင်းသားတင်ရိုက်တာ...ကြည့်မယ့်သူ မရှိဘူး။ တွဲဖေါ်သိန်းတန်မဟုတ်ဘူးလေ၊မောင်သိန်းတန်...ဗွာနယ်ကျော်မမလေးရဲ့ဘား။ ရုပ်ရှင်ဇာတ်ကားနာမည်က ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာထဲက ကျွန်တော်က ကြိုက်လို့ယူလိုက်တာ။ ကျွန်တော်က ဘီသိုဗင် ချိုက်ကော့စကီးတို့ရဲ့ဂီတတွေကိုကြိုက်တယ်။ ပေါ်ဦးသက်က မြို့မငြိမ်းရဲ့သီချင်းတွေကို ကြိုက်တယ်။ ဟာဟ ကြိုက်မှာပေါ့...မြို့မငြိမ်းက ပေါ်ဦးသက်ရဲ့ ယောက္ခမလေ။ **မတင်ကြည်**ရဲ့ အဖေလေ။အဲလိုကြောင့် မဟုတ်ပါဘူး။ ကျွန်တော်လည်း မြို့မငြိမ်းသီချင်းတွေ ကြိုက်ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားဂီတတွေဖွင့်နားထောင်တာများတယ်။

**ဆရာဝန်တင်မောင်ကြည်** ရဲ့ ဓာတ်ပုံတွေပါတဲ့စာအုပ် ကျွန်တော်သိမ်းထားတယ်။ **ထူးအိမ်သင်** ရဲ့ဓာတ်ပုံလည်းနံရံမှာကပ်ထားတယ်။ ပန်းချီရေးဖို့ပေါ့။ တူအောင်ကြည့်ရေးကာတော့မဟုတ်ဘူး။ ကြည့်ထားတာ။ မှတ်မိနေတာ။ ကျွန်တော်က အလွတ်ရေးတာ။ ရုပ်တူအောင်ထက် စိတ်ကိုတူအောင်ရေးတာ။ မျက်နှာကိုရေးရင် အဓ္ဓတ္တပေါ်အောင်ရေးတာ။

ပန်းချီဆရာတွေလား... ကြိုက်တာလား၊ကြိုက်တာပေါ့။ **ဗင်းဆင့်ဗင်ဂိုး** (Vincent Van Gogh) ကြိုက်တယ်။ ၁၈၈၂ လားပဲ။ ဗင်ဂိုးက ၃၄ နှစ်ပေါ့။ ပါရီ မှာ ဗင်ဂိုး နဲ့ **ဂေါဂင်** ဝ ဆုံကြတာ။ နောက်တော့ ဗင်ဂိုး က သူ့ကိုယ်သူ သေနတ်နဲ့ ပစ်တာ... သေသွားရော။

**ပေါလ်ဂေါဂင်** (Paul Gauguin) လည်း ကျွန်တော်ကြိုက်တယ်။ တဟီတီကျွန်းက မြူစင်ရိုးသားတယ်။

**မိုဒီဂလီယာနီ**(Modigliani)လည်းကျွန်တော်ကြိုက်တယ်။ကျွန်တော်က သူ့ကိုကြိုက်လို့ ကျွန်တော့် ပန်းချီကားတွေမှာ ...ရှေးခေတ်မင်းသမီးတွေ၊ ကချေသည်တွေမှာလည်ပင်းတွေက ရှည်နေတာ...မိုဒီကို ကျွန်တော်ကြိုက်ခဲ့လို့။ မိုဒီက`**တိုတောင်းပြီး** ပြင်းထန်တဲ့ဘဝ' ကို လိုချင်ခဲ့တာ။

**မွန်ဒရေယန်** (Mondrian)လည်း ကြိုက်တယ်။ **ဂျက်ဆင်ပိုးလော့** (Jackson Pollock) ရဲ့ Abstract တွေ ကြိုက်တယ်။ **ဒီကူးနင်း** (De Kooning)လည်း ကျွန်တော်ကြိုက်တာပဲ။**ပါဘလိုပီကာဆို**(Pablo Picasso) ကပန်းချီနဲ့ပဲ ချမ်းချမ်းသာသာနေသွားနိုင်တယ်။ဒါပေမဲ့ချမ်းသာပြီး ဆင်းရဲသားလိုနေချင်ခဲ့တဲ့ ပီကာဆိုပါ။ကျွန်တော်က မချမ်းသာဘူး။ထူးအိမ်သင်ပုံရေးရဦးမယ်"

■

Hot News Journal
Vol 1, No-14
အောက်တိုဘာ [illegible]

the bookhouse
www.burmeseclassic.com
the bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းအားဖြင့်

**မောင်ကိုကို (အမရပူရ)**

(၁)

ထူးအိမ်သင်သီဆိုသော နှုတ်ဆက်တေးကိုနားထောင်မိရာက ထူးအိမ်သင်ကွယ်လွန်သည့် ရက်စွဲမှာ ၂၀၀၄ခုနှစ် ဩဂုတ် ၁၄ ဟုသိရ၏။ ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၁၄ ဆိုလျှင် သူကွယ်လွန်တာ ခြောက်နှစ်ပြည့်ပြီ။ နှုတ်ဆက်တေးကို သူ့ သူငယ်ချင်း မြင့်မိုးအောင် ရေးဖွဲ့ထားသည်။

နှုတ်ဆက်တေးသည် တေးရေး၏ ဘဝပေလား၊ တေးဆိုသူ၏ဘဝပေလော၊ အနုပညာသည် တစ်ဦး၏ ဘဝပေလော။ ထိုသီချင်းကို ဗီစီဒီအဖြစ် လှိုင်မိုးက ရိုက်သည်။

ဆံပင်ကောက်ကွေး၊ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးငုတ်စိ၊ နှုတ်ခမ်းပြဲပြဲ၊ ပါဝါမျက်မှန်ထူထူ၊ ခေါင်းမာတတ်ဟန်တူသူ၊ အကျီအကွက်၊ ဂျင်းဘောင်းဘီအပြာ ဝတ်ဆင်ထားသူ မွန်မြန်မာလူငယ်လေး ဂစ်တာတီးနေသည်။ သီချင်းဆိုနေသည်။

ပြီးတော့ အလင်းရောင်အခန်းလေးကို ထားခဲ့သည်။ လှေကားအတိုင်း ဆင်းသွား၏။ အမှောင်ဆီသို့ သူတိုးဝင်သွားပြီ။ ဂျင်းဘောင်းဘီအပြာသည် အမှောင်ထဲမှာ မှောင်သွားသည်။ ပုသိမ်ကောလိပ်ဂီတညဆီသို့သွားမှာလား။

"နှုတ်ဆက်ခဲ့ပါတယ်×××အချစ်ဖွဲ့သီချင်းလေးရယ်×××ငါ နောက်ထပ် ဆိုညည်းစရာမလိုအပ်တော့ပါ

www.burmeseclassic.com
The bookhouse

www.burmeseclassic.com

ချစ်မေတ္တာတရားကို တပ်းတတတ်လေသူက အချစ်ဖွဲ့သီချင်းလေးကို ပြုတ်ပြုတ်သားသား နှုတ်ဆက်သွားပြီ။ "ငါပြန်မလာတော့ဘူး အခန်းလေးရယ်" ဟု သူသည် သီချင်းနှင့်နှုတ်ဆက်သွား၏။

**"နှုတ်ဆက်ခဲ့ပါတယ် ကောင်းမြတ်ခြင်းတရားရယ်×××**
**ငါ မင်းရဲ့အလိုအတိုင်းသာ စွန့်တားခဲ့တယ်××× ငါ့အိပ်မက်တွေဟာ**
**ဖြစ်မလာခဲ့ဘူး××× အမှောင်မှာကျင်လည်ဖို့ထွက်သွားပြီပေါ့××× ×××"**

ထူးအိမ်သင် ကွယ်လွန်ချိန်မှာ သူ၏ဇနီး **သွယ်သွယ်ထွေး** နှင့် သမီး **မိကွန်ထော** သည် သူ့သီချင်းတွေ စိမ့်ဝင်နေသော သူ့ဂစ်တာလေးနှင့်အတူ ကျန်ရစ်ခဲ့ကြ၏။ ဩစတြေးလျ ပလေ့လေးမှာ မှုတ်သူကင်းမဲ့ချေပြီ။

**"ကျွန်တော်စိတ်အဝင်စားဆုံးကနစ်ခုပဲရှိတော့တယ်။**
**အနုပညာရယ်...သေခြင်းတရားရယ်ဗျ။**
**သေတော့လည်း ပျောက်သွားတာပဲဗျ။ ကျွန်တော်တို့လုပ်ခဲ့တဲ့ကုသိုလ်တွေ၊**
**ကောင်းမြတ်တဲ့စိတ်ထားတွေ၊ ရိုးသားမှုတွေက ဘယ်လိုထဲမသိဘူး"**

ထူးအိမ်သင်က သူနှင့်တွဲဖော်တွဲဖက်စာရေးဆရာနီကိုရဲကို ပြောခဲ့သည်။ တေးရေး၊ တေးဆို ထူးအိမ်သင်သည် သူ့မိတ်ဆွေ နီကိုရဲ၏မွေးနေ့ မစ္စတာဂစ်တာမှာ ကျင်းပစဉ် မွေးနေ့ရှင်က သီချင်းဆိုပေးဖို့ တောင်းဆိုသော်လည်း အပြုံးလေးတစ်ပွင့်သာပွင့်ပြခဲ့၏။ သီချင်းမဆိုပေးပါ။

သူ့ကို လုပ်ချင်တာကိုလုပ်ရဲသော သတ္တိထက် မလုပ်ချင်တာမလုပ်ဘဲနေရဲသော သတ္တိကို ပိုသဘောကျမိပါသည်ဟု ဝတ္ထုရေးဆရာကမှတ်ချက်ချသည်။ အပိုဆာဒါးတွေ မလုပ်ခဲ့သူဟု ကျွန်တော် ထပ်ဖြည့်ချင်၏။

နှုတ်ဆက်တေးကို နားထောင်အပြီးမှာ အလင်းဆိုင်လေးရဲ့သီချင်း၊ ကြယ်တွေစုံတဲ့ည သီချင်းနှစ်ပုဒ်ကို ကျွန်တော်ဆက်နားထောင်မိသည်။ အယ်ဖြူ ရေးသည်။ ၂၀၁၀ မှာကျွန်တော်သည် ထူးအိမ်သင်၏ ပရိတ်သတ်အစစ်ဖြစ်သွားပြီ။



သူ့မျက်နှာပေါ်မှ ဟန်မလုပ်သော ရိုးသားမှုကို ကျွန်တော်ကြိုက် သည်။ သူသည် ပေါ်လွင် ချင်လွန်းသော လူစားမျိုးမဟုတ်။ သူ့မျက်နှာပေါ်မှာ ဒါဝါယိန်ထိန်အရောင်များကို မတွေ့ရပါ။ ငြိမ်းချမ်းသောအပြာရောင်၊ ရိုးသားသောအဖြူရောင်ကိုသာ တွေ့ရတတ်သည်။

**"ကျွန်တော်ဒီလောကကြီးမှာ နေမှု၊ ထိုင်မှု၊ ရှင်သန်မှုပေါ့။ ဆဲဒါနဲ့ပတ်သက်ပြီး**
**ကျွန်တော် မတရားသဖြင့် အသက်ရှင်နေတာ မျိုးမဖြစ်အောင်လို့**
**ကိုယ့်ဘာသာကိုကြိုးစားပြီးတော့ နေထိုင်ပါတယ်"**

ဟုမဂ္ဂဇင်း အင်တာဗျူးတစ်ခုမှာ သူပြောခဲ့ဖူး၏။

သူ လူ့ဘဝမှာမရှိတော့။ သူ့အနုပညာ၊ သူ့ရိုးသားမှု၊ သူကောင်းမြတ်ခြင်းတရားတို့က ပျောက်ကွယ်မသွားပါ။ ကျွန်တော်တို့ခံစားနေရသည်။

**အိပ်မက်သည် သူ၊ သူသည် အိပ်မက်။ အိပ်မက်သည် အသက်ဖြစ်စေ၊**
**အချစ်ကြွင်းစေ၊ မြတ်နိုးမှုကြွင်းစေ၊ မေတ္တာကြွင်းစေ၊**
**လင်းလက်တောက်ပဆဲမှာ ကွဲကြေသွားသော ညနေကြယ်**
**ဟု သူ့သူငယ်ချင်းများက သူ့ကိုတင်စားကြ၏။**

(၂)

**"ရက်စက်မှုတွေနဲ့ကမ္ဘာကြီးက××× ခထာကြည့်တာနဲ့ ရင်ထဲ တုန်လှုပ်သွား**
**ဘဝမှာဆိုးရွားလွန်းတဲ့ အမှောင်ကို နိုင်ဦးမလား**
**ညထဲပညာရယ် ချစ်ခြင်းတရား××× ရင်ထဲလှပတဲ့နေ့တွေရှိဦးမလား**
**ညထဲပညာရယ် ချစ်ခြင်းတရား××× ရင်ထဲတောက်ပတဲ့နေ့ရက်တွေ ကြုံဦးမလား**
**ယုံကြည်တမ်းတတဲ့နှလုံးသားများ အားလုံးရဲ့ကမ္ဘာသစ်ရယ်**
**ယုံကြည်တမ်းတတဲ့နှလုံးသားများ အားလုံးရဲ့အိပ်မက်ရယ်"**



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ပညာနှင့်ချစ်ခြင်းတရားတို့ထုံမွမ်းသော၊ အသစ်ကမ္ဘာကိုလှပသည့် နှလုံးသားဖြင့် ယုံကြည်တမ်းတတတ်သူ ထူးအိမ်သင်၏ လူငယ်ဘဝမှာ အသည်းကွဲသော အမေ့ဒုက္ခအိုးလေး ဖြစ်သည်။

၁-၇-၆၃ မှာ သူမွေးရက်စွဲ။ ပုသိမ်မြို့မှာ မူလတန်းပညာစတင် သင်ကြားခဲ့ပြီး အထက်တန်းပညာကို ပုသိမ် အ. ထ. က (၃)မှာ အောင်မြင်ခဲ့၏။

၁၉၈၂-၈၃ တွင် ပုသိမ်ကောလိပ်မှာ ပထမနှစ်ကို နှစ်ကြိမ်ကျရှုံးပြီးပြင်ပဖြေ (External) ကျောင်းသားတစ်ဦးဖြစ်နေ၏။

အခန်းထဲမှာ သူ လဲကျနေ၏။ သူ့သူငယ်ချင်း၏ အခန်းလေးထဲမှာ သူသည်ခွေခွေလေး လဲကျနေ၏။ သူသည် အခန်းထဲမှာပစ်ချခံရသော ဖဲချပ်လေးတစ်ချပ်ဖြစ်၏။ သူသည် အခန်းထဲက ပုလင်းလွတ်တစ်လုံးဖြစ်သည်။ သူသည် အခန်းထဲမှာထောင်ထားသော ဂစ်တာစုတ်ကလေးတစ်လုံး ဖြစ်သည်။ သူသည် အခန်းပြတင်းပေါက်မှ ကြယ်ကလေးကို ငေးကြည့်နေသော ကြယ်ငေးသူတစ်ဦး ဖြစ်သည်။

**"အမေ...ကျွန်တော့်ကို စိတ်မပျက်ဘူးလား**
**အမေ ယုံကြည်မျှော်လင့်ထားသမျှ ဘာတစ်ခုမျှဖြစ်မလာ**
**ကိုယ်မှန်တယ်ထင်ရင်ပြီးရောခေါင်းမာတတ်တဲ့အကျင့်ကဆိုး**
**ပိုက်ဆံတစ်ပြားမှမရှိဘဲသူ့သိက္ခာရှိချင်သေးသတဲ့**
**အမေ့ရဲ့ ဒုက္ခအိုးလေးပေါ့**

သို့သော် သူသည် ပုသိမ်ကောလိပ်အနီးအနားက အခန်းလေးထဲမှာအမြဲတမ်းလဲကျနေသူ မဟုတ်ပါ။ လဲကျရာမှ သူရုန်းထသည်။ သူကိုယ်ကိုသူကိုယ်တိုင်ထူမတ်ခဲ့၏။ မိဘများက မော်လမြိုင်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ရပြီးနောက် သူလည်း မော်လမြိုင်တက္ကသိုလ်မှရူပဗေဒဘွဲ့ဖြင့် ကျောင်းပြီး သွားသည်။ မော်လမြိုင်မြို့တွင် ဂီတဆရာဦးအောင်နိုင်(KC Francis) ထံမှ ဂီတသင်္ကေတနှင့်ဂီတ ပညာ သင်ယူသည်။

၁၉၈၆ ခုနှစ်တွင် 'နာရီပေါ်မှမျက်ရည်စက်များ' အမည်ရှိ ပထမဆုံးသီချင်း အယ်လ်ဘမ်ကို





ရန်ကုန်မြို့တွင် အသံသွင်းနိုင်ခဲ့သည်။ ဂီတကို ရေဆုံးရေဖျားစနစ်တကျ လေ့လာ ဆည်းပူးခဲ့သော ထူးအိမ်သင်သည် ပထမဆုံးသီချင်းများနှင့်ပင် နာမည်ပေါက်သွားသည်။

မော်ဆရာ အိပ်မက်၊ သက်ငြိမ်၊ အတွဲပုံဆောင်ခဲများ။ သူ့သီချင်းများသည် ကောင်းကင်က ကြယ်ကလေးများနှင့် အဆက်အသွယ်ရသွားပြီ။ မြို့ပြလရောင်ညများထဲမှာ သူ့သီချင်းက သီချင်းဆို နေသည်။ ဂျပ်ဆင်တိပ်က လရိပ်ပြာထဲမှာ သူ့သီချင်းဖွဲ့တည်သည်။

**"ဂစ်တာသံတွေရယ်ကိုယ်သီဆိုနေမယ်**
**ရင်ကိုခုန်စေတဲ့သီချင်းရယ်**
**အမှောင်မှာအသာအယာနားစွင့်ခဲ့သူမှာ...**

(၃)

ထူးအိမ်သင်ရေးခဲ့သမျှ သီချင်းများထဲတွင် ကျွန်တော်အကြိုက်ဆုံးသီချင်း နှစ်ပုဒ်ရှိသည်။ အသစ်ကမ္ဘာသို့။ ရာဇဝင်များရဲ့သတို့သမီး အသစ်ကမ္ဘာသို့ သီချင်းကို လေးဖြူ အငဲ၊ မျိုးကြီးတို့အဖွဲ့က ထူးအိမ်သင်ကွယ်လွန်ပြီးမှ သီဆိုခဲ့ကြသည်။

ရာဇဝင်များရဲ့သတို့သမီးကို ထူးအိမ်သင်ကိုယ်တိုင်ရာဇဝင် ပြောင်မြောက်အောင်သီဆို ခဲ့သည်။ လေးဖြူက ဂျပန်ဖူကူအိုကာမြို့မှာ မြန်မာလူမျိုးမြန်မာပြည် ကိုယ်စားပြု Own tune အဖြစ် ဂုဏ်ယူစွာသီဆိုခဲ့သည်။ ကျွန်တော်တို့တိုင်းပြည်၏ ရောဝတီမြစ် ဖြစ်ပါသည်။

**"ရာဇဝင်သစ်တို့မွေးဖွားရာ××ရွှေရောင်နေ့သစ်များအတွက်**
**ရင်ခုန်သူတို့ရဲ့သီချင်းတွေ**
**ပျိုးမျှစ်စိမ်းလန်းရေးအတွက် ယုံကြည်သူတွေအသက်နဲ့**
**ထုဆစ်ခဲ့တဲ့ အိပ်မက်များ**
**ဧရာဝတီ**

www.burmeseclassic.com

www.burmeseclassic.com



**ရာဇဝင်များရဲ့သတို့သမီးငါတို့ရဲ့မိခင် ရောဝတီ**
**ငါတို့ရဲ့ဝိညာဉ် ရောဝတီ**

ညတစ်ညတွင် ထူးအိမ်သင်သည် ပုဂံရှိ ကန်တော့ပလ္လင်ဘုရားပေါ်မှ ရောဝတီမြစ်ကို စိတ်ဝင်တစား မှုးမှုးရဲရဲ ကြည့်နေမိသည်။

ရောဝတီမြစ်၏ တစ်ဘက်ကမ်းစက်နဲ့ဆီမှ မီးရောင်များ၊ ရောဝတီမြစ်ပြင်ပေါ်မှာ တလက်လက်တောက်ပနေသော အလင်းများ။ ဤဘက်ကမ်းတွင် ရှေးဟောင်းဘုရားမည်းမည်းများ၊ မြစ်၏တစ်ဘက်တွင်ဟောင်းတန်းများ။

ရောဝတီမြစ်ဝှမ်းမှာ မြန်မာနိုင်ငံကြီးကို နိုင်နိုင်မာမာတည်ဆောက်ခဲ့ကြသော ရှေးမြန်မာတို့ကို သူအရမ်းအံ့သြ၊ အရမ်းကြည်ညို၊ အရမ်းလေးစားနေမိသည်။

ရောဝတီ၏ တောက်ပသောသမိုင်းကြောင်းကို သူရင်ဘတ်ပေါက်မတတ် ခံစားမိသည်။ ရှေ့ဆက်သွားမည့် သူမျှော်လင့်ချက်တွေကို မြန်ကြက်ခင်းကျင်းကြည့်မိသည်။

ပုဂံညမှရခဲ့သောည ရောဝတီမှာနဝင်စားမှုကို အိုးအစစ်စေတူဒ်ယိုမှာ တစ်လလုံးလုံးစိတ်ရှည်လက်ရှည် မအိပ်မနေ ရေးဖွဲ့တော့သည်။

သူ့ရင်ထဲမှာ၊ သူ့သွေးထဲမှာ ရောဝတီမြစ်သည် အားကောင်း ဟုန်ပြင်း စီးဆင်းနေ၏။ သီချင်းမပြီးမချင်း သူ အိပ်မပြန်တော့ပါ။

သူ့စိတ်မှာ သူ့ကိုယ်မှာ သူ့သွေးမှာ ရောဝတီမှလွဲ၍ တခြားဘာမှမရှိတော့ပါ။ သီချင်းမပြီးမချင်း သူ မာန်မချပါ။ ကွမ်းတစ်ယာ၊ ရေတစ်မှုတ်ဖြင့် သူစိတ်လျှော့ချလိုက်ခြင်းမလုပ်ပါ။ သူဖန်တီးသော **'ရာဇဝင်များရဲ့သတို့သမီး'** ကြားရတော့ မြန်မာပြည်သည် ကြက်သီးဖြန်းဖြန်းထပြီ။

**ဤရေမြေကြီးမားလွန်းတဲ့ ဒီမြေမှာ တို့ရဲ့သွေးတွေ**
**သူဟာ ရာဇဝင်များရဲ့လျှို့ဝှက်ချက်တို့သိမ်းဆည်းထား**
**ရောဝတီ**
**ရွှေအတိပြီးသော်မြို့ပြများ**
**အစဉ်အလာ ကြီးမားခဲ့ကြရာ**

the bookhouse



**ရာဇဝင်ဟောင်းရဲ့အမှတ်တရ**
**ဒီမြေဟာတို့ရဲ့အမိမြေ**
**ယဉ်ကျေးမှုရဲ့နှလုံးသား**
**ရှင်သန်စေသူ တန်ခိုးရှင်**
**အခမ်းနားဆုံးသောသက်ရှိကဗျာ**
**ရောဝတီ**


ရာဇဝင်များရဲ့ သတို့သမီးကို ဖန်တီးခဲ့သောထူးအိမ်သင်ကို ခင်ဗျားမေ့မေ့ပျောက်ပျောက်ပစ်နိုင်သလား။ ကွဲကြေကြေယ်သို့ ချစ်ခြင်းအားဖြင့် . . .။ ဤစာမျက်နှာတွင် သူ့ကို အမှတ်တရ ရှိရပြီ။

■

Bi Weekly ELEVEN
ဩဂုတ်-၁၉၊ ၂၀၁၀

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ဆက်ခဲ့ပါတယ် ၁၀ နှစ်ပြည့်ပြီ

**မောင်ကိုကို (အမရပူရ)**

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ တွင် ခင်ဝမ်းကွယ်လွန်ခြင်း ဆယ်နှစ်တင်းတင်းပြည့်ပြီ။

ဟိုတုန်းက FMI အပေါ်ထပ်သို့မာတ်လှေကားနှင့်တက်တက်ပြီး ခင်ဝမ်းပန်းချီကားကြီးတွေ ကြည့်သည်။ ၄၅ လမ်း အိုင်ဗိုဂယ်လာရီ အပေါ်ထပ်မှာ ကြွင်းကျန်နေသေးသော ခင်ဝမ်းပန်းချီကားတွေ ကြည့်သည်။ ၂၀၁၀ မှာတော့ မန္တလေးမြို့လယ် တစ်နေရာက **'ပိုမိုကောင်းသော နှစ်သစ်'** အမည်ရ ခင်ဝမ်း ပန်းချီကားတစ်ချပ်အား ကျွန်တော်ကြည့်နိုင်သေး၏။ ပန်းချီကား၏တန်ဖိုးမှာ ထို Artist ၏ ရှင်သန်နေထိုင်ပုံ အနုပညာဘဝနှင့်လည်းဆက်စပ်သေး၏။

၁၉၇၁၊ ဇန်နဝါရီလက ခင်ဝမ်း၏ 'စိတ္တဇပန်းချီ' စာအုပ်ထွက်ခဲ့သည်။ ခင်ဝမ်း ၂၄ နှစ်အရွယ် ခေတ်သစ်ပန်းချီ Modernism ဘက်က ရပ်တည်ရေးသားထားသောစာအုပ်။ ထိုစာအုပ်၏ အဖွင့် စာမျက်နှာတွင်

"ခေတ်သစ်ပန်းချီအား အထင်သေးမှု၊ ရှုတ်ချမှုနှင့် ငြင်းပယ်မှုများ အားလုံးကို ရည်ညွှန်းတယ်" ဟု ရည်ညွှန်းချက် ရေးထိုးထား၏။

ထိုခေတ်က မော်ဒန်ဘက်တော်သားများအတွက် ခင်ဝမ်း၏ စိတ္တဇပန်းချီ စာအုပ်ကလေးမှာ မြတ်နိုးတန်ဖိုးထားဖွယ် ကောင်းခဲ့သည်။ ယခုလည်း ရန်ကုန်၊ မန္တလေးစာအုပ်အဟောင်းဆိုင်များတွင် စိတ္တဇပန်းချီကို မိတ္တူအဖြစ် တွေ့တွေ့နေပါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



**"အနုပညာဖန်တီးမှုဟာ အာရုံခံစားဖို့ပဲ၊ ခံစားရုံပဲ ရှိတယ်၊ နားလည်စရာ မလိုဘူး။ နားလည်ချင်လည်း မရဘူး"**

ဟု ခင်ဝမ်းက ထိုစာအုပ်ထဲမှာပြောခဲ့သည်၊

ဟိုတစ်လောက ထွက်လာသော မြန်မာ့ခေတ်ပြိုင်အနုပညာ(၁)အမည်ရှိ တစ်သောင်းခွဲတန် မြန်မာပန်းချီစာအုပ်ကြီးထဲတွင် ခင်ဝမ်းပန်းချီကားများကို အထူးအလေးထား ဖော်ပြထားတာတွေ့ရ၏။ ခင်ဝမ်း၏ စိတ္တဇပန်းချီနှင့် ပတ်သက်၍လည်း...

**'နိုင်နိုင်မာမာ ပြတ်ပြတ် သားသား အခြေခံကျကျ မော်ဒန် ကို မိတ်ဆက်ပေးခဲ့တာ ခင်ဝမ်းရဲ့၁၉၇၁ခုနှစ်ထုတ်စိတ္တဇပန်းချီစာအုပ်ပဲဖြစ်ပါတယ်။ခင်ဝမ်းဟာသူ့အရင်ကထွက်ခဲ့သော အလှရှာပုံတော်စာအုပ်ထဲကမော်ဒန်အယူအဆအပေါ်ကျဉ်းမြောင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားတာကို ဝေဖန်ထောက်ပြခဲ့တယ်၊နောက်ပြီးမြန်မာ့ပန်းချီလမ်းကြောင်းထဲက အင်္ဂလိပ်အကဲဒမစ်ဝါဒရဲ့ လွှမ်းမိုးမှုကိုတိတိကျကျငြင်းပယ်လိုက်တယ်။ခင်ဝမ်းရဲ့'စိတ္တဇပန်းချီ' စာအုပ်ဟာမြန်မာ့မော်ဒန် လှုပ်ရှားမှုအတွက်အရေးကြီးတဲ့စာအုပ်တစ်အုပ်ဖြစ်ခဲ့တယ်။မြန်မာ့မော်ဒန်လူငယ်ပန်းချီဆရာ တွေရဲ့အားထားရာစာအုပ်တစ်အုပ်ဖြစ်ခဲ့တယ်'** ဟု ရေးသားပြုစုသူ အောင်မြင့်၊ အောင်မင်း တို့က သုံးသပ်ပြထား၏။

ခင်ဝမ်းကို ၁၉၄၇ ခုနှစ်တွင် ပြည်မြို့၌ မွေးဖွားသည်။ ဖခင်မှာ မြန်မာနိုင်ငံသို့ တာဝန်ဖြင့် ရောက်ရှိလာသော ဂျပန်အမျိုးသားကြီးတစ်ဦးဖြစ်သည်။ ထိုဂျပန်ကြီးသည် ခင်ဝမ်း၏ မိခင်ဖြစ်လာမည့် မြန်မာအမျိုးသမီးနှင့် အိမ်ထောင်ကျကာ ပြည်မြို့မှာပင် စက်မှုလုပ်ငန်းဖြင့် အသက်မွေးကာ နေထိုင် ရှင်သန်သွားခဲ့သည်။

ခင်ဝမ်းသည် ပြည်မြို့က ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ရင်း ဂစ်တာတီး၊ သီချင်းဆို၊ စန္ဒရားသင်၊ ပန်းချီဆွဲ၊ စာရေးကာ တက္ကသိုလ်ကျောင်းသားဘဝကို လွတ်လွတ် လပ်လပ် အနုပညာဆန်ဆန်ဖြတ်သန်းခဲ့၏။ သူ့ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်မှာ နေထိုင်ခဲ့သော တက္ကသိုလ် ကျောင်းသားပီပီသသ ဘဝကို သူ၏ **'ကောလိပ်နေ့ရက်များ'** သီချင်းတွင် ကျွန်တော်တို့ ခံစားနိုင်၏။ အပေါ်ဆုံးထပ်က အသည်းကွဲသမားဟာ ဆောင်းဦးပေါက်တေးသွားကို တီးခတ်လိုက် တော့...။

ခင်ဝမ်း၏ ပထမဆုံး တစ်ကိုယ်တော်ပြပွဲအမည်မှာ The Stranger ဟုသိရ၏။ ၁၉၇၃ ခုနှစ်မှာ သူ့ပန်းချီပြပွဲ အမည်က **မြားဘုရင်** ၁၉၇၉၊ ဖြိုပ်မဲ့ပန်းချီပြပွဲက မလာတနင်္ဂနွေ။

***'သူ့ပြခန်းထဲဝင်လိုက်မိသည်ဆိုလျှင်ပဲ ခဲနေကြသောဂီတသံများကို မျက်လုံးများဖြင့် ကြားလိုက်မိသည်'*** ဟု ပန်းချီဆရာပေါ်ဦးသက် က ခင်ဝမ်း၏ ဖြိုပ်မဲ့ပန်းချီပြပွဲကို **'ခဲနေကြသော ဂီတသံ'** ဟု ခံစားမှုဆောင်းပါးရေးသားခဲ့ဖူးသည်၊

မော်ဒန်ပန်းချီဆရာခင်ဝမ်း၏ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို ကိုယ်ပိုင်သံစဉ် သီချင်းများကို ၁၉၇၈ နောက်ပိုင်းကာလ၌ ကျွန်တော်တို့ကြားခွင့်ရခဲ့၏။

စိုင်းထီးဆိုင် သီချင်းတွေကို ကျွန်တော်တို့ရစ်မူးနေချိန်၊(မောင့်လပြည့်ဝန်းနာမည်ကြီး) စိုင်းထီးဆိုင်သီချင်းများနှင့် ပျော်ပါးအလွမ်းသင့်နေချိန်၊ စိုင်းထီးဆိုင်အသံက ခေတ္တပျောက်သွားရသည်။ အမှောင်၏ အခြားတစ်ဖက် သို့ ရောက်နေသည်၊ ထီးဆိုင်သီချင်းသံကို လွမ်းတနေချိန်မှာပင် အရသာ တစ်မျိုးလေးနှင့် ထူးထူးခြားခြားအာရုံကို ပေးနိုင်စွမ်းသော ခင်ဝမ်းသီချင်းသံကို ကျွန်တော် ကြား လိုက်ရသည်။

ခင်ဝမ်း၏ **'နှင်းဆီဖြူရဲ့အဝေးကလူတစ်ယောက်'** တေးစီးရီးထွက်လာ၏၊မန္တလေးမြို့ ၈၄ လမ်းနှင့် ၂၉ လမ်းထောင့်က အင်းဝအအေးဆိုင်သည် ခင်ဝမ်း၏ နှင်းဆီဖြူ ကို ကက်ဆက်ဒေါ်ကြီးနှင့် တစ်နေကုန်တစ်နေခန်း ထပ်ကျော့ထပ်ကျော့ ဖွင့်တော့သည်။

နှင်းဆီဖြူပြီးတော့ **ပြည်မှာဆောင်း၊အိပ်မက်၊ပန်းနုရောင်၊ ည၊ လိုတရအကြည်** သည့် စသည်...မြို့အသီးသီးမှ လူငယ်များကို ခင်ဝမ်း၏ သီချင်းတွေကရစ်သိုင်းထားလိုက်၏။

**"ဘဝစရောတာဝန်ကျေပြန်ဆောင်ရွက်ခဲ့သူတို့**
**ရေစုန်ကိုဆန်ကာပြန်ခဲ့ပြီ×××မိုးဦးကိုဆန်၊ မိုးဦးကိုဆန်**
**ဆယ်လ်မွန်ငါးတို့အပြန်**
**ဆယ်လ်မွန်ငါးတို့အပြန်**
**အပြန်အပြန်**
**ဆယ်လ်မွန်ငါးတို့အပြန်**

the bookhouse
the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထို 'ဆယ်လ်မွန်ငါးတို့အပြန်' သံစဉ်စာသားလေးကို ကျွန်တော်တို့မှတ်မိနေကြသည်။

**"ချစ်ဖော်လည်းလိုက်ခဲ့ခေါ်ငင်စေ×××ဝင့်ကြွေးလည်း တုံ့လှည့်ကျွေးနှပ်စေ**
**ဦးဆောင်သူစေရာ ယုံကြည်စွာလိုက်ခဲ့မယ်တဲ့×××မောင်မယ်စုံ ဆန်ကာပြန်ခဲ့ပြီ**

မိတ်ဆွေတို့သည်လည်း ဆယ်လ်မွန်ငါးတွေလို အဝေးရောက် တာဝန်ကိုယုံကြည်စွာ ဆောင်ရွက်နေသူများဟု ကျွန်တော်တွေးမိပါသည်။

ဂျပန်အမျိုးသားကြီး **ယောရှိအိုတာ** နှင့် ခိုင်မြန်မာအမျိုးသမီးကြီးမှ မွေးဖွားခဲ့သော ဂျပန်သွေးနှောသည့် ခင်ဝမ်းသည် ပြည်မြို့မှာပင် **မခင်လေးမြင့်** နှင့် အိမ်ထောင်ကျသည်။ သမီးများ မွေးဖွားခဲ့သည်။ ပန်းချီဆွဲ ဂစ်တာတီး သီချင်းရေးစပ်ရင်း စီးပွားရေးလုပ်ငန်းဖြင့် ရန်ကုန်ရောက်စဉ် မြောက်ကုန်းတည်းခိုခန်းမှာ ဟာညီခဲ့သည်ဟု ခင်ဝမ်းအင်တာဗျူးတစ်ခုမှာ ဖတ်ဖူးသည်။ ခင်လေးမြင့် နှင့် သမီးလေးယောက်၏ အဝေးမှာ အဝေးရောက်တာဝန်ဖြစ်သော အနုပညာကိုသာ ဇောက်ချလုပ်နေခဲ့သော်လည်း ဇနီးနှင့်သမီးများက ငြိုငြင်ခြင်းမရှိဟု သိရသည်။

မိုးချုပ်ချုပ်ဖွင့်သော ညကာဖေးဆိုင်လေးများသည် ခင်ဝမ်းသီချင်းများနှင့် အရမ်းလိုက်ဖက်သည်။ ညကာဖေး ဆိုင်လေးတွေကတော့ မိုးချုပ်လေ ညဉ့်နက်လေ ခင်ဝမ်းသီချင်းတွေဖွင့်လေ။

ခင်ဝမ်း၏ နှုတ်ဆက်ခဲ့ပါတယ် သီချင်းလေးဖွင့်လျှင်တော့ ကျွန်တော်တို့ပြန်ရတော့မယ်၊ ညကာဖေးဆိုင်လေး ပိတ်တော့မယ်ဆိုတာ ကျွန်တော်တို့သိလိုက်ပြီ။

**နှုတ်ဆက်ခဲ့ပါတယ်×××**
**ကျွန်တော်သွားတော့မယ်**
**လမ်းရဲ့သယ်ဆောင်ရာ×××**
**ဟိုအဝေးကို×××အဝေးကို**
**လွမ်းတတ်ရင်လည်း လမ်းမှာပဲလွမ်းတော့မယ်**
**လေထန်ရင်လည်း လေဆန်ကိုလျှောက်မယ်**
**နေပူမှာခြေပူခံမယ်×××**

**ငိုကြွေးခြင်းကို စွန့်လွှတ်ခဲ့ပြီ**
**အားလုံးအဆင်ပြေသွားမှာပါ×××**
**ကံကြီးရင်ပြန်ဆုံကြဦးမယ်**
**ပျော်ရွှင်ပါစေလို့ဆုတောင်းပါတယ်×××**
**ကျွန်တော်သွားတော့မယ်**
**အားလုံးကိုခွဲထားရစ်ခဲ့ပြီ×××**
**အရာရာကိုစွန့်လွှတ်ထားခဲ့ပြီ**

သီချင်းတွေဆိုပြီး နာမည်ကြီးနေသော ခင်ဝမ်းသည် ၁၉၉၇ ခုနှစ် မှာ အိုင်ဗွိုက်လ်လာနီဂျာ Metallurygy ပန်းချီပြပွဲလုပ်သည်။ ထို့နောက် FMI ရုံးခန်းနံရံအတွက် ပန်းချီကားကြီးရေးပြီး လက်ခံရေးဆွဲပေးသည်။ အခန်းတံခါးပိတ်၍ စည်းသည် အတွေ့အခံဘဲ မှတ်ဆေးစုင့်ရေးသည်။ ထို မှတ်ဆေးများကြောင့် ခင်ဝမ်းအဆုတ် ထိသွားသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃ မှာ ခင်ဝမ်းဆုံးသည်။ သူမဆုံးမီတစ်ရက်က ရန်ကုန်မြို့ ၄၅လမ်းကသူ့တိုက်ခန်းတံခါးဝမှာ **'သမီးလေး၁၅နေ့အဖေအဖျားကျသွားပြီးအဖေဆေးရုံသွားဦးမယ်'** ဟုစာတစ်စောင်ရေးပြီးကပ်ထားတော့ သူ့မိတ်ဆွေပန်းချီဆရာတင်ဦးကတွေ့ခဲ့ရသေး၏။ ၂၀၁၀ ပြည့်မှာတော့ ခင်ဝမ်းကွယ်လွန်တာ ဆယ်နှစ်ပြည့်ပြီ၊ နှုတ်ဆက်ခဲ့ပါတယ်။

ဆယ်နှစ်ပြည့်ပြီ။

■

Bi Weekly ELEVEN

ဇန်နဝါရီ ၂၉၊ ၂၀၁၀

bookhouse

www.burmeseclassic.com

bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မုန်းသူမရှိ၊ ချစ်သူသာရှိ ၉၁

မောင်ကိုကို (အမရပူရ)

(၁)

ကဗျာဆရာ၊ စာရေးဆရာ ဒဂုန်တာရာ၏ အသက် ၉၁ နှစ်ပြည့်မွေးနေ့ပွဲကို ရှမ်းပြည်နယ် အောင်ပန်းမြို့ရှိ အတူနေ တူမဖြစ်သူ ဆရာမသင်းမြစန္ဒီ ၏ နေအိမ်ပေါ်တွင် မေ၊ ၉၊ ၂၀၁၀ က ကျင်းပသည်။

အသက် ၉၁ နှစ်တိုင်အောင် ဤကမ္ဘာမြေပေါ် ဝယ် ကံကောင်းစွာ ကျန်းမာအသက်ရှင်နိုင်သော စာပေအနုပညာရှင် ဒဂုန်တာရာကို ကျွန်တော်သည် ရှမ်းပြည်နယ်အထိ သွားရောက်ပြီး ဂါရဝပြုပါသည်။ အသက်ရှင်သန်ဆဲအချိန်မှာ တွေ့ဆုံရတာ တကယ်အရသာရှိသည်။ အမိပ္ပာယ်လည်းပြည့်ဝ၏။

ဒဂုန်တာရာ၏ မွေးနေ့ပွဲကိုကျင်းပရာ အောင်ပန်းမြို့ နေအိမ်အပေါ်ထပ်သို့ ဒဂုန်တာရာသည် တက်မလာနိုင်ပါ။ အနယ်နယ်အရပ်ရပ်မှ ဒဂုန်တာရာကို ချစ်ခင်လေးစားသူများက မိမိမွေးနေ့မှာ မိမိအိမ်သို့ ခက်ခက်ခဲခဲ ရောက်ရှိလာကြ၍ ကဗျာဆရာကြီးသည် ရင်ခုန်နေ၏။ အောက်ထပ်ရှိ သက်သောင့်သက်သာ ကုလားထိုင်တစ်လုံးပေါ်မှာ လှဲမှီလျက် အပေါ်ထပ်က မွေးနေ့ပွဲအသံတွေကို နားထောင်နေ၏။ ရင်ခုန်သံ ကဗျာဆရာသည် ရင်တထိတ်ထိတ်ခုန်နေ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အိမ်အပေါ်ထပ်မှာ စာပေသမားများနှင့် စာပေမြတ်နိုးသူများဖြင့် ပြည့်ကျပ်နေပါသည်။ အပေါ်ထပ်သို့ ဒဂုန်တာရာ တက်မလာနိုင်သော်လည်း ၉၁ နှစ်ပြည့်မွေးနေ့ပွဲအတွက် မန္တလေးမှ ပန်းပုဆရာစုံးမြင့်သိန်းပေးပို့လိုက်သော ဒဂုန်တာရာပုံတူ ကြေးသွန်းရုပ်တုရောက်ရှိနေသည်။ မန္တလေးမှ ပန်းချီလွင်သိန်း ပေးပို့လိုက်သော ဒဂုန်တာရာပုံတူရေဆေးပန်းချီကားကြီး ရောက်ရှိနေသည်။

မန္တလေးမြို့ ယဉ်ကျေးမှုတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား အောင်ကျော်ဟိန်းပေးပို့လိုက်သော ဒဂုန်တာရာ ပုံတူကောက်ကြောင်းရေဆေးပန်းချီကားရောက်ရှိနေသည်။ ကိုထိန်လင်း၏ဒဂုန်တာရာပုံတူပန်းချီကား မှာ ဓာတ်ပုံအဖြစ်ရောက်ရှိလာသည်။ ကဗျာဆရာကိုထက် ပေးပို့သော မွေးနေ့ကိတ်အကြီးကြီးပေါ်မှာ ငြိမ်းချမ်းရေးချိုးငှက်ကလေး။

(၂)

ဒဂုန်တာရာ၏ ၉၁ နှစ်ပြည့်မွေးနေ့တွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူမှာ မုံရွာမြို့သား ကဗျာဆရာကြီး ဦးအုံးမောင်ဖြစ်သည်။

မန္တလေးမြို့မှ ကဗျာဆရာတွေက ဒဂုန်တာရာ၏(မင်္ဂလာဇင်းမှာဖော်ပြပြီး)ကဗျာတစ်ပုဒ်ကို စိတ်ဓာတ်တက်ကြွစွာရွတ်ဖတ်သည်။ နေပြည်တော် ပျဉ်းမနားမြို့မှ ကဗျာဆရာကလည်း ဒဂုန်တာရာ၏ (မင်္ဂလာဇင်းမှာဖော်ပြပြီး) ကဗျာရှည်ကြီးတစ်ပုဒ်ကို တည်ငြိမ်အေးဆေးစွာရွတ်ဖတ်သည်။

ဒဂုန်တာရာကို ၁၉၁၉၊ မေလ ၁၀ ရက်၊ စနေနေ့က ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ထိုင်ကူမြစ်တန်းကျေးရွာ၌မွေးဖွားခဲ့သည်။ **မုံးယစ်ဝေသောနွေဦးညများ** မှာဘာသာပြန်ဝတ္ထုတိုများဖြစ်၏။ **ဒဂုန်တာရာ၏ဒဂုန်တာရာ၊မေဝတ္ထု၊အလင်္ကာကဗျာစာအုပ်၊ ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ်၊ဒဂုန်တာရာကဗျာပေါင်းချုပ်၊စာပေသဘောတရား၊စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု၊လုပုဂ္ဂိုလ်တို့အကြောင်းခြယ်မှုန်းထားသောရုပ်ပုံလွှာ** စသော စာအုပ်များကို ထုတ်ဝေခဲ့ဖူးသည်။ **'တို့ခေတ်ကိုတော့ရောက်ရမည်မလွဲပါ'** အခန်းဆက်ဝတ္ထုရှည်ကို ရှုမဝမဂ္ဂဇင်းတွင် လစဉ်ဖော်ပြခဲ့ဖူးသည်။ ဒဂုန်တာရာ၏စာအုပ်များထဲတွင် 'ရုပ်ပုံလွှာ' စာအုပ်မှာအထူးထင်ရှားခဲ့သည်။

၁၉၆၃ခုနှစ်က ပုဂံစာအုပ်တိုက်မှပေါ်ဦးသက်၏ မျက်နှာဖုံးပန်းချီဖြင့် ဒဂုန်တာရာ၏ ရုပ်ပုံလွှာကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့ဖူးသည်။ အနုရောင်နောက်ခံများ၊ အပြာရောင်၊ အနက်ရောင်ဖောက်ထားသည့် ရုပ်ပုံလွှာ စာအုပ်ကလေးဖြစ်သည်။

ထိုအထဲတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဒဂုန်တာရာခြယ်မှုန်းရာ**အောင်ဆန်း(သို့မဟုတ်)အရိုင်း** ဟု အမည်ပေးထားသည်။ ဒဂုန်တာရာ၏ အောင်ဆန်း(သို့မဟုတ်)အရိုင်းမှ ရဲရဲစုတ်ချက်များကို ကျွန်တော်သတိရနေသည်။

> တစ်ခါက နေကုန်ကိုရုပ်ကွိုသိမ်းပိုက်စအချိန်ထိကိုရိုးသရိုင်သားရှိ အိမ်တစ်အိမ်တွင်သခင်မြနှင့် ရဲဘော်များနေထိုင်လျက်ရှိကြသည်။ ညနေခင်းရှိ စန္ဒရားတွင် ကျွန်တော်ကထိုင်ကာတီးနေ၏။ ဘေးမှသခင်စံဝေနှင့်တက္ကသိုလ်ကျောင်းသားအချို့ကဝိုင်း၍ သီချင်းလိုက်လျက်ရှိ၏။ ဟိုအိုင်အေသမားများမှာ ဂီတ အင်မတန်ဝါသနာပါ၍ သီချင်းသံကို တောင့်တသဖြင့် အတင်းဝင်ဆိုနိုင်၏။
>
> ချစ်ခင်မှာလား×××ကြင်မှာလား×××ခင်ခင်ရယ်×××ချစ်သဲနွယ်×××
> အဟုတ်ကိုချစ်တော့မယ်×××ခင်ရယ်×××ကြင်မယ်×××
>
> ဝိုင်း၍ဆိုနေကြရာမှ သည်နေရာသို့ရောက်သောအခါ ကိုအောင်ဆန်း သည် ဂေါက်ဂေါက်ဂေါက်ဂေါက်နှင့် တစ်ဘက်မှ လျှောက်လာကာ စန္ဒရားအပေါ်တွင် လက်ထောက်လျက်...
>
> **"ဟေ့ ရုပ်ကြ။ ခုလိုအခါမျိုးမှာ ရဲစိတ်ရဲမာန်တက်စေမယ့် ရဲတင်းသံကို သာဆိုရမယ်ဗျ။ ဒီ ချစ်မယ်၊ ကြင်မယ် သီချင်းမျိုးက မဟာန်ဘူး"**
>
> ရုတ်တရက်ကြောင်၍ ကျွန်တော် စန္ဒရားကို ခေတ္တ ရပ်လိုက်၏။ သူသည် သူပြောချင်တာပြောပြီးထွက်သွားလေသည်။ ကျွန်တော်တို့လည်း ဆက်လက် သီဆိုကာ ကျန်ရစ်ခဲ့ကြသည်။ သူကသည်လို လူစားမျိုး...

ဒဂုန်တာရာ၏ **ရုပ်ပုံလွှာ** စာအုပ်ထဲတွင်ထိုသို့ဖော်ပြဖူး၏။ ဗိုလ်ချုပ်အောင်ဆန်း သည် နိုင်ငံရေးတစ်ခုတည်းကိုသာယုံကြည်ချက်နှင့်လုပ်သော နိုင်ငံရေးသတ္တဝါတစ်ဦး ဟု ဒဂုန်တာရာက မှတ်ချက်ချဖူး၏။ ဗိုလ်ချုပ်အောင်ဆန်းသည် အလွန်ရိုးသားသည်ဟုလည်း ပြောခဲ့၏။

ဒဂုန်တာရာသည် ရုပ်ပုံလွှာစာအုပ်ထဲတွင် **သခင်ကိုယ်တော်မှိုင်း** (သို့မဟုတ်)**ငြိမ်းချမ်းရေး**

bookhouse
bookhouse
www.burmeseclassic.com

www.burmeseclassic.com

ဗိသုကာ၊ ဘဟိန်း(သို့မဟုတ်) ကဗျာ၊ သခင်နု (သို့မဟုတ်) မုန်တိုင်းထဲကသစ်ရွက်တစ်ရွက်၊ ကိုဘဆွေ၏ လျှို့ဝှက်သောအပြုံး၊ သိန်းဖေမြင့်(သို့မဟုတ်) အနီခေတ်၊ ညိုမြ (သို့မဟုတ်) မတုန်မလှုပ်၊ ဗန်းမော်တင်အောင် (သို့မဟုတ်) နရသိမ်ထောင်မှအကျဉ်းသား၊ ဂျာနယ်ကျော် မမလေး(မေတ္တာ၏ပန်းပွင့်) စသည်ဖြင့် ထင်ရှားသူတို့၏ ရုပ်ပုံလွှာကို ဖြယ်မှုန်းခဲ့၏။

ခေတ်ကို...လူ့ဗဟုသုတကို...အနုပညာကို...အားကောင်းစွာရုပ်လုံး အားကောင်းစွာ ပုံဖော်ထုတ်ခဲ့သောဒဂုန်တာရာသည် ၂၀၁၀ တွင် အောင်ဆန်းမြို့၌ ၉၁ နှစ်ပြည့်ပြီး သူ၏ ကုသိုလ်ကံသည် သူ့ကိုလန်းဆန်းစေ၏။

(၃)

အသက် ၉၁ နှစ်ပြည့် ဒဂုန်တာရာသည် မွေးနေ့ပွဲကျင်းပရာအိမ်အပေါ်ထပ်သို့ လူကိုယ်တိုင် တက်မလာနိုင်သော်လည်း ပြောချင်သောစကားလုံးကို ကက်ဆက်ထဲတွင် အသံသွင်းပြီးထင်ဟပ်လိုက်၏။

"မိတ်ဆွေများ။ငြိမ်းချမ်းရေးမြတ်နိုးသူများခင်ဗျာ...ကျွန်တော့်မှာ ငြိမ်းချမ်းရေးက လွဲရင် ပြောစရာမရှိဘူး။ ငြိမ်းချမ်းရေးမရှိဘဲ ဘာမှလုပ်လို့မရဘူး။ သမိုင်းခေတ်တို့ကိုခံစားရင်၊...ရန်သူမရှိ၊ *မိတ်ဆွေသာရှိ...မုန်းသူမရှိ...ချစ်သူသာရှိ...နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကိုမိတ်ဆွေအဖြစ် ပြောင်းလဲလာအောင် လုပ်တာပဲ။ တစ်ဘက်က ရန်သူလိုသဘောထားပေမဲ့ ကိုယ်က သူ့ကို ရန်သူလို့ သဘောမထားဘဲ မိတ်ဆွေလိုသဘောထားရင် ငြိမ်းချမ်းရေးရလာမယ်။* လူတွေ ငြိမ်းချမ်းရေး အားကောင်းလာပါစေ...ငြိမ်းချမ်းရေးအခွန့်ရှည်ပါစေ...လွတ်လပ်ရေး အားကောင်းလာပါစေ"

ကျွန်တော်တို့သည် အောက်ထပ်သို့ဆင်းသွားပြီး ငြိမ်းချမ်းအေးမြသော ဒဂုန်တာရာကို ဂါရဝပြုသည်။ မွေးနေ့ ကိတ်ကို ငြိမ်းချမ်းရေးဓားဖြင့် လှီးဖြတ်၏၊ ကဗျာဆရာအသက်ရှည်ပါစေ။ ကဗျာဆရာများ အသက်ရှည်ပါစေ။

■


Bi Weekly ELEVEN

၆-၂-၂၀၁၀

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မောင်ချောနွယ်သို့ သတိရခြင်း (၁၀)

မောင်ကိုကို (အမရပူရ)

(၁)

စက်တင်ဘာနီးပြီ…စက်တင်ဘာရောက်ပြီဆိုလျှင် မောင်ချောနွယ်ကို ချစ်သူများထံမှ ဖွဲ့ဆိုသံတွေ ကြားရတော့မည်။ **မောင်ချောနွယ်**ကို မန္တလေးပန်တျာကျောင်းက ပန်းချီ**တကိုးမျိုး** ၏ အခန်းထဲတွင်စတင်မြင်ဖူးသည်။(ခုတင်အောက်မှာ ပုလင်းတစ်လုံးဝှက်လို့)သူ့နံဘေးမှာ **ပိုင်သ** ရှိသည်။

(၂)

မောင်ချောနွယ်သည် တာဘိုအင်ဂျင်သူရဲကောင်းကြီး ဖြစ်သည်။ မည်သည့်ဆုတံဆိပ်မှ မမျှော်မှန်း၊ မည်သည့် ဆုတံဆိပ်မှ မရခဲ့သော သူရဲကောင်းကြီးဖြစ်သည်။

(၃)

မောင်ချောနွယ်၏ ကဗျာကို စီးပွားရေးတက္ကသိုလ် ပရိဝုဏ်ထဲမှာ စတင်ဖတ်ဖူးသည်။ **'သစ်ရွက်အသေများပေါ်မှ ရက်စက်သောဂီတ'** ကဗျာစာအုပ်လေးထဲမှာဖြစ်သည်။**'အခွန်တော်မှ**

www.burmeseclassic.com
the bookhouse

www.burmeseclassic.com


**ရာသီဥတု**'ကဗျာကိုတော့ပွတ်လုံးချောလက်ရေးနှင့်မြောက်ဥက္ကလာပ(ဈ)ရပ်ကွက်အနီး လက်ဖက်ရည်ဆိုင်မှာ **သစ္စာခံနီ** ကပြ၍ ဖတ်ခွင့်ရသည်။

ထိုအချိန်ကတော့ ဆန်းသစ် အသွေးအသား၊ ဆန်းသစ်အတွေးအခေါ်ကဗျာတွေကို မဂ္ဂဇင်းစာမျက်နှာပေါ်မှာ မတွေ့ရသေးပါ။ အယ်ဒီတာများက မော်ဒန်ဖြစ်လျှင်မတင်ရဲပါ။ မော်ဒန်လိုလားသော အယ်ဒီတာကပင်လျှင် မော်ဒန်ဆိုလျှင် စာမျက်နှာပေါ်တင်ပေးရန် အခက်အခဲကြုံရတတ်၏။ စာဖတ်သူမကြိုက်မှာကို အယ်ဒီတာက စိုးရိမ်သည်။

(၄)

မောင်ချောနွယ်ကို ရတနာ့ဂူပွဲတော်တွင်းမှာ သူချစ်သော**မမြင့်**ကိုလက်တွဲလျက်ဆုံရပြန်သည်။ နောက်နှစ်ရတနာ့ဂူပွဲတော်မှာတော့ မောင်ချောနွယ်နှင့်အတူတူဇာတ်တီးဝိုင်းထဲမှနေ၍ **မန္တလေးသိန်းဇော်** ဇာတ်ကိုကြည့်ဖြစ်သည်။

မောင်ချောနွယ်က **'တစ်လောကလုံး သူ့လုပ်စာထိုင်စားနေတယ်'**ဟုဆိုသည်။အနုပညာကို မချစ်သောသူတို့က မောင်ချောနွယ် ကိုမသိကြ။ ကျွန်တော်တို့ကတော့သူ့အနုပညာကို အရသာရှိရှိ စားသုံးခဲ့ဖူးသည်။ စားသုံးဆဲဖြစ်သည်။

(၅)

မော့်သားလေးတွေ လင်းလင်းကျင်းကျင်းဖိတ်လျှံတဲ့ ဒီအရပ်မှာ
ခုတ်သားတုံးကြီးတစ်တုံးက ရွာအဖြစ် အသက်ရှင်နေတဲ့ ဒီအရပ်မှာ . .
**'ဆတ်သွား'** ကဗျာကို ဖတ်ရတော့ ကြက်သီးထရသည်။

(၆)

စီးပွားရေးမဂ္ဂဇင်း တစ်စောင်အတွက် ပြည်မြို့အကြောင်း Cover Story ရေးဖို့ ဓာတ်ပုံဆရာနှင့်ကျွန်တော်...ပြည်မှာ၁ရက်တိတိနေထိုင်ခဲ့သည်။ ထိုအချိန်ကတော့ နာမည်ကျော် စီးပွားရေး






မဂ္ဂဇင်းမှာလည်း ကျွန်တော်က လစဉ် Cover Story သို့မဟုတ် အထူးဆောင်းပါးတွေ ရေးနေရချိန်၊ မဟေသီမှာ 'ဘော်ဒါဆောင်' 'ရိုလာကိုစတာ'၊ 'ကျွန်တော်၏ ဇမမေ' တို့ဖြင့် ကျွန်တော့်ဝတ္ထုတို့တွေ လုပနေချိန်မို့ ကျွန်တော်ကလည်း စတိုင်ဘောင်းဘီနှင့် စပို့ရှပ်နှင့် ခပ်ကောင်းကောင်း။

ကိုချောနွယ်နှင့် ပြည်မြို့လယ်မှာ ဆုံသည်။

*'ဟာ...ကိုယ့်သူငယ်ချင်းလေး မောင်ကိုကို...ကိုယ်တို့မြို့ကိုရောက်နေတာ မနက်ကလက်ဖက်ရည်ဆိုင်မှာကိုယ်သတင်းကြားပြီးသားပါ။မောင်ရင့်ကိုထမင်းကျွေးမယ်လို့ မမြင့်ကို ကိုယ် ပြောထားတာ။ ကနေ့ကွာ...အောပစ်လိုက်တာ ကွဲရောကွ'*

'ဟာဗျာ ကိုချောနွယ်ကလည်း ဟောဒီမှာ မြန်မာငွေတစ်ရာကျပ်'

*'ဒါဆိုရပြီကွ၊ လုံလောက်ပြီ'*

'ညမှာတော့ပြည်မြို့ညရှုခင်းကြည့်ရအောင်ကွာ...မောင်ရင့်ကို ကိုယ် လိုက်ပြမယ်' ဆိုပြီးကိုချော ရောက်လာပြန်သည်။

နောက်တစ်ရက်မှာ ဧရာဝတီမြစ်ဘေး က တာရိုး ပေါ်မှာ သူ့ဘော်ဒါ ရဲ့ ဆိုက်ကားပေါ် ကားရားကြီး ခွထိုင်လျက် ထိုင်နေ၏။

'ကိုချောနွယ် ... **'ပြည်'** ကဗျာလေးကို ဘယ်လို့ဖြစ်တာလဲ'

*'အဲဒီတုန်းက အနောက်ဘက်ကမ်းမှာ ဘုရားပွဲရှိတယ်။ ကိုယ်ရယ်၊ ကိုယ့် မိန်းမရယ် ဘုရားပွဲမှာ ပွဲကြည့်ပြီး လှေကလေးနဲ့ဧရာဝတီမြစ်ကိုဖြတ်ပြီးပြန်လာကြတော့မင်းကြီးတောင်ပေါ်မှာ လျှပ်စစ်မီးတွေဝင်းလက်နေတယ်။ ပြည်မြို့ကလည်း လျှပ်စစ်မီးရောင်တွေနဲ့ကွ...အဲဒါကြောင့် နှစ်ထပ်သဘော မြို့ကလေးလို့ကိုယ်ကတင်စားခဲ့တာ'*...ဟု သူကပြောသည်။

(၇)

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ ဗိုလ်ချုပ်လမ်းနှင့် ၂၈ လမ်းထောင့်မှာ ကိုချောနွယ်နှင့်ဆုံသည်။ ကိုချောသည် လူတွေကိုအလိုက်အထိုက်အဆင်ပြေအောင် ပျော့ပျောင်းစွာဆက်ဆံတတ်၏။ သူ့ရင်ထဲက ကဗျာက ခိုင်မာ၏။

*'မောင်ကိုကို ရက်စက်တယ်ကွာ... ပြည်မှာကိုယ့်ကိုအရက်ကလေးနှစ်လုံးလောက်တိုက်ပြီး*


www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးမဂ္ဂဇင်းရဲ့ ရှုခင်းစဉ်မှာကိုယ့်အကြောင်း...မောင်ရှင်က...ရေးသားလိုက်တာကွာ'

'ဟာ...ကိုချောနွယ်ကလည်းစီးပွားရေးမဂ္ဂဇင်းဆိုတာလူအများကြီးဖတ်တာဗျ။လူကြိုက်နည်းတဲ့မောင်ချောနွယ်ကိုလူတွေအများကြီးကသိအောင်ကျွန်တော်လုပ်လိုက်တာ။

ဒီလိုမဂ္ဂဇင်းပေါ်မှာ မောင်ချောနွယ်ကို တင်ရေးနိုင်တာ ကျွန်တော်တစ်ယောက်ပဲရှိတယ်မဟုတ်လား'

ကိုချောနွယ်က ဟက်ဟက်ပက်ပက် ရယ်မောသည်။ အလွန်ကြည်စင်သည့်လွတ်လပ်သော...

'ဟားဟား...ဒီကောင်တို့မြို့ ကိုယ်လာတုန်းကလည်းကိုစီးနင်းမရသဲ့တိုမြို့က လုပ်ငန်းရှင်တွေနဲ့ကားပေါ်မှာ...ဦးနေ ဦးနေနဲ့ပဲ။ အခု ရန်ကုန်ရောက်တော့ နည်းနည်းပါးပါး လုပ်လိုက်ပါပြီကွာ'

'ရပါတယ် ကိုချောနွယ်ရ'

ကိုချောနွယ်ရေ...ခင်ဗျားနဲ့ တွေ့ချိန်တွေမှာ ကျွန်တော် ပါးစပ်က ထောင်ထောင် ထောင်ထောင်တွေ မပြောတတ်ပါဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံအင်တာဗျူးတွေလုပ်နေပေမဲ့ ပြည်မြို့ရောက်ရင် ကဗျာဆရာမောင်ချောနွယ်နဲ့တွေ့မှ အဓိပ္ပာယ်ရှိတာ အရသာရှိတာ ကျွန်တော်သိတာပေါ့ဗျာ။

အရသာရှိရှိလည်းတွေ့ခဲ့ကြပါတယ်။ နောက်ဆုံးကြ ချစ်တာမောင်ချောနွယ်ပါ။

ကိုချောနွယ်...နေမကောင်းချိန်မှာကျွန်တော်ပြည်မြို့ရောက်စဉ် ကိုချောနွယ်အိမ်ကိုရှာပြီး အရောက်လာခဲ့တယ်။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်အတူတူသောက်ခဲ့ကြတယ်။ အားပေးမိတယ်။

ပြည်

**လဝန်းထဲ**

**ပွဲကြည့်လှေကလေးလှော်ခတ်ဝင်သွား**

**ထမ်းရွေးမှာသူ မြစ်**

**နှစ်ထပ်သချော် မြို့ကလေးပေါ် နားခဲ့ပေါ့။**

ပြည်မြို့ကို ကျွန်တော်ချစ်ခဲ့တာဟာ ကိုချောနွယ်တို့...ကိုခင်ဝမ်းတို့ရဲ့ မြို့ဖြစ်လို့ပါ။

the bookhouse



ကျွန်တော်ဟာ မဖြစ်စလောက်ကလေးသာ ကိုချောနွယ်ကို ကျေးဇူးဆပ်နိုင်သူပါ။ ကိုချောနွယ်ကသာ ကျေးဇူးကကြီးလှတယ်။

(၈)

**အယူမှန်သူအတွက် အယူခံမလိုသူမှာ မောင်ချောနွယ် ဖြစ်သည်။** ထောင့်ချိုးများ လင်းဖို့ ဆုတောင်းရင်း မျဉ်းဖြောင့်တစ်ကြောင်းလိုနေထိုင်တာ ကမ္ဘာကြီးအတွက် ညတိုင်းသီချင်းတွေ ဆိုခဲ့သူမှာ မောင်ချောနွယ် ဖြစ်သည်။

(၉)

**'မမြင့်၏ကျောင်းကလေး'**မှာ မောင်ချောနွယ်ဖြစ်သည်။**'မစ္စတာချာလီကိုဆွတ်လိုက်သူ'**မှာမောင်ချောနွယ်ဖြစ်သည်။**'အနိုင်ခြွေသစ်ပင်'**မှာ မောင်ချောနွယ်ဖြစ်သည်။ **'တောအရက်ဆိုင်ဟန်ဆောင်နေသောဆီးပင်လေး'** မှာ မောင်ချောနွယ်ဖြစ်သည်။ ကမ္ဘာကြီးကို နားစွင့်သားသူမှာ မောင်ချောနွယ်ဖြစ်သည်။ **'ပြည်'**သည်မောင်ချောနွယ်ဖြစ်သည်။ **'အိမ်'**သည် မောင်ချောနွယ်ဖြစ်သည်။ **'ငါနေကောင်းသွားပြီ ပန်းကလေးရေ'** သည် မောင်ချောနွယ်ဖြစ်သည်။

(၁၀)

မောင်ချောနွယ်သည် စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးတစ်ဦးမဟုတ်ပါ။ နိုင်ငံရေးသမားတစ်ဦးလည်း မဟုတ်ပါ။ မောင်ချောနွယ် သည် ကဗျာဆရာဖြစ်သည်။ ဤကမ္ဘာမြေကို အကြီးကျယ်ဆုံး အခမ်းနားဆုံး လုပ်ကျွေးပေးဆပ်ခဲ့သောကဗျာဆရာဖြစ်သည်။ ကျွန်တော်တို့သူ့လုပ်စာကို တစ်သက်လုံး ထိုင်စားခဲ့ကြ၏။


■

ပေါ်ပြူလာဂျာနယ်
ဩဂုတ် ၂၄၊ ၂၀၁၀

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝသုန်ကောက်ကြောင်း

မောင်ကိုကို (အမရပူရ)

(၁)

ပန်းချီဆရာ၏ နေအိမ်။

ရှေ့မှာ ကြေးဆည်းလည်းလေး တွဲလောင်းဆွဲထား၏။ အိမ်၏ ကျောက်တုံးနံရံပေါ်မှာ ဘီလူးရုပ် တစ်ရုပ်ကို ထုဆစ်ထား၏။ ဘီလူးခေါင်းမှာ ခရုပုတီးလေးတစ်ကုံး ဆွဲပေးထား၏။

ကြေးဆည်းလည်းလေး အနီးမှာ နီညိုရောင် ဂမုန်းပင်လေးတစ်ပင်…မိုးရေ ဝအောင် သောက်ထားသည်။ သစ်ရွက်ကလေးတွေ စိုရွှန်းတောက်ပ။

*အိမ်အောက်ထပ် ရှေ့ခန်း… အလင်းလုံလောက်။*

*ပန်းချီဆရာသည် ပန်းချီကားတစ်ကားကို ရေးနေသည်။*

*သူ့မျက်လုံးထဲက စိတ်ထက်သန်မှုသည် စူးရဲလို့။*

*သူ၏ ကမ္ဘာသည် ပန်းချီကားထဲမှာ။*

ပန်းချီကို ဘဝနှင့်တည်ဆောက်ပြီ၊ ဘဝကို ပန်းချီနှင့်တည်ဆောက်။ ပန်းချီဝသုန်။

*"ကိုယ့်နာမည်ရင်းက…**ခင်လှ**…ကိုယ်က တနင်္လာသား ဆိုတော့ ဗေဒင်ကိန်းခန်း အရပေးခဲ့တဲ့နာမည်ပေါ့။ကိုယ်ငယ်ငယ်ကတည်းက စာရေးချင်ခဲ့တော့မြေကြီးရဲ့ အဓိပ္ပာယ်ကို ကိုယ် ကြိုက်တယ်။ မြေကြီးဆိုတာ ပါဠိလိုတော့…. **ဝသုန်** ပေါ့။*

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

*ဝသုန် နာမည်နဲ့ ကိုယ်စာရေးမယ်စိတ်ကူးနေခဲ့တယ်။ ပန်းချီရေးတော့ဝသုန်ကိုပဲ ယူဖြစ်တယ်။ဘယ်လောက်ချမ်းသာတဲ့လူပဲဖြစ်ဖြစ် သေရင်ပြာမှုန့်(ဒါမှမဟုတ်) အလောင်းအဖြစ် မြေကြီးဆီရောက်ရတာပဲ မဟုတ်လား"*

မြေကြီးလို ကျင့်ကြံသော ပန်းချီဆရာ။

မြေကြီးကို ကိုယ့်အမှတ်တံဆိပ်မှာ ဓွဲမြဲစေလို့။

(၂)

အနက်ရောင် ကြောင်လေးတစ်ကောင်။

ဖင်ကထောင် ခေါင်းကို အောက်စိုက်...ဇောက်ထိုး။

ကြောင်ကလေးက ပန်းချီဆရာအနီးမှာ နွားနို့လာသောက်တာတော့ မဖြစ်နိုင်။ ကြောင်ကလေး ရေလာသောက်သည်။ ပန်းချီဆရာသည် ကြောင်ကလေးကို သူ့လက်ဖြင့် အသာပုတ်လိုက်၏။

ကြောင်ကလေးထွက်သွားသည်။

နံရံပေါ်မှာ ပန်းချီကားတစ်ကား။

ကြောင်တစ်ကောင် (အနက်ရောင်မဟုတ်ပါ)

ကြောင်ကလေးရဲ့အပေါ်မှာ ပုစွန်တစ်ကောင်။

ပန်းချီဆရာ၏ အသံကို ကျွန်တော်ကြားလာရ၏။

*"ကြောင်တစ်ကောင်ရဲ့ အိပ်မက်ပေါ့။ သူ့စိတ်ကူးထဲမှာ ငါး စားချင်နေတယ်။ ဒီပန်းချီကားထဲမှာတော့ ပုစွန် စားချင်တယ်ပေါ့။ သူ့အာသီသ လေ။ သူအိုပြီး သေသွားတယ်။ဘာရောဂါမှမဖြစ်ဘူး။ဒါနဲ့ဒီပန်းချီကားကိုမရောင်းဖြစ်တော့ဘူး။ နောက်ထပ်ဆွဲဖို့လည်း စိတ်ကူးမရှိဘူး"*

ပန်းချီကားထဲကကြောင်ကလေး သူ့မှာ ရှိခဲ့ပေလိမ့်မည်။ ကြောင်ကလေးက ဘာရောဂါမှမရှိ။ ပန်းချီဆရာက ဆေးလိပ်သောက်သည်။ ကျွန်တော် လောကနတ် ၏ မန်နေဂျာကြီး၏ အခန်းထဲမှာ ပန်းချီဆရာအဖွဲ့နှင့်အတူ အရက်သောက်ဖူးတာမှတ်မိသည်။ နိုဝင်ဘာ ၂၉ မှာ မန္တလေးမြို့။ မာယ ဦးတင်ထွန်း အိမ်မှာ... သူ၊ မြေဇာ၊ ကျွန်တော် အရက်အတူသောက်ဖူးတာကို မှတ်မိသည်။ နောက်နှစ်





နိုဝင်ဘာ ၂၉မှာတော့အင်းဝကမယ်နုအုတ်ကျောင်းမှာ ကိုကျော်အောင်၊ သူ၊ကျွန်တော်အတူရောက်နေကြရပြန်၏။

ရိုလာကိုစတာ၊ ကျွန်တော်၏မေမေ၊ ဘော်ဒါဆောင်... ကျွန်တော်၏ဝတ္ထုအချို့ကို သူ သရုပ်ဖော် ပုံရေးဆွဲခဲ့သည်။ သိပ်ကောင်းသည်၊ ထိုဝတ္ထုတိုများအားလုံး မဟေသီမှာ။

ယခင်ကြောင်ကလေး သေသွားခဲ့ပြီ။

အနက်ရောင်ကြောင်ကလေးက ခြေကားရား လက်ကားရား အိပ်ပျော်နေပြီ။ အိပ်မက်ထဲမှာ ကမ္ဘာအသစ်ကို တွေ့နေသည်။ ပွင့်ကြောဆန့်လိုက်သည်။ ပြန်အိပ်ပျော်သွားပြီ။

(၃)

ပန်းချီဆရာ၊ သူ့ဇနီး၊ သူ့သမီး၊ ထမင်းလက်ဆုံ စားနေကြသည်။ ငွန်းနဲ့စားတာ အင်ကြင်းမွှေးလား။

*"ပိုက်ဆံ များတာ နည်းတာက ပြဿနာ မဟုတ်ဘူး။ ကိုယ်ဝါသနာပါတဲ့အလုပ်နဲ့ အသက်မွေးရတယ်ဆိုတာလွယ်တာမှတ်လို့။ အချို့တွေ စိတ်မပါဘဲအချို့အလုပ်တွေကိုလုပ်နေကြရတယ်။ ကိုယ်တို့ဒီပန်းချီအနုပညာနဲ့ လောက်ငအောင် စားနိုင်ကြတယ်"*

သူ... ယုံကြည်မှုအတွက် ရှင်သန်နိုင်ခဲ့သည်။

သူ့ ရှင်သန်မှုအပေါ် သူလိပ်ပြာသန့်သည်။ သန့်ရှင်းစင်ကြယ်သော ထမင်းကို သူမြိန်မြိန်စားသည်။ ဆေးကြောသန့်စင်ရတာ သူ ဝါသနာပါသည်။ သူ့ပန်းကန်တွေကို သူဆေးကြောနေ၏၊ သူ့စွန့်ကြသောထမင်းကို လမ်းပေါ်က ခွေးလေခွေးလွင့်တစ်ကောင်လာစားနေ၏။

(၄)

သူ အိမ်အပြင်ထွက်တော့ သူ့ဇနီးကို သူရပ်စောင့်လို့၊ ဇနီးသည်က ဝင်းတံခါးကို ပြန်ပိတ်လို့၊ လူသံ ကားသံ ဆူညံပြီ၊

ဇနီးသည်၏ မျက်ဝန်းများက သူ့အပေါ် ယုံကြည်အားကိုးသည်။ လေးနက်သည်၊ ဇနီးသည် သောက်နေ သောလက်ဖက်ရည်ခွက်ထဲမှာချစ်မေတ္တာတရားထုံမွှန်း၏။ သူက တို့ဘုရားကြောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အချဉ်နှင့်တို့ပြီး စားနေ၏။ ပြီးတော့ သူ့လက်ချောင်းတွေကို တစ်သျှူးနှင့် စိမ်ပြေနပြေပွတ်သပ်လို့။ စွန့်ပစ်တစ်သျှူးကို သူ၏လက်ဖက်ရည်ခွက်ထဲ ထည့်ချလိုက်လို့။

ပန်းချီဆရာ၏တန်ဖိုးကို သူ့ဇနီးသိသည်။ ကျွန်တော်တို့လည်းသိသည်။ ပကာသနမပါသော ဟန်ဆောင်မှုမပါသော အနုပညာအပေါ် ရိုးသားစွာရှင်သန်နေထိုင်မှုအတွက် ကျွန်တော်တို့ သူ့အပေါ် ပိုမိုလေးနက်ရ၏။ ပန်းချီအောင်စိုး သေသွားပြီ။ ပေါ်ဦးသက် သေသွားပြီ။ ခင်ဝမ်းသေသွားပြီ။ မြေချစ်သူ သေသွားပြီ။ ကျွန်တော်တို့က သူတို့အပေါ် ဘာကြောင့်အလေးအနက် တန်ဖိုးထားခဲ့ကြသလဲ။ သူတို့၏ အနုပညာမြောက်ဖန်တီးမှုအပြင် သူတို့၏ ရိုးသားစွာ နေထိုင်မှုအပေါ် ကျွန်တော်တို့ ရွှေလို တန်ဖိုးထားခဲ့ကြ၏။

*"ကိုယ်တို့အိမ်ထောင်သက်ဟာ အခုဆိုရင် နှစ်လေးဆယ်ရှိပြီ၊ ကိုယ့်ဇနီးကလည်း တောသူတောင်သားမျိုးရိုးဆိုတော့ လောဘသက္ကာရ သိပ်မရှိဘူး။ သားသမီးတွေကိုလည်း ပညာပြည့်အောင် သင်ကြားပေးနိုင်တယ်။ ဒါဟာ ကျေနပ်စရာကောင်းတယ်"*

ပန်းချီဆရာ၏အသံက တကယ့်ကို ကျေနပ်သံကြီး၊ ကားသံတွေဆူညံမှုထဲမှာ သူကတော့ သူ့ဘဝနဲ့သူ... ငြိမ်းချမ်းလို့။ တကယ်တော့လည်း အရမ်းမောင်းတဲ့ကားတွေကိုရှောင်တိမ်းပြီး ကိုယ့်လာလမ်းကလေး ပေါ်မှာ ကိုယ်ပြန်လျှောက်၊ ကိုယ့်အိမ်ကိုယ် သစ္စာရှိရှိပြန်ဖို့ မဟုတ်လား။

(၁)

ပန်းချီဆရာက သူ့အိမ်ကလေးကို သူချစ်သည်။ လက်ဘဒီပရုပ်ပြရေးပြီး ကိုကျော် ဆီက ရသည့်ပိုက်ဆံနှင့်ပေါင်းပြီး သူတို့နေဖို့ သူ့အိမ်ဆောက်ခဲ့၏။ သို့သော် သူ့အနုပညာဘဝမှာ လက်ဘဒီပ မဟုတ်ပါ။ ဝသုန်၏တန်ဖိုးသည် ဝသုန်ဖြစ်သည်။ လက်ဘဒီပမဟုတ်ပါ။

*"ဘီလူးရုပ်အောက်မှာ ကိုယ်နာမည်ရှိတယ်။ အခုတော့ မိုးရွာလို့ ကွာကျသွားပြီ။ ဘီလူးက ဒေါသပြင်းတယ်။ ပေလီက ပါလာတဲ့ ခရုပုတီး ဆွဲပေးလိုက်တော့ ပျော့သွားတယ်ပေါ့"*

ပန်းချီဆရာဆိုသည်မှာ အထူးအပါးကို နားလည်ခဲ့သည်။





(၆)

*"အရေးကြီးတာက မလိမ်ဖို့ဘဲ။ သူများကိုလိမ်လို့ရချင်ရမယ်။ ကိုယ့်ကိုယ်စောင့်နတ်ကိုလိမ်လို့မရဘူး။ ကိုယ့်ပန်းချီအနုပညာအပေါ် ကိုယ်လိမ်လို့မရဘူး။ ကိုယ်လိမ်ရင် ကိုယ့်ပန်းချီကားက လိမ်တာကို ဖော်ပြနေမှာပဲ"*

အိမ်ထဲမှာ ခြင်းတောင်းလေးနှစ်တောင်း ချိတ်ဆွဲထားသည်၊ ခြင်းတောင်းလေးတစ်ခုက လှုပ်ယမ်းနေ၏။ လိမ်ရင် ကိုယ်စောင့်နတ်ကသိသည်၊ ခြင်းတောင်းလေးက သိသည်။

(၇)

*"ပန်းချီအပေါ် စိတ်သန့်အောင်နေခဲ့တယ်။ အဲဒီရိုက်ခတ်မှုက မိသားစုအပေါ်မှာလည်းထင်ဟပ်တယ်။ ကိုယ်တို့အပြန်အလှန်နေထိုင်ကြတယ်။ အေးအေးချမ်းချမ်း နေထိုင်ကြတယ်"*

ပန်းချီကားများ၊ စုတ်တံများ၊ ဆေးများ၊ ရိုးသားမှုများ၊ ချစ်ခင် နွေးထွေးမှုများ... ဤအရာများ ဖွဲ့စည်းထားသော sketch of wathone ရုပ်ရှင်ဇာတ်လမ်းတိုလေးကိုကျွန်ုပ်ကြည့်၏။ ဝသုန်ကို ရွေးချယ်လိုက်ခြင်းသည်အပိုဆာဒါးမပါသော၊ဟန်မလုပ်သောအနုပညာရှင်တစ်ယောက်ကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ထိုရွေးချယ်တတ်သောဒါရိုက်တာကြည်ဖြူသျှင်ကိုရုပ်ရှင်ကြည့်ရင်း ကျေးဇူးတင်နေမိ၏။

ပန်းချီဆရာသေတော့ နှင်းဆီတွေ ခမ်းနားစွာ ဝေလို့။ သူ့ပုံတူပန်းချီကားက လှလို့။ သူ့ စျာပနကို ကျွန်တော်လိုက်ပို့ခဲ့၏။

နှင်းဆီတွေ ဝေပြီး လှပလို့။ မောင်ညိုဝင်းနှင့် မောင်မောင်သိုက်ပူးပေါင်းရေးဆွဲသော ဝသုန် ပုံတူက... လှလို့။

■

(၁) မထောဘီမဂ္ဂဇင်း

(၂) ဝသုန်အမှတ်တရ စာစု

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူ့ပန်းချီကားတွေကို အမည်ပေးမထား

**မောင်ကိုကို (အမရပူရ)**

မင်းကွန်းကျေးရွာအုပ်စု... ဈေးဆိပ်ရွာ

အလွန်ထုထည်ကြီးပြီး ရှေးမင်း၏မပြီးစီးခဲ့သော အက်ကွဲနီရဲသော ပုထိုးတော်ကြီး ဘုရားကြီးအနီးက အိမ်ကလေးမှာ ကျွန်တော်ရောက်နေသည်။

ညနေ တော်တော်စောင်းခဲ့ပြီ။

ကပ်မိုးထရံကာအိမ်ကလေး၏မျက်နှာစာအခန်းသည် ပန်းချီဂယ်လာရီ ဆိုလည်းဟုတ်သည်။ ပန်းချီ စတူဒီယိုဆိုလည်း ဟုတ်သည်။ပတ်ပတ်လည်မှာ ပန်းချီကားကြီးငယ်တွေအပြည့်ချိတ်ထားသည်။ ပန်းချီကားများကို အမည်မပေးထားပါ။

လောကနတ်မဟုတ်။ နယူးထရက်ရှာမဟုတ်။ နယူးဇီးနိုးမဟုတ်။ ဗိုလ်ချုပ်ဈေးက နိုးရာပန်းမဟုတ်။ပံသုစန္ဒမဟုတ်။ဆင်ဖြူတော်မဟုတ်။မင်းကွန်းပုထိုးတော်ကြီးဘုရားကြီးနှင့်မြေလမ်းကလေးသာခြားထားသည့် ပန်းချီဂယ်လာရီ။ ထိုပန်းချီကားများကို ဖန်တီးထားသည့် ပန်းချီဆရာ၏အမည်က **ရာဟုလာ** ။

ရာဟုလာ၏ လည်ပင်းမှာ ပလာစတာကြီးနှင့်... ။ သူ လည်ချောင်း ကင်ဆာဝေဒနာကို ခံစားနေရသည်။ မိတ်ဆွေတစ်ယောက်၊ ပန်းချီဆရာတစ်ယောက် လည်ချောင်းကင်ဆာဖြစ်နေသည်။ သူ့နံဘေးမှာ ကျွန်တော်ရောက်နေသည်။ သူနှင့် တွေ့ကုန်ကြုံခိုက် စကားတွေလည်း ပြောချင်သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သူက လည်ချောင်း ကင်ဆာဖြစ်နေသည်။ ခွဲစိတ်ကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံး၊ ဓာတုကုထုံးတို့ဖြင့် ကုသမှုကိုသူခံယူနေရသည်။ အရပ်အခေါ် ခာတ်ကင်တာ ဖြကြိမ်ရှိပြီ။ သူ၏ လည်ပင်းကြောတွေ ပါးကြောတွေ နာကျင်နေသည်။

ကျွန်တော်ရှေ့ကပန်းချီဆရာ၏မျက်နှာကို ကြည့်ရမည်လား ... ကျွန်တော့်ပတ်ပတ်လည်က သူ၏ပန်းချီကားများကိုကြည့်ရမည်လား။ သူ့မျက်နှာကိုကြည့်မိတော့သူ့လည်ချောင်း၊သူ့ပလာစတာကြီးကို ခံစားမိကာ ကျွန်တော့်စိတ်ထဲ ကသိကအောက်ဖြစ်သွားသည်။ သူ့ကို ဒီလို ပစ်မထားစေချင်။ လည်ချောင်းကင်ဆာဝေဒနာကိုခံစားနေရသောပန်းချီဆရာ၏ဆေးသားများကိုကြည့်မိတော့ စိတ်မှာ ရွှင်လန်းရပြန်သည်။ အများအတွက် ဖန်တီးထားသော သူ့အနုပညာပေါ်မှာ သူ့ရောဂါ ဝေဒနာက မပတ်သက်ခဲ့ပါ။ ဆေးသားတွေက ရွှင်လန်းကျန်းမာနေသည်။

ဟိုးလွန်ခဲ့သော ဆယ်နှစ်က မန္တလေးက ပန်းချီဆရာတွေ၊ စာရေးဆရာတွေနှင့်အတူ မော်တော်တစ်စီးဖြင့် ဧရာဝတီမြစ်ကို ကန့်လန့်ဖြတ်လျက် မင်းကွန်းကို ပျော်ပျော်ပါးပါး ကူးသန်းလာခဲ့ကြဖူးသည်။သူ့ထံဝင်ကြသည်။ သူနှင့်အတူ စားကြသောက်ကြသည်။ထိုအချိန်က သူ့ကိုစတင်သိရသည်။ အရက်ကလေး နည်းနည်းဝင်သွားတော့ သူက တဟားဟား အော်ဟစ်ရယ်မောတော့သည်။ သူ မာကျောသည်။ သူ လွတ်လပ်သည်။ သူ့မှာအားအင်တွေ အပြည့်ရှိနေသည်။ ပြီးတော့ ချစ်စရာ သိပ်ကောင်းတာက... သူ ရိုးသားသည်။

*"ကျွန်တော့် နာမည်ရင်းက အောင်မြင့်။ ပန်းချီဆွဲတော့ ရာဟုလာ ဖြစ်လာတယ်။ အဖေ့ဆီက အမွေတောင်းလွန်းလို့ ရာဟုလာ ဖြစ်လာတာ။ကျွန်တော်က ရွှေဘို ဇာတိဗျ။ အဖေကဦးတင်မောင်... ဆေးလိပ်ခုံပိုင်ရှင်၊ အမေက ကျောင်းဆရာမ ဒေါ်အုန်းကြည်တဲ့။ဆေးလိပ်ခုံနာမည်က စံပြ။ ကျွန်တော့်မိန်းမက မမြဝင်း ဟားဟားဟား ... ဟားဟားဟား"*

ပန်းချီဆရာ ရာဟုလာ က ဗိုလ်အောင်ဒင် လို ရယ်မောနေသည်။

*"ကျွန်တော် ၅ တန်းမှာ အဖေနဲ့အမေ ကွဲကြရောဗျ။ ကျွန်တော်က အဖေ့နောက်မိန်းမအိမ်ကိုသွားပြီးမုန့်ဖိုးတောင်းတတ်တယ်။ အဲဒီအခါ အဖေက စာဖတ်ခန်းထဲ ဝင်ငေးတတ်တယ်။ လက်ဝဲစာပေ၊ လက်ယာစာပေအစုံရှိတယ်ဗျ။ ဒိမိုကရေစီဆိုတာဘာလဲ စာအုပ်ရော၊ နောက် ရသဝတ္ထုတွေရော။ ကျွန်တော် ကယ်ငယ်ကတည်းကဗန်းမော်တင်အောင်၊အောင်လင်း၊မြသန်းတင့်၊ခင်နှင်းယု သူတို့ဝတ္ထုတွေ သိပ်ကြိုက်တာ။ မြင့်ကျော်၊ မြင့်နိုင်၊ကာရမက် ရော ဖတ်တယ်ဗျ။* ***မခံချင်တဲ့စိတ်မာတတ်ရယ်၊ အမှန်တရားကို မြတ်နိုးတတ်တာရယ်*** *... အဲဒါကို ဖော်ပြချင်တယ်။ စာဖတ်တာကျတော့ နိုင်ငံရေးစာပေထက် အချစ်ဝတ္ထုကို ပိုကြိုက်ခဲ့တယ်"*

*"ကျွန်တော်က ကျွန်တော့်မိန်းမ မမြဝင်း ကို သိပ်ချစ်တာဗျ။ဟားဟားဟား ဟားဟားဟား။ ကျွန်တော့်မိန်းမက အဖေ့ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်တဲ့ ဆေးလိပ်သမ။ သကြိန်မှာ ကျွန်တော်က မန္တမ်းပန်းအသင်း မှာ ကာလယ်ရီနက် မှုတ်တယ်။ ကျွန်တော့်ချစ်သူ မမြဝင်း က စပယ်ဖြူမဏ္ဍပ်မှာ သီချင်းဆိုတယ်။ သူတို့ မဏ္ဍပ်ရှေ့ကျွန်တော်တို့ ရေသဘင်ကား ရောက်ရင် ကျွန်တော်က ကာလယ်ရီနက်မမှုတ်တော့ဘူး။ ဘေးကကောင်ဆီက အကော်ဒီယံကြီး ယူတီးတော့တာပဲ။ဒါမှမမြဝင်းက ကျွန်တော့်ကို မြင်မှာပေ့ါ။ သကြိန်တွင်းမှာ ချစ်သွားကြတယ်။သကြိန်ပြီးတော့ ကျွန်တော်က မမြဝင်း ကို ခိုးပြေးရော...ဟားဟားဟား... အိမ်က သဘောမတူဘူး။ကျွန်တော်က ဆိုက်ကား နင်းရတယ်။ ရေခဲချောင်းလည်း ရောင်းဖူးတယ်။ မမြဝင်းက မုန့်ပြားသလက်လုပ်ရောင်းတယ်... ဘဝကစုံလို့ဗျို့"*

*"ဒီအထဲကနေ ပန်းချီဆွဲတာဗျ။ ကျွန်တော့်ဆရာက ဦးသောင်းဖေ၊ ဦးဘမြိုင်၊ အိတ်ချ်လွင်(ဦးခင်မောင်ရွှေ)... ပန်းချီကို ဝါသနာပါလွန်းလို့ အိမ်က မကြိုက်ဘဲ ဆွဲခဲ့တာ။နိုင်ငံရေးလုပ်လို့ထောင်ကျဖူးတယ်။ထွက်လာတော့လည်း ပန်းချီပဲ ဆွဲတာပဲ။ မရောင်းရပေါင်ဗျာ... အလကား ပေးရတာကြီးပဲ။ ကျွန်တော့်အသက် ၅၁နှစ်မှ ပန်းချီကား ၈ ရောင်းရတာ။ ဒါပေမဲ့ ပန်းချီဆွဲရတာ ပျော်တယ်ဗျ။ နောက်ဘဝလည်း ပန်းချီဆရာပဲ ဖြစ်ချင်တာပဲ"*

ဟိုတုန်း သူ ပြောခဲ့ဖူးသော သူ့ စကားတွေကို ကျွန်တော် သတိရသည်။ သူ တဟားဟား ရယ်မောပျော်ရွှင်နေတာတွေ ကျွန်တော်ပြန်မြင်သည်။ အခုသူက ငြိမ်ငြိမ်ဆိမ်ဆိမ်၊ သူ စကားတွေ ပြောလျှင် သူမောမှာလား ဟု ကျွန်တော်စိုးရိမ်သည်။



the bookhouse

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းလည်း သူနှင့်ကျွန်တော်... ထန်းရိပ်ညိုမှာ ဆုံတတ်သည်။ ပ်သုစန္ဒာ မှာ ဆုံတတ်သည်။ သူနှင့်အတူရှိရတာ အတော် ပျော်စရာကောင်းသည်။ ပန်းချီဆရာ ရာဟုလာသည် မူးလျှင် စိတ်ခံစားမှုမထိန်းနိုင်တတ်။ သို့သော် သူ့ကို လူတွေက ခင်မင်ကြသည်။ သူက အရှိအတိုင်း အရိုးခံအတိုင်းနေသည်။ ဟန်မလုပ်တတ်။ ထင်ပေါ်အောင်လည်း မလုပ်တတ်။

မနှစ်က ဦးမိုးသန်းချစ်နှင့် ကျွန်တော် သူ့ထံ ရောက်လာကြသည်။ မင်းဝံတောင်တန်းနှင့် ဧရာဝတီမြစ်အကြား ထနောင်းပင်တွေက ပန်းတွေပွင့်လို့။ ထိုပန်းပွင့်နေသောထနောင်းပင်များ၏နံဘေး ကတ္တရာလမ်းပေါ်မှာ ဦးမိုးသန်းချစ်၏ကားဖြတ်သန်းနေသည်။

ဦးမိုးသန်းချစ် က ရာဟုလာ ရေးဆွဲထားသော မင်းကွန်း၏အမှတ်အသား ပုထိုးတော်ကြီး ဘုရားပုံ လိုချင်သည်။ ရေဆေးဖြစ်ဖြစ်၊ဆီဆေးဖြစ်ဖြစ်။ သူ့မှာ မရှိတော့အော်ဒါအပ်သည်။သူလက်မခံ။ ရေဆေးနဲ့စက္ကူချပ်လေးဖြစ်ဖြစ် ရေးပေးပါပြောလည်းမရ။

*"ပုထိုးတော်ကြီး ပန်းချီကားတော့ မရှိဘူး။ အခုရှိတဲ့အထဲက... ကြိုးရင်တစ်သိန်း၊ ငယ်ရင်... ငါးသောင်း... ကြိုက်တာဝယ်လို့ရတယ်။အော်ဒါအပ်လည်း ကျွန်တော် လက်မခံဘူး။ အခုရေးပေးပါပြောလည်း ကျွန်တော်ကတော့ မရေးပေးဘူး။ ခင်ဗျားစီးလာတဲ့ကားကြီးထားခဲ့မယ်ဆိုရင်လည်း အဲဒီကားက ကျွန်တော့်အတွက် အသုံးမဝင်ဘူး။ ကျွန်တော်က တစ်နေ့လက်ဖက်ရည်သုံးခွက်၊ ထမင်းနှစ်နပ် ရရင်နေ့စဉ် ဘဝကပြည့်စုံပြီ။ဆေးလိပ်လည်း ဝယ်သောက်ချင်ဝယ်သောက်မယ်။ အရက်ကို တစ်လတစ်ခါ သောက်ချင် သောက်မယ်။ ပန်းချီကားရောင်းရရင် ကင်းဗတ် ဝယ်မယ်။ ဆေး ဝယ်မယ်။ ပန်းချီကား ထပ်ဆွဲမယ်။ အခုဟာက ရေးချင်သလိုရေးနေတော့တာ။စိတ်ထဲရှိတာပဲရေးတယ်။ လွတ်လွတ်လပ်လပ် ရေးတယ်။ပန်းချီရေးနေရတာကိုပဲ ပျော်နေတာ။ ကလေးတွေလည်း အရွယ်ရောက်ပြီဆိုတော့... သူတို့တာဝန်လည်း မယူရတော့ဘူး။ ပန်းချီပဲလွတ်လွတ်လပ်လပ် ရေးမယ်ဗျာ။ ဘာရေးပေးပါညာရေးပေးပါ... ပိုက်ဆံဘယ်လောက် ပေးပါ့မယ်... မရဘူး။ကျွန်တော်မရေးဘူး။ပန်းချီဆရာတွေရဲ့ လမ်းကြောတွေ မတူဘူး။ ဘဝတွေ မတူဘူး။ တချို့က သိမ်သိမ်မွေ့မွေ့ ဖြတ်သန်းခဲ့ရတယ်။*





*ပါးပါးလေး ဖြတ်သန်းခဲ့ရတယ်။ကျွန်တော်ပန်းချီဆရာဘဝရရှိဖို့ ကြမ်းကြမ်းတမ်းတမ်းဖြတ်သန်းခဲ့ရတယ်။ ဝေဒနာတွေပြွမ်းတီးပြီး ပန်းချီဆရာဘဝကို ရရှိပိုင်ဆိုင်လာတာ။ ဒါပေမဲ့ အဲဒီArtistဘဝကိုပဲ ကျွန်တော်ကချစ်နေတာ။ကျေနပ်နေတာ။ပျော်နေတာ။ကျွန်တော်နောက်ထပ်ဘဝတစ်ခုက* ***မျိုးခင်းအိမ်*** *အခမဲ့ စာဖတ်ဝိုင်းလေး... ကျွန်တော်ကိုယ်တိုင် တည်ထောင်ထားတယ်။ ကလေးတွေ အမြင်သစ်၊အတွေးသစ်တွေရအောင် စာဖတ်စေချင်လွန်းလို့ ကျွန်တော်ကိုယ်တိုင် စာအုပ်ချုပ်တယ်၊ စာအုပ်တွေအခမဲ့ငှားတယ်၊သူတို့တွေစာတွေဖတ်ရင်ကျွန်တော် ပျော်နေတာ။ကျွန်တော်ပန်းချီကားရောင်းရရင်ကလေးတွေအတွက်စာအုပ်တွေ ဝယ်မယ်။အဲဒီလိုအများအကျိုးသယ်ပိုးတဲ့ဘဝနဲ့ပဲ ပန်းချီရေးရင်းခရီးဆက်မယ်"*

ဦးမိုးသန်းချစ်နှင့်ကျွန်တော်သည် သူ ရေးဆွဲထားသော မောင်ရှင်လောင်း ပုံလေးကို ရွေးချယ်ယူဆောင်ခဲ့ကြသည်။အဲဒီနောက်သူ့ဆီ ကျွန်တော် ထပ်ရောက်သေးသည်။သူ့အိမ်တံခါးပိတ်ထားသည်။ဘေးအိမ်ကိုမေးကြည့်သည်။မန္တလေးကိုဆေးကုသွားကြသတဲ့။နောက်တော့သိရသည်။ ရာဟုလာ လည်ချောင်းကင်ဆာဖြစ်နေပြီ။

အခု သူ့အိမ်သို့ သူ့ကို သတိတရနှင့် ကျွန်တော် ရောက်လာ၏။ သူ့ဘေးမှာ ထိုင်သည်။ သူကျွေးသော ငါးလေးခြောက်ကြော်၊မြေပဲဆန်ကြော်နှင့်ထမင်းကိုလည်း ကျွန်တော် စားသည်။ သူ တိုက်သော ကော်ဖီ ကို သောက်သည်။ သူ့ပန်းချီကားတွေ အများကြီးကို ကျွန်တော်ကြည့်သည်။ ထိုညက သူ့အိမ်မှာပဲ ကျွန်တော်အိပ်လိုက်၏။

■

ပေါ်ပြူလာဂျာနယ်
ဩဂုတ်၊ ၃၊ ၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းသောနှင်းဆီပန်းများကို ပွေ့ပိုက်လျက် နွေကို နှုတ်ဆက်ထွက်ခွာသွားသော သတင်းစာဆရာ

မောင်ကိုကို (အမရပူရ)

ကိုအောင်ကျော်ဦးထံ အလည်သွားစဉ် ဆရာကြီးချစ်သိန်းဦး ဆုံးပြီဟု သိရသည်။

*"ရုံးရောက်တော့ဆရာအိပ်လှချည်လား။နိုးဦးမှပဲဆိုပြီး ကျွန်တော်ခြင်ထောင်လှပ်ကြည့်လိုက်တော့ ဆရာက တစ်မျိုးပါလားထင်ပြီး ဆရာ့ရင်ဘတ် စမ်းကြည့်တော့ နှလုံးခုန် ရပ်နေတယ်။ အားလုံးခေါ်ပြီး ဝိုင်းစမ်းကြည့်တော့မှ ဆရာဆုံးမှန်း သိရတယ်"*

ဆရာကြီးချစ်သိန်းဦးသည် သူ့အိမ်မှာ သူ့မိသားစုဘေးမှာ ဆုံးရသည်တော့မဟုတ်။ ဆရာချစ်မြတ်နိုးသောလုပ်ငန်းခွင်ထဲမှာ ဆုံးပါးခြင်းဖြစ်သည်။

သို့သော် ဆရာကြီးချစ်သိန်းဦးသည် မနာမကျင် သေဆုံးရသည်။ ငြိမ်းချမ်းစွာ သေဆုံးရသည်။ ဂျာနယ်ဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များသည်လည်း ဆရာကြီးကို မိသားစုလိုဖြစ်နေသည်။ ဖြန့်ချိရေးစတိုခန်းမှ လူငယ်များကလည်း ဆရာကြီးကိုမိသားစုလို ပြုစုကြသည်။ အညစ်အကြေးအိုးကအစသွန်ပေးသည်ဟုသိရသည်။

ဆရာကြီး၏မိသားစုက ဆရာကြီးအတွက် စားသောက်ဖွယ်ရာများအလျှံပယ်ပို့ထားခဲ့ရာ ထိုစားစရာများကိုဆရာကြီးက လုပ်ဖော်ကိုင်ဖက်များ၊ ဂျာနယ်တိုက်မှ ညဘက်အတူရှိသူများကို စေတနာအပြည့်ဖြင့် ကျွေးမွေးတတ်သည်။ စားစရာတွေကလည်း ဘယ်ပဲလောက်ကျွေးကျွေး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


ဘယ်တော့မှ ကုန်နိုင်တယ်မရှိ၊ ဆရာ့အိမ်ကအမြဲလာပို့နေသည်ဟု သိရသည်။

ဆရာကြီးချစ်သိန်းဦးနှင့် ကျွန်တော် လူပုဂ္ဂိုလ်အရ မသိကျွမ်းပါ။ English for self-study စာအုပ်ကို ပြုစုခဲ့သူ၊ အင်္ဂလိပ်စာမှာ ဆရာကြီးဖြစ်သူ၊ ထို့ပြင် သတင်းစာဆရာကြီးတစ်ဦးဖြစ်သူဟု ကျွန်တော် လေးစားစွာ သိထားပါသည်။ မနှစ်က ညတစ်ညတွင် ကိုအောင်ကျော်ဦးထံသို့ အလည်သွားစဉ် ဆရာကြီးချစ်သိန်းဦးက သူ့အခန်းထဲတွင် ပတ္တလားတီးနေသည်။ သီချင်းဆိုနေသည်။

ဆရာကြီး၏စာရေးစားပွဲဘေး နေရာတချို့တွင် ရှေးဟောင်းနှင့် ခေတ်ပေါ် ပုံနှိပ်ပန်းချီကားအချို့ကိုလည်း ကပ်ထားတာတွေ့ရသည်။ဆရာကြီးသည်ဘာသာပြန်ဆရာဘဝကို မြတ်နိုးသူ၊ သတင်းစာပညာကို မြတ်နိုးသူ၊ စာသင်ကြားရခြင်းကိုခုံမင်သူ၊ ပန်းချီ၊ဂီတအနုပညာတို့မှာလည်း ပျော်ဝင်တတ်သူဟု ကျွန်တော်နားလည်မိပါသည်။

မိသားစုနှင့်အတူမနေထိုင်သည်မှာမိသားစုကို မချစ်လို့မဟုတ်။ သတင်းစာဆရာဘဝကို လွတ်လွတ်လပ်လပ် ထက်ထက်သန်သန်လုပ်လို၍ဟု ကျွန်တော်နားလည်မိသည်။

*"ညက သတင်းစာ ဖတ်နေသေးတယ်။ ရုပ်ရှင်လည်း ကြည့်နေသေးတယ်။ ညကတော့ သီချင်းမဆိုဘူးထင်တယ်။ ကျွန်တော်တို့ကို သူ့ဘီစကွတ်တွေပေးပြီး သူ ကော်ဖီမစ်တွေနဲ့ ကော်ဖီဖျော်တိုက်သေးတယ်"* ဟု ကိုစိုးသန်းလင်းက ပြောသည်။

သူမဆုံးမီ ညနေက ကိုအောင်ကျော်ဦးနှင့် ကျွန်တော် ဆိပ်ကမ်းသာလမ်းက YKKO မှာ ကြေးအိုးသောက်ရင်း သတင်းစာဆရာကြီး အိုးဝေဦးညိုမြဆုံးတော့ ဘယ်လမ်းမှာလဲလို့ ကျွန်တော်က မေးကြည့်သည်။

"ဒီ ဆိပ်ကမ်းသာလမ်းမှာပဲ အိုးဝေဦးညိုမြ ဆုံးတာ၊ ဒီနေရာနဲ့ နီးနီးလေးပေါ့" ဟု ကိုအောင်ကျော်ဦးကပြော၏။ ဆရာကြီးချစ်သိန်းဦး ကွယ်လွန်ခဲ့သည့်နေရာနှင့်မဝေးပါ။ ဗိုလ်အောင်ကျော်လမ်းက မြန်မာတိုင်း(မ်) ရုံးပေါ်မှာ။

ဆရာကြီးချစ်သိန်းဦး ဆုံးပြီးသည့်ညတွင် သူ့အခန်းမှာ သူဖတ်လက်စ စာအုပ်တွေရှိသည်။ သူစားလက်စငှက်ပျောသီးတွေရှိသည်။ သူတီးနေကျ ပတ္တလားမှာ တီးသူကင်းမဲ့လို့။သူ့လုပ်ဖော်ကိုင်ဖက်များက သူ့ကိုသတိတရနှင့် သူ့အကြောင်းကိုပဲ ဖွဲ့နွဲ့နေကြသည်။

ကဗျာဆရာ **မောင်သွေးသစ်** က မျက်ရည်ဖြင့် ကဗျာရွတ်သည်။

the bookhouse



**အို ချစ်စွာသော ဆရာ**
**အင်္ဂလိပ်ဘာသာနဲ့ မြန်မာပြန်**
**သတင်းစာအတတ်ပညာ**
**အစဉ်အလာကြီးမားဝင့်ထည်**
**လောဘတရားကိုပယ်စွာ**
**စာပေဦးသာမှုထုံ**
**ပတ္တလားသံစုံတီးခတ်**
**ပတ်ပျိုးနဲ့နတ်ချင်းကိုဆို**
**နဖျိုဆဲဆရာ့ရုပ်သွင်ဟာ**
**သတင်းနှင့်စာနယ်ဇင်းရင်ပြင်မှာ**
**မှန်မြတ်ဝင့်ထည်စွာထင်ဟပ်**
**အနာဂတ်ကာလများသို့တိုင်**

ကဗျာဆရာ၏ အလွမ်းသံစဉ်ထဲမှာ ကျန်သူများ မျက်ရည်ကျကြရပြန်၏။

"ဆရာချစ်သိန်းဦးက ခင်မောင်ရင်ရဲ့ သီချင်းတွေ ကြိုက်တယ်။ အမြဲဆိုတယ်။ ခင်မောင်ရင် သရုပ်ဆောင်ဟန်တွေ၊စကားလုံးတွေအကုန်မှတ်မိတယ်။ပြန်ပြောပြတယ်။ နောက် ဇော်ဝမ်းရဲ့ကျောက်ခဲ သီချင်းကိုသိပ်ကြိုက်တယ်။ 'မင်းရည်မှန်းသည်က မြခဲစိန်ခဲ၊ငါ့မှာတော့လမ်းခင်းတဲ့ နှကျောက်ခဲ၊ ကျောက်ခဲ လေးမှာတော့မျက်နှာမဲ့' လို့ ညည ဆိုပြတတ်တယ်။နောက် ဗဒင်ရဲ့သီချင်းကို ဆရာက သိပ်ကြိုက်တယ်။ ဘုရားကျောင်းလည်းမတက်ဖြစ်တာအတော်ကြာပြီ တို့၊ သိုးမည်းဟောင်းကြီးတွေ ပြေးထွက်လာပြီး မင်းကို ကြိုနေမယ်×××တို့×××တို့ကတော့တို့ကတော့××× အဲဒီလိုဆိုပြတတ်တယ်။ ဆရာ့လိုကျွန်တော်တို့ မဆိုတတ်ဘူး။ သီချင်းလည်း ဆရာ့လို မရဘူး" ဟု ဆရာဦးတင်စိန် က ပြေ ရက်နေ့ညက ပြောသည်။

ဆရာကြီးချစ်သိန်းဦးမှာ အသက်ကြီးလာပြီ။ အလုပ်ကိုလည်း အလွန်ချစ်မြတ်နိုးသူဖြစ် သွားရေးမြန်ရေး ဒုက္ခအေးအောင် အလုပ်ခွင်မှာပဲ နေ့နေ့ ညည နေထိုင်ဟန်တူပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**'မျောက်လို လှုပ်ရှား၊ ကြောင်လို စား၊ နွားလို ရေသောက်၊ လိပ်လို လျှောက် တုတ်ထောက်မပျင်းနဲ့'** ဟူသော သူ့ဆောင်ပုဒ်အတိုင်း ရှင်ခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ရှင်သန်ခဲ့သည်။ ဘဝကို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းလျက် အလုပ်တွေကို ကွယ်လွန်သည်အထိ လုပ်ကိုင်ခဲ့သည်။

ဆရာကြီး ချစ်သိန်းဦးက ဖော်ဂျီ၏ ပေဒါလမ်းကဗျာကို သိပ်ကြိုက်သလို မင်းသုဝဏ်၊ ပျဉ်းမငုတ်တိုကဗျာကိုလည်းသိပ်ကြိုက်သည်။အင်္ဂလိပ်စာဖြစ်စေ၊မြန်မာစာဖြစ်စေ အရေးအသားမှားလျှင် ဒေါသထွက်တတ်သည်။ ပြီးတော့လည်း ပြေပြေပျောက်ပျောက် သီချင်းဆိုလိုက်၏။

သူသည် လုပ်ဖော်ကိုင်ဖက်များအပေါ် ချစ်ခင်လိုက်လျောတတ်၊ပျော်ရွှင်တတ်သည်။ သို့သော် 'စာပေစည်းကမ်း' အပေါ် တိကျလေးနက်သည်ဟု နားလည်မိ၏။

*'ဒါက ဆရာကြီးမဆုံးခင် ရက်ပိုင်းလေးမှာ ရေးခဲ့တဲ့ သူ့လက်ရေးတွေ'*

တစ်ယောက်က ကျွန်တော့်ကို ပေးသည်။ စာလုံးကြီးကြီး မင် ထင်းထင်း လက်ရေးတွေ။

**'ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။**
**နံမင်ခယ ချစ်လွန်းကလည်း သောကနောက်ဆုံးရှိချေ၏။**
**တက်ကြွားကြွကြွ မြင့်လွန်းကလည်း လျောကျ နောက်ဆုံး ရှိချေ၏။**
**တထားကြိုက်တဲ့ ငမိုက်တွေမှာ အမူးမပြေ ပင်ပန်းရှာကြ။**
**တထားကြူးတဲ့ ငရူးတွေမှာ အမူးမပြေ ပင်ပန်းရှာကြ။**
**တထားချစ်တဲ့ ညစ်တွေမှာ အရစ်မပြေ ပင်ပန်းရှာကြ။**
**တထားစွဲတဲ့ ငမွဲတွေမှာ အမြဲတစေ ပင်ပန်းရှာကြသေး'**

ဆရာကြီးချစ်သိန်းဦးသည် ဒုက္ခဝေဒနာမခံစားရဘဲ ငြိမ်းချမ်းစွာ သေဆုံးခဲ့ရသည်။ သူသည် ပျော်ရွှင်စွာရှင်သန်ခဲ့သော်လည်း သူ့လက်ရေးစာသားအရ မသေဆုံးခင်မှာ တရားကို အသေအချာ တွေ့ရှိသွားဟန်ရှိသည်။ သူသည် ငြိမ်းချမ်းသော နှင်းဆီများကို ပွေ့ပိုက်လျက် နွေကို နှုတ်ဆက်ထွက်ခွာသွားသည်။


■

မြန်မာတိုင်း(မ်)

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပျို့တိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် နှင်းဆီခိုင်

မောင်ကိုကို (အမရပူရ)

အသက် ၇၇ နှစ်အရွယ်ရှိ မြန်မာရုပ်သေးဆရာကြီးတစ်ဦး။

ပြင်သစ်နိုင်ငံ၏ဇာတ်ရုံကြီးတစ်ရုံပေါ်မှာမြန်မာအပျိုတော်ရုပ်သေးရုပ်ကလေး၏ကြိုးကို ဆွဲရင်းသူကိုယ်တိုင်အသံဝါကြီးဖြင့် သီချင်းဆိုနေသည်။ နှဲဆရာ၊ ဆိုင်းဆရာ၊ လင်ကွင်းဆရာ၊ ဗုံးဆရာ၊ ဝါးလက်ခုပ်ဆရာ၊ စည်း ဆရာ မြိုင်မြိုင်ဆိုင်ဆိုင် တီးကြသည်။

အပျိုတော်ရုပ်ကလေးက ကွေးနေအောင်ကနေ၏။ အသက် ၇၇ နှစ်အရွယ် မြန်မာရုပ်သေး ဆရာကြီးက ရုပ်သေးကြိုးကိုဆွဲရင်းသီချင်းဆိုနေသည်။

"အတုလေးရယ်တဲ့ ယှဉ်ကာပြိုင်ယှဉ်ကာပြိုင်×××ဖဲမွေ့ရာ ရွှေကော်ဇော ရောနှောလို့ မထိုင်၊ ပျို့တိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင်၊နှင်းဆီခိုင်×××အလို×××အို×××

ပျို့တိုင်းကြိုက်ပါတဲ့နှင်းဆီခိုင်×××နှင်းဆီစိုက်ခွင်လုံးပိုင်တဲ့ခွင်လုံးပိုင်

ခွင်လုံးပိုင်တဲ့ ဝိုင်းတော်သား ဝေးရာကရှား"

ပြင်သစ်သူ ပြင်သစ်သားတွေ သိပ်ကြိုက်နေကြသည်။ မြန်မာစာသား၊ မြန်မာစကားလုံးကို နားမလည်။ဂီတကိုနားလည်သည်။ အတီး၊ အဆို၊ ရုပ်သေးရုပ်လေး၏ လှုပ်ရှားဟန် လုံးဝကွက်တိကျခြင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အပေးအယူမျှတညီညွတ်ခြင်းကိုနားလည်သည်။ ထိုအရသာကို ပြင်သစ်သူ ပြင်သစ်သားတွေ ခံစားနေကြ၏။ အရသာတွေ့နေကြ၏။

ရုပ်သေးကြိုးဆွဲသူ၊ ကြိုးဆွဲရင်းသီချင်းဆိုသူ ရုပ်သေးဆရာကြီးက အသက် ၇၇ နှစ်ရှိပြီ။ သူသည် နိုင်ငံပေါင်း ၁၆ နိုင်ငံကို အရောက်သွားခဲ့ပြီး ရုပ်သေးအနုပညာနှင့် ဖျော်ဖြေတင်ဆက်ဖူးသည်။

ပြင်သစ်နိုင်ငံ၏ ဘယ်မြို့၊ဘယ်ဇာတ်ရုံမှာသူရောက်နေသလဲ သူမသိ။ ကမ္ဘာကြီး၏ ဘယ်မြို့မှာဘယ်လိုကမ္ဘာကျော်ပြတိုက်ကြီးတွေရှိသည်ဆိုတာလည်း သူမသိပါ။ သူသိတာက ရုပ်သေးရုပ်လေးကို ကြိုးဆွဲရင်း သီချင်းအော်ဆိုနေရတာကိုပျော်ရွှင်၏။

**'သောက်တော်ဘူးရယ်တဲ့ အိုမကွာ အိုမကွာ၊**
**သောက်တော်ဘူးရယ်တဲ့**
**အိုလေး×××မကွာ×××အိုလေးမကွာ**
**မင်းကျော်စွာတဲ့ မင်းကျော်စွာ**
**မင်းကျော်စွာကိုမကြိုလား×××ဝေးရာကရှား'**

သူ့ရင်ဘတ်ထဲက ခံစားမှုတစ်ခုလုံးသည် အရုပ်ကလေး၏ ရင်ထဲမှာ သီချင်း၏ ဝိညာဉ်ထဲမှာ ဝင်စားတုန်ယင်နေ၏။

သူ့အသက် ၁၆ နှစ်သားကစ၍ ရွှေဘိုတင်မောင် ရုပ်သေးဇာတ်ထဲ လိုက်လာခဲ့သည်။ မန္တလေးမြို့အနီးက သူ့ရွာသို့ ရွှေဘိုတင်မောင် ရုပ်သေးအဖွဲ့လာကစဉ် သူမိုးလင်းပေါက် ထိုင်ကြည့်၏။ ရွှေဘိုတင်မောင် ရုပ်သေးအဖွဲ့ပြန်တော့ ရွှေဘိုတင်မောင်ကို တောင်းပန်ခယပြီး ရုပ်သေးအဖွဲ့နှင့်အတူ လိုက်လာခဲ့၏။ ခိုင်းချင်ရာခိုင်းပါ။ ဤရုပ်သေးအဖွဲ့ကြီးနှင့်အတူ လိုက်ပါလုပ်များခွင့်ရလျှင် သူပျော်ရွှင်ပြီ။

ဤသို့ဖြင့်သူရုပ်သေးအဖွဲ့မှာလိုက်ပါခဲ့သည်။ ကားလိပ်ဆွဲ၊ရေနွေးအိုးတည်၊ထမင်းအိုးတည်၊ ဆေးလိပ်ဝယ်၊လက်ဖက်ရည်ဝယ် ခိုင်းသမျှ သူအလုပ် လုပ်၏။ ရွှေဘိုတင်မောင် သီချင်းဆိုတာ သူခံစားပျော်ဝင်သည်။ အေဝမ်း ဦးဘမောင်ရုပ်သေးရုပ်ကလေးတွေ ကြိုးဆွဲတာ သူ သေချာစေ့စေ့စပ်စပ်ကြည့်သည်။ နောင်တော့ တစ်ခါတစ်ရံ ကြိုးဆွဲခွင့်ရလာ၏။

ဟိုစဉ်က မြန်မာပြည်အနှံ့ ရုပ်သေးအဖွဲ့တွေ ကခဲ့သည်။ ယခုနှစ် ကပြီးလျှင် နောင်နှစ်လည်း





မပျက်တမ်းလာကမည့် အထိမ်းအမှတ်ငွေတ်ရိုက်ပွဲတွေ နှံခဲ့ကြရတာလည်း အလီလီ။ ကြာသော် မြန်မာပြည်တွင်းမှာ ရုပ်သေးခွင်က မှုန်ဝါးပျောက်ကွယ်လာ၏။ သို့သော် သူ့ကံက အိုမှ ပိုကောင်းလာ၏။ သူ့အသက် ၇၀ ကျော်မှ နိုင်ငံရပ်ခြားသို့ ရုပ်သေးအနုပညာဖြင့် ဖျော်ဖြေခွင့်ရလာ၏။

မြန်မာပြည်မှာ ကခဲ့ဖူးသလို မိုးအလင်းပေါက် ကရခြင်း မဟုတ်ပါ။ တစ်နာရီအတွင်းမှာ အပျိုတော်၊ မြင်း၊ မျောက်၊ ဇော်ဂျီ၊ ဘီလူး၊ အရုပ်စုံ ကပြဖျော်ဖြေရ၏။

အပျိုတော်ရုပ်ကလေး ကျော့နေအောင် ကရှာ၏။

**'သန်းခေါင်ကို နေ့မှတ်ပါလို့**
**အရစ်ကလေးကိုတဲ့ အားမနာ အားမနာ**
**အိမ်နီးချင်းကိုတဲ့ အားမနာ**
**မသောက်ရရင် သီလစောင့်တယ်**
**အို…ကျောင်းတကာ…အိုကျောင်းတကာ**
**ချစ်လို့ရယ်တဲ့ ခင်ပါသလေ**
**ယဉ်ရှာရော့သလား**
**ကြိုက်လို့ရယ်တဲ့ ခင်ပါသလေ**
**ယဉ်ရှာရော့သလား**
**ကိုကြီးကျော်ရေ…'**
**ဆိုင်းဆရာတွေက ထုးကြသည်**
**"ဖျိုဖျို"**
**"မောင်ကြီးကျော်ရေ"**
**"ဗျာ ဗျာ"**
**ဤဝမ္မမှာ ပြိုင်ဘက်ရှား မိုးကျနတ်သား"**
**ပြင်သစ်တွေ ပျော်နေကြသည်။ လက်ခုပ်တွေတီးကြ၏။**

ဟော…အသက်၇၇နှစ်အရွယ်မြန်မာရုပ်သေးဆရာကြီးက ပြင်သစ်ပြည်ရှိဇာတ်ရုံကြီးပေါ်မှာ

www.burmeseclassic.com

ဇော်ဂျီရုပ်သေးရုပ်လေး၏ ကြိုးကိုဆွဲရင်း ဇော်က ကစေပြီး ဇော်ဂျီရုပ်ကလေးက မြူးကြွစွာ ကနေ၏။

**"ဇော်ယောင်ဂျီယောင်**
**ဆေးလေးကြိတ်မယ့်စုံတောမြိုင်ချောင်**
**ကိုင်ဆောင်တောင်ဝှေးကိုယ်လိုရာပေးနေဆေး**
**ဆေးကြိတ်မယ်လား**
**ဖိုလ်လေးထိုးမယ်ထိုးမယ်လား'**

ဇော်ဂျီရုပ်ကလေး ကွေးနေအောင်ကနေ၏။ မြန်မာပြည်က ဇော်ဂျီရုပ်ကလေး ပြင်သစ်ပြည်မှာ ကွေးနေအောင် က နေ၏။ ကြွနေအောင် က နေ၏။ လှုနေအောင် က နေ၏။

**"ဆေးကြိတ်မယ်လား**
**ဖိုလ်ထိုးမယ်လား**
**ဆေးလေး ကြိတ်မယ် ကြိတ်မယ်လား**
**ဖိုလ်လေးထိုးမယ် ထိုးမယ်လား"**

(မန္တလေးမြို့မှရုပ်သေးဆရာကြီးတစ်ဦးသို့)

■

မြန်မာဆိုင်းမ်
မေ-၂၉-၂၀၀၉

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဆရာချို မွတ်သိပ်မှု

မောင်ကိုကို (အမရပူရ)

(၁)

အင်းဝချိုတောထဲယာတောဘေးမှာမွေးလို့ သူ့နာမည်က မောင်ချို တဲ့။ သူငယ်ငယ်က ဘုန်းကြီးကျောင်းမှာပညာသင်ကြားရတယ်။ ဘုန်းကြီးပျံ၊ဘတော်ပျံ၊မယ်တော်ပျံတွေကို အလွန် စိတ်ဝင်စား ပူးကပ်တတ်တဲ့မောင်ချိုလေး… ဘုန်းကြီးပျံရှိတယ်ဆိုရင် စပ်ဆရာတွေထံ ဆေးဖျော်စုတ်ဆေးအခမဲ့ ဝင်လုပ်အားပေးတဲ့ မောင်ချိုလေး။

စပ်ဆရာတွေကလည်း မောင်ချိုလေးရဲ့ဝါသနာကို သိတော့စပ်ပန်းချီပညာသင့်ပေးကြပေါ့။ ခိုင်းရင်းသင်၊ သင်ရင်းခိုင်းပေါ့။ မြူပန်းကနုတ်တွေမှာ ဆေးဖြည့်ခိုင်း၊ခံဆေး၊အုပ်ဆေးရွှေမင်ငွေမင်သုံးနည်းသင်ပေး၊ နီ၊ ဝါ၊ ကြိမ် နဲ့ ရုပ်လုံးရုပ်ကြွဖော်၊ စုပြီး၊ စပ်ပြီး၊ ပေါင်းပြီး လုပ်ကိုင်ရတဲ့ စပ်ပန်းချီယာယီလုပ်ငန်းကို မောင်ချို အတော်လေး လုပ်တတ်ကိုင်တတ်လာတယ်။

မောင်ချိုဟာ မကျွပ်လည်းဆောက်တတ်၊ဖျက်တတ်ပါရဲ့၊ တောက်မီးခဲတရဲရဲတဲ့၊ပန်းချီတော်ဦးကြာညွန့်ရဲ့သားတပည့် ဆရာစာထံ ပန်းချီပညာသင်ဖို့သွားရောက်ပါလေရော။ပုရပိုက်အနက်ပေါ်မှာ ကံ့ကူဆံနဲ့ မျဉ်းကြောင်းလေးတွေဆွဲ၊ လက်သေအောင်ဆွဲ၊ အသားကျအောင်ဆွဲ…ဆွဲ…ဆွဲ…ဆွဲ၊

မောင်ချို….လက်ရဲပြီလား။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဒါဆိုမိုင်းကိုင်စက္ကူပေါ်မှာ စုတ်တံသေးသေးချွန်ချွန်လေးနဲ့ အခါခါအထပ်ထပ်ရေးဆွဲပါစေ။ ခြူး၊ ကနုတ်လေ့ကျင့်။ ဆင်ပုံ၊ မြင်းပုံ၊ ခြသေ့်ပုံ၊ လူပုံအကုန် ရေးဆွဲလေ့ကျင့်နေ။

(၂)

ခရစ်နှစ် ၁၈၇၈ ခုနှစ်မှာ သီပေါမင်းထီးနန်းတက်ပြီ။ ၁၈၈၁ ခုနှစ်မှာ ဦးကြာညွန့် မရှိတော့။ ဆရာစာ က နန်းတွင်းပန်းချီတော်ဖြစ်လာတယ်။ မောင်ချုံက ဆရာစာရဲ့ တပည့်ပေါ့။ ကံဆိုးတဲ့ဆရာစာ မျက်စိကွယ်သွားတော့ကံကောင်းတဲ့မောင်ချုံက လူငယ်လူရွယ်ဘဝနဲ့ နန်းတွင်းပန်းချီကျော်အဖြစ် မြှောက်စားခံရတယ်။ကျေးဇူးတရားကိုသိတတ်တဲ့ မောင်ချုံဟာ ဆရာစာကို အလုပ်အကျွေးပြုပါတယ်။

အဲဒီအချိန်က မန္တလေးနန်းတွင်းမှာ အီတာလျံပန်းချီကျော်နှစ်ဦးလည်းရှိတော့ မောင်ချုံဟာ သူတို့နှစ်ဦးထံကလည်း ဥရောပပန်းချီပညာသင်ယူတယ်။ ပင်ကိုယ်စိတ်ဓာတ်က မြန်မာဆန်ပြီး မြန်မာ့အနုပညာအပေါ် လေးနက်စွာအခြေခံတော့ သူ့ရဲ့မြန်မာဟန်ကပျက်ရွေ့မသွားဘူး။

သီပေါမင်းလက်ထက် မန္တလေးနန်းတွင်းမှာ ပန်းချီတော်ဖြစ်လေတော့ မောင်ချုံလို့ခေါ်လို့ မဖြစ်ကြတော့။ ဆရာချုံ ဖြစ်ပြီပေါ့။

ထီးဖြူ၊ ယပ်၊ ရေတကော်င်း၊ ကွမ်းအစ်၊ ကလပ်၊ လှေတော်၊ ကရဝိက် ဖောင်တော်၊ ဝေါ၊ ရထား၊ ခြေနင်း၊ သန်လျက်၊ အုပ်၊ မကိုဋ်တော်၊ သရဖူတော်၊ ဗောင်း၊ ဝတ်လုံ၊ စလွယ်၊ ဘွဲ့ဖြူ တုရင် စောင်အကျီကြီးစတဲ့ မင်းခမ်းမင်းနားပစ္စည်းတွေ၊ အဝတ်အစားတွေကိုလည်း ဆရာချုံက ပန်းချီဆွဲတာပဲ။ ရွှေနန်းတော်သိမ်း အခမ်းအနား၊ မဟာသင်္ကြန်တော် အခမ်းအနားတွေလည်း ပန်းချီဆွဲတာပဲ။ ၄၅ ဒီဂရီ အပေါ်စီး မြင်ကွင်းကျယ် ရေးဆွဲနည်းနဲ့ အခမ်းအနားတွေကို ရှုမြင်ရေးဆွဲတတ်တယ်။

ပုရပိုက်ပေါ်မှာ ဇာတ်နိပါတ်တော်တွေလည်း ရေးဆွဲတာပဲ။ မင်း၊မိဖုရား၊ မှူးမတ်၊သားတော်၊ သမီးတော်ရဲ့ပုံတူတွေ၊မိသားစုပုံတွေလည်းပန်းချီဆွဲတာပဲ။သာမန်ပြည်သူတွေရဲ့ပုံတူကိုလည်း ပန်းချီဆွဲတာပဲ။ ဆရာချုံ အကုန် အစုံအလင် ရေးဆွဲတယ်။ နန်းတော်အတွင်းရော၊ နန်းတော်ပြင်ပရောပေါ့။

(၃)

၁၂၄၇ ခုနှစ်၊တန်ဆောင်မုန်းလဆုတ်၈ရက်နေ့၊ သီပေါနဲ့စုဖုရားလတ် အင်္ဂလိပ်

အလိုကျပါတော်မူရပြီ။ (ပြန်လည်ပြောပြရတာတောင် အသည်းနာသကွဲ့)မန္တလေးတစ်မြို့လုံးဟာ လှုပ်လှုပ်ရွရွ နန်းတွင်းပန်းချီတော်ဆရာချုံမှာလည်း ဆောက်တည်ရာမရ။

ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်း။

နိုင်ငံဟာရှုံးရပေါ့။ ဒီနဝ်သံတွေဟာဆရာချုံရဲ့အသည်းနှလုံးပေါ် နင်းဖြတ်လို့သွားပေါ့။ ဆရာချုံရဲ့ အသည်းနှလုံးကိုခင်းပေးရပါပြီ။ နင်းပြီးရင်း နင်း၊ နင်းလို့မဆုံး နင်းသွားကြပြီပေါ့။

အဲလိုစူးစူးနစ်နစ်ခံစားရမှုကို **'ပါတော်မူ'** ပန်းချီကားအဖြစ်အနုပညာနဲ့ ပြန်အန်ထုတ်ခဲ့ပါသည်။ အဲသည့် **'ပါတော်မူ'** ပန်းချီကားကြီးကိုယ်တိုင် တိုင်းခြားသို့ ထပ်မံပါတော်မူရပေါ့။

မန္တလေးရဲ့အရှင်နှစ်ပါး ပါတော်မူပြီး နောက် ဆရာချုံလို နန်းတွင်းအနုပညာရှင်တွေ ဖရိုဖရဲ ပြိုကွဲရပေါ့။ မြန်မာစစ်သည်တော်တွေ အင်္ဂလိပ်ထံ လက်နက်ချခဲ့ရပါတယ်။

ဆရာချုံရဲ့ပန်းချီအနုပညာကတော့ လက်နက်မချပါ။ နန်းတွင်းပန်းချီကျော်မဟုတ်တော့ သော်လည်း ဆရာချုံဟာ ပန်းချီအနုပညာနဲ့ပဲ ရပ်တည်တယ်။ ပန်းချီအနုပညာနဲ့ပဲ ရှင်သန်တယ်။ ပန်းချီအနုပညာနဲ့ပဲ မိသားစုကိုခေါ်ပြီးအထက် မြန်မာပြည်တစ်လွှား ပြေးလွှားရုန်းကန်ရပြီပေါ့။ အင်္ဂလိပ်အစိုးရရဲ့ သံသယနဲ့ ငြိုပတ်ရှုပ်ထွေးကာ ဆရာချုံဟာ ထောင်သုံးလကျခဲ့ပါသေးတယ်။

သူ့ကျွန်မခံ လိုတဲ့ ဆရာချုံဟာ သူ့ကျွန်ဘဝရဲ့အရသာနဲ့ နန်းတွင်းက လွတ်လပ်ပျော်ရွှင်ရတဲ့ အရသာကို နှိုင်းယှဉ်ခံစားမိပြီး ပန်းချီအနုပညာတွေ ပိုမိုဖန်တီးမိပြန်ပေါ့။ လယ်ထွန်မင်္ဂလာသဘင်၊ ညီလာခံသဘင်၊ မန္တလေးမြို့နန်းတော်ဥယျာဉ်အတွင်းမြင်ကွင်း။ သူ့ရင်အတွင်း လင်းကျင်း ဝင်ရောက်ပေါ့။

စုန်းတောက်စားသလို ပန်းချီအနုပညာဓာတ်တွေစီးပြီး ပန်းချီကားတစ်ကားပြီးတစ်ကား ဖန်တီးလို့သာနေတော့တယ်။ ဘုန်းကြီးပျံရှိရင် မဏ္ဍပ်အငယ်စားထိုးပြီး ဆရာချုံဟာ သူ့ပန်းချီကားတွေကို ချိတ်ဆွဲပြသတယ်။ ဝယ်ယူသူရှိရှိ မရှိရှိ။ ဖန်တီးပြသဖို့ကသူ့တာဝန်။ဟိုခေတ် ကတည်းက ဆရာချုံဟာ တစ်ကိုယ်တော် ပန်းချီပြပွဲကျင်းပခဲ့ပေါ့။(ကိုလိုနီခေတ်ဆရာချုံတစ်ကိုယ်တော်)

အနုပညာနဲ့ ရပ်တည်ရှင်သန်ဖို့ ခက်ခဲတဲ့ ခေတ်ဆိုးကြီးထဲမှာပဲ ဆရာချုံဟာ အနုပညာနဲ့ သူ့မိသားစုနဲ့ တရွတ်ဆွဲ ပြေးလွှားခဲ့တယ်။ ပြေးရင်းလွှားရင်း၊ ရုန်းရင်းကန်ရင်း၊ လဲကျပြီး ပြန်ထရင်းနဲ့ပဲ ဆရာချုံဟာသူ့ဇနီးမယားကိုခေတ်ဆိုးကြီးထံသို့ကျွေးလိုက်ရပေါ့။ (ထီးအရိပ်နန်းအရိပ်ရဲ့နောက်ဆုံး ပန်းချီတော် ကြေကွဲရပြီ)

www.burmeseclassic.com
the bookhouse

www.burmeseclassic.com


(၄)

အထက်အညာဒေသမှာအနုပညာသည်တစ်ဦးထံသို့ နံရံတွေကအဘက်ဘက်ကပြေးလာကြရဲ့။ သူကျဉ်းမြောင်းကျပ်တည်းရပြီ။ ဘ၀ကို ပြောင်းရွှေ့မှဖြစ်တော့မယ်။ သူ့ပန်းချီအနုပညာ လွတ်မြောက်ရာဒေသဆီ သူ ရည်မှန်းပြေးရပြန်ပေါ့။ ဒီလိုနဲ့ ဆရာချုံဟာ အောက်ပြည်အောက်ရွာသို့ ရောက်သွားပါတယ်။

သူ့အနုပညာနဲ့ သူ့ဘ၀ကို အသစ်စိုက်ပျိုးလိုက်တဲ့နေရာကတော့ မအူပင်မြို့နယ်၊ **မလက်တို**ရွာ။ ဆရာတော်တစ်ပါးရဲ့ကျောင်းအရိပ် ဇရပ်တန်ဆောင်းအရိပ်မှာ ခိုလှုံခွင့်ရပြီ။ အနုပညာတွေကို ဖန်တီးဖို့ အခွင့်အလမ်းအချို့ရပါပြီ။ သူ့ဘ၀နုပျိုရှင်သန်းလာတယ်။ ၃၂ နှစ်အရွယ်အပျိုကြီးအောက်သူ **မငွေခင်** နဲ့ အိမ်ထောင်ပြုတယ်။

၁၉၄၉ ခုနှစ်နောက်ပိုင်းမှာ ဆရာချုံမိသားစု ရန်ကုန်မြို့သို့ပြောင်းရွှေ့ပြန်ပြီ။ ရန်ကုန်မှာတော့ လုပ်ခင်းကိုင်ခင်းပိုလို့သာယာမယ်ဆိုတဲ့မျှော်လင့်ချက်ကိုဦးထိပ်ပန်ဆင်လို့ပေါ့။ ဘုန်းကြီးလမ်းနဲ့ကျုံးကြီးလမ်းထောင့်က နှစ်ထပ်ပျဉ်ထောင်အိမ်ပေါ်မှာ သူတို့ ငှားရမ်းနေထိုင်ကြတယ်။

ရန်ကုန်မှာ ဆရာချုံဟာ ရုပ်ရှင်ပိုစတာတွေရေး၊ ဆိုင်းဘုတ်တွေရေး။ ပန်းချီကား သန့်သန့်ဆွဲခွင့်မကြုံလည်း ပန်းချီအနုပညာနဲ့နွယ်ပြီး အသက်ကလေးကို မွေးတယ်။ ယိုးဒယားဟန်၊ မြန်မာဟန်ပေါင်းစပ်ပြီးတော့ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဆင်၊ ကျား၊ ခြသေ့စိတ်နဲ့ထိပ်တိုက်တွေ့ရာ၊ အလုပ်နဲ့ထိပ်တိုက်တွေ့ရာ သူရေးခြယ်ပါတယ်။ ရွေးချယ်လို့မရ။ ရေးခြယ်နေရတာဘ၀။ ဆရာချုံဟာ ဆင်ရုပ်ရေးရာမှာ အသက်ဝင်ပြီး မာန်ပါလွန်းလှတယ်။ သူဟာ အဆောက်အအုံ ဆိုင်ရာဗိသုကာအလုပ်လည်း လုပ်လိုက်တာပဲ။ သရက်တောကျောင်းတိုက်ထဲမှာ အင်္ဂရုတ်လည်း ထိုးလိုက်တာပဲ။ ပုညကုသလ ဗဟုကရ အသင်းကြီးထဲဝင်ပြီး အဲသည်အတွက် အလှူမဏ္ဍပ်ကြီးလည်း ဟည်းထနေအောင် ထိုးပေးလိုက်တာပဲ။ ဇာတ်တွေ၊ အငြိမ့်တွေရဲ့ ဆက်တင်တွေ၊ နောက်ခံပန်းချီကားတွေလည်း ရေးလိုက်တာပဲ။

ကျားတံဆိပ် တရုတ်သူဌေးက ဆရာချုံရဲ့ ပန်းချီလက်ရာတွေကို ကြိုက်တော့ ဆရာချုံ့ထံ လိုက်လာတယ်။ ဒီလိုနဲ့သွပ်ပြားပေါ်မှာ သဘောၤဆေးနဲ့ အိန့်အန်တောင် ကျားတံဆိပ်ဆေးကြော်ငြာတွေ ရေးခွင့်ကြုံရတယ်။ ပိုက်ဆံရတယ်။ မှန်ပေါ်မှာသဘောၤဆေးနဲ့ဗုဒ္ဓဝင်ပန်းချီကားလည်း သူစမ်းသပ်ရေးပြီ၊ လူတွေကပုံတူပန်းချီကားလာအပ်လည်း သူပျော်ပျော်ရွှင်ရွှင် ရေးပေးလိုက်တာပဲ။ သူရေးတဲ့ပုံတူတွေက




အသက်ဝင်ထူးခြားတယ်။ အခွင့်သာတဲ့ ဘီဒီယယ်မှာ သူ့ပန်းချီအနုပညာကို ပစ်ကြဲခဲ့တယ်။ ဆရာချုံဟာ အိမ်ထောင်သစ်နဲ့ သားနဲ့သမီး ပွားစီးသေးတယ်။

ပန်းချီ ပန်းပု စပ်ပညာ၊ မဏ္ဍပ်၊ ဆိုင်းဘုတ် အကုန်လုပ်ရင်း ဆရာချုံဟာ မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ အသက် ၅၁ နှစ်အရွယ် ရန်ကုန်မြို့ ကျုံးကြီးလမ်းမှာပဲကွယ်လွန်သွားရပါတယ်။ ပန်းချီအနုပညာသမားအဖြစ် ရုန်းကန်ရင်း ကွယ်လွန်သွားရတာပါ။ (ရှင်ဘုရင်ခေတ်ရဲ့ နောက်ဆုံးပန်းချီတော် ဆုံးပါးရပြီ)

(၅)

သူ တကယ်ရေးဆွဲချင်တဲ့ သူ့ပန်းချီအနုပညာရဲ့တန်ဖိုးကို နိုင်ငံခြားသားတွေကပိုသိခဲ့ဟန်ပါပဲ။ ထီးအရိုးနန်းအရိုးရဲ့နောက်ဆုံးပန်းချီတော်ဆရာချုံဟာအနောက်နိုင်ငံသားတွေရဲ့မှတ်တမ်းတင်မှု ခံခဲ့ရသူပါ။ ဆရာချုံရဲ့သိပ်အနုပညာမြောက်ခဲ့တဲ့ပန်းချီကားအများစုက 'အနောက်' မှာပါ။ ကျွန်တော်တို့တိုင်းပြည်မှာမရှိတော့ဘူး။ ကျွန်းသစ်ကကျွန်းပင်တွေထပ်စိုက်ပြီး နောက်မျိုးဆက်က စောင့်လို့ရတယ်။ အနုပညာရှင်ဆရာချုံကထပ်မွေးဖွားလို့မရတော့၊ ကျွန်တော်တို့တိုင်းပြည်ရဲ့လူတစ်ယောက်အမေနဲ့မြောဦး InThePalaceGarden,Mandalay-SAYA CHONE ပန်းချီကားအစစ်ကို အရမ်း ခံစားချင်နေပြီဆိုပါစို့။ ဒီတိုင်းပြည်ထဲက ကျွန်တော်ဘယ်သွားကြည့်ရမှာလဲ။ ခင်ဗျားပြောပါ။

**ခုနှစ်သက္ကရာဇ်၊ အချက်အလက် အကိုးအကား**

**(၁) မြန်မာ့စွယ်စုံကျမ်း**

**(၂) ဆရာဦးမင်းနိုင်၏ ပန်းချီတော် ဆရာချုံ (စာပေဗိမာန်ထုတ်စာအုပ်)**

■

မြန်မာတိုင်း(မ်)
ဇူလိုင်၊ ၁၀၊ ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## နန်းတွင်းအပျိုတော်ငယ်၏ တစ်ကိုယ်ရည်စကားပြောခန်း

မောင်ကိုကို (အမရပူရ)

ကျွန်မသည် ၁၈၈၅ခုနှစ်မတိုင်မီ နှစ်အနည်းငယ်အတွင်းက မန္တလေးရတနာပုံ ရွှေနန်းတော်ထဲတွင် မိဖုရားအားခစားခွင့်ရသော အပျိုတော်ငယ်တစ်ဦးဖြစ်ပါသည်။ ကျွန်မသည် ကမ္ဘာကြီးကို သိနားလည် သူတစ်ဦးမဟုတ်ပါ။ နိုင်ငံရေးအကြောင်း ကျွန်မပြောတတ်မည်မဟုတ်ဘဲ ကလေးအတွေးကိုသာ ပြောတတ်ဆိုတတ်သူ တစ်ဦးဖြစ်ပါသည်။ ပြင်သစ်ပြည်သည် ကမ္ဘာကြီး၏ မည်သည့်နေရာတွေရှိသည်၊ အင်္ဂလန်နိုင်ငံကို မည်သည့်ပုဂ္ဂိုလ် အုပ်ချုပ်မင်းလုပ်သည်ဆိုသည်ကို ကျွန်မ မသိပါ။ ကျွန်မ၏မိဖုရားသည် ပြင်သစ်မှ မှာယူသော အသားလှရည်များ အမြဲလိမ်းသတတ်သည်ကို ကျွန်မသိပါသည်။ ကျွန်မ၏မိဖုရား နှုတ်ခမ်းကိုရဲနေအောင် ဆိုးထားတတ်သည်ကို ကျွန်မသိသည်။ ကျွန်မ၏မိဖုရား ကြော့ရှင်းစွာ ဝတ်စားဆင်ယင်နေထိုင်တတ်သည်ကို ကျွန်မသိသည်။ ထို့ပြင် မိဖုရားသည် ကျွန်မအကဲသရသော စီးကရက်ကိုလည်း အရသာခံ ဖွာရှိုက်တတ်ပါသေးသည်။

မိဖုရား၏မျက်လုံးများကား ကျွန်မအတွက် အလွန်အံ့ဩထူးဆန်းပြီး 'မှော်' ဆန်လှပါသည်။ မျက်လုံးထဲမှာ ညိုပြာနက်ရှိုင်းသော ရေအိုင်ငယ်ရှိပါသည်။ ထိုညိုပြာနက်ရှိုင်းသောရေအိုင်၏ အောက်ခြေမှာ မီးတောက်မီးလျှံ ရှိနေပြန်ပါသည်။ စိတ်၏ဆန့်ကျင်သောအရာ၊ လူနှင့်တွေ့လျှင် ထိုမီးတောက်မီးလျှံသည် ဟုန်းကနဲ ဝင်းလက်တောက်ပလာသည်။ သူချစ်ခင်သော မိတ်ဆွေများနှင့်တွေ့လျှင် သူမျက်လုံး၊ သူ့အမူအရာများသည် မှော်ပဉ္စလက်ဆရာတစ်ဦးထက်ပင် ဆွဲဆောင်နိုင်သော စွမ်းအား

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကောင်းခဲ့ပါသည်။ သူ့အသံသည် ငွေဆည်းလည်းသံကဲ့သို့ ကြည်လင်သည်။ လူတစ်သားအပေါ် အနိုင်ယူ လွှမ်းမိုးနိုင်သော ဩဇာအာဏာနှင့် ပြည့်စုံသောအသံကို သူပိုင်ဆိုင်သည်။ ငြိမ်သက်သော ရေပြင်လွှာကိုပင် လှုပ်ရှားခုန်ပေါက်လာစေနိုင်သော အသံဖြစ်ပါသည်။ သူ့မှာ ဒေါသထွက်တတ် ဒေါသကြီးတတ်သော်လည်း မင်းတရားကြီးအပေါ်၌ အချစ်ကြီးလွန်းလှသည်။ သီပေါဘုရင်ကို မင်းတရားကြီးဖြစ်၍သာ သူချစ်ခဲ့သည်မဟုတ်၊ ဘဝရေစက်ကြောင့်သာလျှင် ချစ်ခဲ့ခြင်းဖြစ်သည်။ အသည်းနှလုံးမှ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှ နှစ်နှစ်ကာကာ လေးလေးနက်နက် ချစ်ခဲ့သောအချစ်မျိုး ဖြစ်သည်ဟု ကျွန်မဆိုချင်ပါသည်။ ထိုအချစ်သည် ၁၅၀၀ ဆန်လွန်းသောကြောင့်လည်း မိဖုရားမှာ မနာလိုဝန်တိုစိတ်များဖြင့် မှောင်မိုက်ကျဉ်းကြပ်နေရသော ရက်များလည်း ရှိမည်။ စိုးရိမ်စိတ်မချရမှုသည် ရင်ထဲမှ သောကအပူကို ကြီးထွားစေ၏။ 'မင်းတရားကြီးကို မထိနဲ့၊ ခားကြည့်' ဟု မိဖုရား၏နှုတ်မှ မပြောသော်လည်း မျက်လုံးအတွင်းထဲမှ မီးတောက်မီးလျှံများက ပြောပြနေသည်။ လူသတ်ကွင်းမှ အာဏာပါးကွက်သား၏ သွေးဆာသောမားကို မြင်ယောင်ကြည့်တတ်ပါလျှင် ရနောင်မင်းသား နှင့်ပတ်သက်သော အလွန်လှပချောမောသော မိန်းမသားလေးသည် မင်းတရားကြီးကို မာယာ ထောင်ချောက်ဆင် ဖမ်းဖြစ်ခဲ့မည်မဟုတ်ဟု ကျွန်မတွေးထင်ကြည့်မိပါသည်။

ကျွန်မကဲ့သို့ ငယ်ရွယ်လွန်းပြီး အပြစ်ကင်းစင်သူအဖို့ မိဖုရားအပေါ် အမြဲချစ်ကြောက် ရှိသေကာ သစ္စာစောင့်သိဖို့ ရွှေနန်းတော်ထဲမှာ နေထိုင်ရသည်မှာ ပြဿနာလည်းမရှိ၊ အန္တရာယ်လည်း မတွေ့နိုင်ပါ။ မိဖုရားသည် ကျွန်မအပေါ် အလွန်ကောင်းမွန်ပြီး စိတ်ဆင်းရဲညစ်နွမ်းမရှိစေရဘဲ အလွန်ဂရုစိုက်ရှာပါသည်။ကျွန်မသည် မိဖုရားကိုချစ်သည်။ မိဖုရားက ကျွန်မတို့ကို ချစ်သည်။ ကမ္ဘာကြီးထဲကို ထိုးဖောက်မမြင်နိုင်သော ရွှေနန်းတော်ထဲတွင် ကျွန်မအလွန်ပျော်ရွှင်ခဲ့သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘောထားကွဲလွဲမှု၊ စွက်ဖက်လိုမှု၊ နယ်ချဲ့သိမ်းပိုက်လိုမှု၊ လက်နက်မျာ၊ စစ်ပွဲများသာ ဤကမ္ဘာမှာမရှိခဲ့လျှင် ရွှေနန်းတော်ပရဝုဏ်ထဲတွင် ကျွန်မသည် ၁၀ အနှစ် ၂၀ ကြာ အောင် ပျော်ရွှင်ခွင့်ရပါလိမ့်မည်။ မိဖုရားနှင့် ကျွန်မတို့သည် ဥယျာဉ်တော်ထဲတွင် တူတူပုန်းတမ်းလည်း ကစားကြပါသည်။ မိဖုရားပုန်းသည်။ အပျိုတော်များပုန်းသည်။ အပျိုတော်အငယ်လေးဖြစ်သော ကျွန်မပုန်းသည်။ အပုန်းတော်သောအပျိုတော်ကို ကျွန်မတို့လုံးဝရှာမတွေ့ကြပါ။ ပါးနပ်ပြီးသား အပျိုတော်များသည် မိဖုရားပုန်းသည့်အလှည့်မှာ မိဖုရား မပုန်းသည့်နေရာတွေမှာသာ လိုက်လံ ရှာဖွေကြပါသည်။ "မိဖုရားကြီးက သိပ်အပုန်းတော်တာပဲ. . ရှာလို့ကိုမတွေ့နိုင်ဘူး" ဟုပြောရင်း

the bookhouse



ရှာကြရာ အချိန်အတော်လေးကြာတော့မှ မိဖုရားက ရယ်ရယ်မောမော ထွက်လာတတ်ပါသည်။ "ဟောတော်. . မိဖုရားကြီး ထွက်လာပြီ. . တကယ်ပဲ ကျွန်မတို့ မိဖုရားကို ရှာလို့ကို မတွေ့နိုင်ဘဲ. . အံ့ရော အံ့ရော" ပြောကြသောအခါ မိဖုရားက လှပစွာရယ်မောသောအခါ ပန်းများပွင့်လာသလို အလွန်လှသည်။ လူရည်မလည်သေးသော ကျွန်မ အပျိုတော်ဖြစ်စဉ်က တူတူပုန်းနေသော မိဖုရားကို တွေ့အောင်ရှာနိုင်ခဲ့ပါသည်။ သူ့ရဲ့ကောင်းကြီးလို့ ကျွန်မ ပျော်ရွှင်သွားပါသည်။ ဝါးရုံတောငယ်လေး နောက်မှ တောင်ကုန်းကလေးပေါ်မှာ မိဖုရားဒူးထောက်၍ ပုန်းနေခဲ့ပါသည်။ မိဖုရားသည် ရင် တဒိတ်ဒိတ်ခုန်နေပေလိမ့်မည်။ ကျွန်မတောင်ကုန်းလေးပေါ် တက်သွားသည်။ "ဟောဒီမှာ မိဖုရား တွေ့ပြီရှင့်" ဟု ကျွန်မက အခြားအခြား အပျိုတော်များကြားအောင် အော်လိုက်သည်။ ကျွန်မ မိဖုရားကို တွေ့အောင်ရှာနိုင်၍ အလွန်ပျော်ရွှင်သွားသည်။ မိဖုရားသည် ရွှေလက်တော်မှ ပတ္တမြား လက်ကောင်တစ်ကွင်းချွတ်ပြီး ကျွန်မကို ဆုအဖြစ်မချခဲ့ပါ။ မိဖုရား၏ တုံ့ပြန်မှုမှာ ကျွန်မ၏ ပါးကို ဖြန်းကနဲ ရိုက်ချလိုက်ခြင်း ဖြစ်ပါသည်။ မိဖုရားအလွန်စိတ်ဆိုးနေသည်။ ကျွန်မလည်း အလွန်ရှက်ပြီး ကြောက်ရွံ့သွားခဲ့ပါသည်။ မိဖုရားကိုတွေ့အောင်ရှာဝံ့သူမှာ 'မင်းတရားကြီး' တစ်ဦးတည်းသာရှိကြောင်း နောင်သောအခါ ကျွန်မနားလည်သွားခဲ့ပါသည်။ တူတူပုန်းလျှင် မိဖုရားကိုမတွေ့အောင်ရှာရမည်။

ထိုကိစ္စအတွက် ကျွန်မအပေါ် မိဖုရားက အမှတ်သည်းခြေမထားရှိပါ။ နောက်နေ့တွင် ကျွန်မတို့သည် နန်းတော်အဆောင်ထဲသို့ မျက်စိလည် လမ်းမှားပြီးဝင်လာသော ကြိုးကန်းတစ်ကောင်ကို ဖမ်းကြသည်။ ကြိုးကန်းကိုမိသောအခါ မိဖုရားက သူ့နှုတ်သီးကို ရွှေချ၊ ခြေထောက်မှာ လက်စွပ် ဝတ်ဆင်၊ လည်ပင်းမှာ ကြိုးကွင်းလေးတစ်ခုဆွဲပြီး လွှတ်ပေးလိုက်ကြပါသည်။ ဤသို့ဖြင့် ကြိုးကန်းများကို အပျော်ဖမ်း အပျော်လွှတ်ရသည်မှာ နန်းတော်ထဲမှာ ပျော်ရွှင်ဖွယ်ရာ ကစားနည်းအသစ်ကို တွေ့ကောက်ယူ ရရှိသလို ကျွန်မတို့ကစားကြရ၏။ တစ်ခါတွင် မိဖုရားသည် မင်းတရားကြီးနှင့်အတူ ရွှေလှေတော်စီးနေစဉ် ငါးတစ်ကောင်သည် လှေဝမ်းထဲသို့ ဖတ်ခနဲ ခုန်ကျလာ၏။ မိဖုရားသည် ထိုအဖြစ်အပျက်ပေါ်မှာ အလွန်ရွှင်လန်းဝမ်းသာသွားပြီး အသံကျက်အောင်ရယ်မောလိုက်သည်။ ထို့နောက် ငါးကိုကောက်ယူပြီး ရေထဲသို့ လွှတ်ပေးလိုက်သည်။ မိဖုရားအဝတ်ပေါ်တွင် ရေများ၊ ရွံ့များစင်သွားသော်လည်း ဂရုမမူဘဲ ရေပေါ်မှာလှေပေါ်မှာ မိဖုရားသည် အလွန်ပျော်ရွှင်နေလေသည်။ ရွှေပိန်းချလှေပေါ်မှာ မိဖုရား၏ ရွှေရောင်ပျော်ရွှင်မှု ဖြစ်ပါ၏။

ညချမ်းချိန်ခါတွင် မိဖုရားကို ခစားရင်း ကျွန်မတို့အပျိုတော်များ မိဖုရားကိုပြုံးများ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

တစ်လှည့်စီ ပြောပြကြပါသည်။ ထန်းတက်သမားတစ်ဦး ထန်းပင်ပေါ် မှလိမ့်ကျပြီး ဖုတ်ဝင်သွားသော ပုံဝတ္ထုကို အပျိုတော်တစ်ဦးကပြောပြရာ မိဖုရားနှင့်အတူ ကျွန်မတို့အပျိုတော်များက ရယ်ပြုနားထောင်ကြသည်။ ကျွန်မအဖို့ နန်းတော်ထဲမှာ ကျောချမ်းစရာကြီးဖြစ်နေသည်။ မိဖုရားသည် ထိုပုံပြင်မျိုးကို မကြိုက်တတ်ပါ။ ကျွန်မပြောရသည့်အလှည့်မှာ သစ်ပင်ကြီးတစ်ပင်အောက်တွင် မတ်တတ်ရပ်ပြီး ကျွန်မကိုစူးစိုက်ကြည့်နေသော အဖြူရောင်ဝတ်ဆုံနှင့် တောက်ပကျက်သရေရှိသော ရုက္ခစိုးအကြောင်းပြောပြသည်။ ရုက္ခစိုးကို ကျွန်မ အမှန်တစ်ကယ် မြင်ဖူးပါသည်။ ထိုပုံပြင်အတော်လမ်းကို မိဖုရားကကြိုက်သွားကာ "မိဖုရားကိုယ်တော်တိုင် အဲဒီရုက္ခစိုးကို မြင်ဖူးချင်တယ်" ဟုမိန့်ပါသည်။

ကျွန်မတို့သည် တစ်နှစ်လျှင်တစ်ကြိမ် ဥယျာဉ်တော်ထဲမှာ ရေပက်တမ်း ကစားကြပါသည်။ ဝါးလုံးနိမ့်နိမ့်များကို စည်းအဖြစ်စိုက်ထူကာရံထားပြီး မင်းတရားကြီးနှင့် လူပျိုတော်များ၊ အခြားတစ်ဖက်တွင် မိဖုရားနှင့် အပျိုတော်များက အပြန်အလှန် ရေပက်ကစားကြသော ရေသဘင်ပွဲဖြစ်ပါသည်။ ထိုအချိန် ထိုအခါမှာ ကျွန်မတို့အားလုံး အဝတ်အစားအသစ်ကျပ်ချွတ်များ ဝတ်ဆင်ထားကြပါသည်။ ကျွန်မတို့ အလွန်ပျော်ရွှင်ခွင့်ရသော ရေသဘင်ပွဲ ကျင်းပပေးခဲ့သော မင်းတရားနှင့် မိဖုရားကို ကျေးဇူးတင်ရသည်။ မိဖုရားကို ရေပက်ခွင့်ရှိသူမှာ မင်းတရားကြီးတစ်ဦးတည်းသာ ဖြစ်သည်ကို ပြောပြစရာပင်လိုမည်မထင်ပါ။ အဝတ်တွေရေစိုရွှဲနေသောလည်း ကျွန်မတို့ အပျိုတော်များအား မိဖုရားက တစ်လလျှင် ပိုးလုံချည် (၉)ထည်ပေးသည်မို့ အဝတ်ကိစ္စတွင် ပူပန်ကြောင့်ကြစရာမလိုအပ်ပါ။ ကျွန်မသည် အပျိုတော်များနှင့် ကစားရသော ကစားပွဲတစ်ခုမှ ကံစမ်းမဲသဘော၊ ဆုလာဘ်သဘော ရွှေလက်စွပ်ငယ်လေး တစ်ကွင်းရခဲ့ဖူးသည်။ ပတ္တမြားအနီလေးရွှေသားထဲမှာ မြှုပ်စီထားသည်။ ထိုလက်စွပ်ကလေးသည် သေးငယ်သော်လည်း ကျွန်မအဖို့ နောင်သောအခါ မိဖုရားကို အမှတ်တရလွမ်းဆွတ်စရာ သင်္ကေတလေးတစ်ခု ဖြစ်နေခဲ့ပါသည်။ နန်းတော်ထဲမှာ ကျွန်မတို့ဝတ်သော ပိုးထဘီများမှာ ပန်းရောင်၊ ငွေရောင်များဖြစ်သည်။ မင်းခမ်းမင်းနားတွင် မင်းခမ်းမင်းနားဆန်သော ဝတ်လဲတော်များ ဝတ်ဆင်ရသည်။ မိဖုရားနှင့်အဆင်မတူအောင် ကျွန်မတို့ ကြိုးစားရသည်။ မိဖုရားက အမိန့်ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ ကျွန်မတို့ဘက်မှ မိဖုရားအပေါ် ရိုသေသမှုပြုခြင်းအလိုက်သိခြင်းဖြစ်ပါသည်။ မိဖုရား၏ထဘီအဆင်ကို ခပ်ဝေးဝေးက လှမ်းမြင်ရပြီး အဆင်တူနေခဲ့လျှင် ကျွန်မတို့အခန်းသို့ အမြန်ပြေးပြီး ကွဲလွဲသောအဆင်ဖြင့် ထဘီအသစ်တစ်ထည် လဲလှယ်ဝတ်ဆင်ပါသည်။ ထဘီမှာဘေးကွဲဖြစ်ပြီး ကျွန်မတို့သည် ဝင်းဝါသော ခြေသလုံးသားလေးများပေါ် အောင်





လမ်းလျှောက်တတ်ကြပါသည်။ အကျီမှာ ပိတ်ချောအဖြူဖြစ်သည်။ 'ခါသာ' ပိတ်များဖြစ်ပါသည်။ ပခုံးပေါ်မှာ သစ်လွင်တောက်ပသော အဝတ်သစ်များဖြင့် ရွှင်မြူးသောအပျိုးများဖြင့် နှင်းပန်းများလို အလွန်ကျက်သရေ ရှိနေပေလိမ့်မည်။ နန်းတော်ထဲတွင် ကျွန်မတို့အရပ်ထက်မြင့်သော အလွန်ကြည်လင်ပြတ်သားသော မှိမိပုံနှင့် တစ်ပုံစံတည်းထပ်တူပေါ် ပေါ်လွင်သော ကြေးမုံကြီးများ ရှိနေပါသည်။ မိဖုရားသည် သူ၏ကျက်သရေရှိသောရုပ်သွင်ကို ကြေးမုံမှာ ပြန်ကြည့်ရတာ အလွန်သဘောကျတတ်ပါသည်။ ကျွန်မတို့ အပျိုတော်များသည်လည်း ကြေးမုံကိုကြည့်ရင်း နန်းတော်ထဲမှာ လမ်းလျှောက်တတ်ကြပါသည်။ အလွန်အမင်း ပီတိဖြစ်ရပါသည်။ တစ်ခါသော် မိဖုရား ချစ်မြတ်နိုးစွာ မွေးမြူထားသော သခေါ်ဂ ခွေး အမွေးစုတ်ဖွားလေးကြေးမုံနှင့် နန်းတော်တိုင်ကြားမှာ ညပ်မိပြီး သေသွားခဲ့ဖူးသည်။ စစ်သည်ရဲမက်များက ကြေးမုံကြီးများကိုရွှေ့ရင်း ခွေးကလေးက ကန့်လန့်ကန့်လန့်လိုက်ပါရင်း စစ်သည်ရဲမက်များမသိလိုက်ဘဲ ကြေးမုံနှင့်နန်းတော်တိုင်ကြားညပ်မိကာ သေသွားရခြင်းဖြစ်ပါသည်။ ထိုကိစ္စအတွက် မိဖုရားဒေါသထွက်ဖူးသည်။ မင်းတရား ဖျောင်းဖျမှပျော့ပျောင်းသွားခဲ့ရ၏။ နန်းတော်ထဲမှာ ကြေးမုံများကြီးမားပုံကို ဖော်ပြလိုရင်းဖြစ်ပါသည်။

ကမ္ဘာကို မည်သို့ကြည့်မြင်ရမည်ကို ကျွန်မ မသိခဲ့ပါ။ တွေးလည်းမတွေးတောမိပါ။ မိဖုရားသည် ကမ္ဘာကိုကြည့်မြင်လေ့လာနိုင်ရန်၊ ကမ္ဘာကြီးထံမှ မိမိမတတ်မြောက်သေးသော အတတ်ပညာများ သင်ယူရန်၊ အပျိုတော်အနည်းငယ်ကို နိုင်ငံရပ်ခြားသို့ ငွေကုန်ကြေးကျခံ၍ စေလွှတ်ခဲ့ဖူးသည်။ နှစ်ချီ၍ ကြာမြင့်ခဲ့သည်။ ထိုအပျိုတော်အနည်းငယ် ရွှေနန်းတော်သို့ ပြန်ရောက်လာသောအခါ နန်းမူနန်းဟန်များကွယ် ပျောက်လာခြင်း၊ ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှု အားနည်းပျောက်ဆုံးလာခြင်း၊ မြန်မာကဲ့သို့ မဆင်ယင်တော့ဘဲ အနောက်တိုင်း ဝတ်စားဆင်ယင်မှုများ အစားထိုးလာခဲ့ခြင်း၊ နန်းတော်ထဲမှာ အနေအထိုင်အမျိုးမကျခွကျကျ ဖြစ်လာခြင်းတို့သာ သူတို့ရရှိပိုင်ဆိုင်လာခဲ့ပါသည်။ သူတို့သည်လည်း ကမ္ဘာကြီးထံမှ စနစ်တကျမသင်ယူနိုင်ခဲ့ကြပါ။ ခေတ်မီသိပ္ပံပညာများကို ၁၈၈၅ မတိုင်မီက ထိုအပျိုတော်လေးများ တတ်မြောက်မလာခဲ့ကြပါ။ နိုင်ငံခြားသို့ ပညာတော်သင်သွားခဲ့သော လူပျိုတော်များနှင့်မူ ခြားနားပါလိမ့်မည်။ သို့သော် ထိုလူပျိုတော်များနှင့်ပတ်သက်၍မူ ကျွန်မမှာ ပြန်လည်ပြောပြစရာ စကားလုံးများကို ကျွန်မ မစုဆောင်းမသိမ်းဆည်းမိပါ။ ကျွန်မသည် ဗဟုသုတလေ့လာမှုအားနည်းပြီး ခံစားမှုဘက်မှာ အားသာခဲ့သူတစ်ဦး ဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ ပွဲကို ကျွန်မကြိုက်သည်။ ကျွန်မသည် မိဖုရား၏ အပျိုတော်တစ်ဦးဖြစ်သော်လည်း သာမန်ပြည်သူတစ်ဦး၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှလုံးသားအတိုင်းပင် 'ပွဲ' ကိုကြိုက်ပါသည်။

ပွဲကြည့်ဆောင်သည် ကြီးကျယ်ခမ်းနားပါသည်၊ နန်းတော်၏ တောင်ဘက်တွင်ရှိပါသည်။ နံရံများတွင် ခြူးပန်းခြူးနွယ်များကို ဘောင်ခတ်ပြီး မှန်ကူကွက်သဏ္ဌာန် ဖော်ပြထားပါသည်။ ပွဲကြည့်ဆောင်၏အရှေ့မှာ မင်းတရား၊ မိဖုရား၊ သမီးတော်များ၊ အပျိုတော်များ ထိုင်ကြသည်။ ကပြသူများမှာ ကျွန်မတို့၏ အောက်ဘက်တွင်ဖြစ်ပါသည်။ ကပြသူများနှင့် တစ်ပြေးညီထဲမှာ အစောင့်စစ်သည် ရဲမက်များ၊ မင်းမှုထမ်း၊ မင်းခစားမှုထမ်း ဖူးမြော်ထိုင်ကြရသည်၊ ကျွန်မတို့သည် ဇာတ်ပွဲကြည့်ကြသည်။ ရုပ်ကြီးစင်ကြည့်ကြသည်။ နန်းတွင်းသုံးကချေသည်များသည် ပွဲကြည့်ဆောင်တွင်တစ်ညလုံး ပွဲကကြသည်၊ တစ်ပင်တိုင်အကကိုမူ အနောက်ပိုင်းက နန်းတော်ဆောင်တစ်ခုမှာ လုပ်ပါသည်။ ကချေသည်မှာ အလွန်ချောမောလှပပြီး လက်များမှာ ဖော့ဖယောင်းလို ပျော့ပျောင်းလှပါသည်။

၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ မတိုင်မီ ရက်ပိုင်းကလေးအလိုက နန်းတွင်းမှာ ကျင်းပခဲ့သော ပွဲသဘင်သည် ကျွန်မ၏ အသည်းနှလုံးထဲမှာ အသက်ဆက်ဆုံး ကပြဖျော်ဖြေလျက် ရှိပါတော့သတည်း။ ပြန်တွေးမိတိုင်း ကျွန်မအသည်းနှလုံးထဲမှာ ဆိုင်းသံဂီတသံများကို ပြန်လည်ကြားယောင်မိတတ်သည်။ ထို့နောက် ကျွန်မသည် မိဖုရား ရွှေမျက်နှာတော်ကို ပြန်လည်မြင်ယောင်လာသည်။ ပွဲကြည့်နေသော မိဖုရား၏ မျက်လုံးများမှာ ကြည်စိမ်းတောက်ပနေသည်။ ထိုမျက်ဝန်းတစ်စုံသည် ကျွန်မ၏ အသည်းနှလုံးကို ထိုးဖောက်ကြည့်ရှုနေသလို ကျွန်မခံစားလာရသည်။ ထို့နောက် ကျွန်မသည် အလွန်မာနကြီးသော၊ အလွန်ဩဇာအာဏာ စူးရှသော၊ ဘယ်သောအခါမှ ကျရှုံးသူမဟုတ်ဟု မိမိကိုယ်မိမိ ယုံကြည်တတ်လွန်းသော ကျွန်မ၏မိဖုရား စုဖုရားလတ်၏ မင်းတရားသီပေါမင်းနှင့်အတူတူ သဘောကုန်းပတ်ပေါ်တက်ကာ ရတနာပုံမန္တလေး ရွှေနန်းတော်ကို စွန့်ခွာရပုံကို မြင်ယောင်လာသည်။ ထို့နောက် ကျွန်မသည် ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

ထိုသဘင်ပွဲဆင်ယင် ကျင်းပသောညသည် ရွှေနန်းတော်၏ နောက်ဆုံးပွဲသဘင်ညဖြစ်သည်။ ထုံးစံကျအတိုင်း ပွဲကြည့်ဆောင်ထဲမှာ ပွဲသဘင်ကျင်းပသည်။ မင်းတရား၊ မိဖုရား၊ သမီးတော်များ၊ အပျိုတော်များ၊ မှူးမတ်များသည် ပွဲကြည့်ဆောင်၏ရှေ့ဘက်မှာ ထုံးစံကျအတိုင်း ထိုင်ကြသည်။ ပွဲက သူများကို အပေါ်စီးမှ ကြည့်ရှုရသည်။ မင်းမှုထမ်းများ၊ ကျန်နန်းတွင်းသူ နန်းတွင်းသားများ၊ စစ်သည်ရဲမက်များသည် ပွဲကြည့်ဆောင်အတွင်းမှ ပွဲကသူများကို ဝန်းရံပြီး ထိုင်ကြည့်ကြပါသည်။ ကျွန်မတို့နေရာမှမူ ထိုနန်းပျော်သူ နန်းတွင်းသားများကိုလည်း အပေါ်စီး…

မြင်နေရပါသည်။ ဤအကြိမ်မှာ ပွဲကြည့်ပရိသတ် များပြားလွန်းလှသည်။ ကလေးများ၊ လူကြီးများ တစ်ထပ်ပြီးတစ်ထပ် စီတန်းရပ်ကြည့်နေသော လူစုပရိသတ်ကြီးမှာ ဥယျာဉ်တော်ထဲအထိ ဖြန့်ကျက်တည်ရှိနေပါသည်။ ဇာတ်ပွဲမှာ အင်မတန်ကြီးကျယ်သော ဇာတ်ပွဲဖြစ်ပါသည်။ သူတို့သည် ဘုန်းတော်ဘွဲ့ကို ဖွဲ့ဆို သီကုံးကြပါသည်။ သူတို့သည် ရွှေခြည်ထိုး ငွေခြည်ထိုး အဝတ်အစားများကို ဝတ်ဆင်ထားရာ တေးဂီတတူရိယာသံများထဲမှာ ကပြလျက် ရွှေရောင်ငွေရောင်များ တဖိတ်ဖိတ်တလက်လက် တောက်ပနေတော့သည်။ ဇာတ်ကနေသူများ၏ ရှေ့မှာလည်း မီးတိုင်များ၊ မီးပုံးများ ထွန်းလင်းတောက်ပနေတော့သည်။ မင်းတရားနှင့်မိဖုရား ထိုင်ကြည့်ရှုနေသော စင်မြင့်ပေါ်၌မူ ဖျော့တော့သော မီးအိမ်များကို ထွန်းညှိထားရာ သူတို့အဖို့ ဇာတ်ပွဲကို သက်တောင့်သက်သာ ကြည့်ရှုနိုင်ရန် ဖြစ်ဟန်တူပါသည်။ မိဖုရား၏နားမှာ ပန်ဆင်ထားသော စိန်နားကပ်သည် ပြိုးပြိုးပြက်ပြက် တောက်ပနေပြီး လက်မှ ရွှေလက်ကောက်များမှာ ဝင်းအိနေကြောင်း၊ ထိုမီးအိမ်၏ ဖျော့တော့ပြာလဲသော အလင်းရောင်ထဲမှာ ကျွန်မကောင်းကောင်း သတိထားကြည့်ခဲ့မိပါသည်။ မိဖုရား၏အခြားလက်တစ်ဘက်မှာမူ စိန်လက်ကောက်များကို ဝတ်ဆင်ထားကြောင်းကိုမူ သီချင်းဆိုကောင်းသော ကချေသည်ကို မိဖုရားက သူ၏ စိန်လက်ကောက်တစ်ကွင်းချွတ်ပြီး ဆုချသောအခါမှ ကျွန်မသတိထားခဲ့မိသည်။ ကျွန်မ အပျော်လွန်ပြီး စိတ်ကိုကောင်းကောင်း မစုစည်းနိုင်ခဲ့၍ ဖြစ်ပါလိမ့်မည်။ ထိုညသည် ရတနာပုံ နေပြည်တော်၏ ပွဲကြည့်ဆောင်ထဲမှာ နောက်ဆုံးပွဲကြည့်ခဲ့ရသော ညတစ်ညဖြစ်ပါ၏။

(ပါရဂူ၏ သီပေါမဟေသီ ဘာသာပြန်လုံးချင်းဝတ္ထုစာအုပ်ကို ခံစားရေးဖွဲ့ပါသည်။)

■

မန္တလေးနှင့် ၁၅၀ ပြည့်မဂ္ဂဇင်း
(မန္တလေးအသင်းငိုက်ထုတ်)

the bookhouse

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# စိတ်ခံစားမှုကို အဓိကမထားနဲ့

မောင်ကိုကို (အမရပူရ)

ကွယ်လွန်သွားသော ပန်းချီဆရာကြီးများ၏ ပန်းချီကားများအလယ်မှာ ခင်ဗျား တစ်ည အိပ်ခဲ့ဖူးသလား။ အရမ်း မိုက်တယ်။ အရမ်း အရသာရှိတယ်။

ပံသုစန္ဒာပန်းချီပြခန်းတွင် မန္တလေးမြို့မှာ နေထိုင်ခဲ့ဖူးသော၊ကွယ်လွန်သွားရှာပြီဖြစ်သော ပန်းချီဆရာကြီးများ၏ ပန်းချီပြပွဲကျင်းပစဉ်က ဖြစ်သည်။

ထိုပြပွဲပြုလုပ်ချိန်အတွင်း ညတစ်ညတွင် ပန်းချီဆရာဘိုစောက ပံသုစန္ဒာကို တစ်ညည စောင့်လုပ်သည်။ ထိုအခွင့်အရေးကိုယူကာ ကျွန်တော်က ဘိုစောကို အရက်တစ်လုံးတိုက်ပြီး ကွယ်လွန်သူပန်းချီဆရာကြီးများ၏ ပန်းချီကားများထဲမှာတစ်ည ရီဝေပစ်လိုက်သည်။

ပံသုစန္ဒာပန်းချီပြခန်း၏ ညသည် လျှပ်စစ်မီးရောင်ဖြင့် လင်းသည်ထက် ပန်းချီကားတွေကြောင့် ညပိုင်းမှာပိုလင်းနေ၏။ အောက်ထပ်မှာလည်း ရှေးဟောင်းလက်ရာမွန်ပန်းချီကားတွေ၊ထို ပန်းချီဆရာများ၏ ပုံတူတွေ၊ အပေါ်ထပ်မှာလည်း ကွယ်လွန်သူ ပန်းချီဆရာကြီးများ၏ ရှားရှားပါးပါး လက်ရာမွန်တွေ၊ ကျွန်တော်က အပေါ်ထပ်သို့ တစ်ယောက်တည်း တက်ခဲ့၏။

နေ့ခင်းတုန်းက ဤပန်းချီပြခန်းသို့ ပန်းချီကားကြည့်သူများစွာ ရောက်လာကြ၏။ အချို့ အမျိုးသမီးများက ရှေးလက်ရာမွန်ပန်းချီကားများရှေ့မှာ ကြည့်ရင်းငို ငိုရင်းကြည့်နေသည်။အခုတော့ အောက်ထပ်မှာ ပန်းချီဆရာဘိုစောရှိ၏။ သူသည် ပံသုစန္ဒာ၏ ပန်းချီသင်တန်းဆရာလည်း ဖြစ်၏။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

သူ့အတွက် အရက်တစ်လုံးနှင့် ညနေစာရင်းလိုက်သည်။ လုံးဝ တန်သွားပြီ။

အလွန်တိတ်ဆိတ်သော မန္တလေးည၊ အလွန်ဝိညာဉ်ဆန်သော ပံသုစန္ဒာည၊ အလွန်ပိုးသားဆန်သောပံသုစန္ဒာည၊အလွန်ပိုးသားဆန်သောဦးဘဘက် ည၊ဦးဘရင်ကလေး ည၊ဦးခင်မောင်(ဘဏ်) ည၊ ဦးအောင်ခင် ည၊ ပေါ်ဦးသက် ည။

ဘယ်သူမှမရှိသော ပံသုစန္ဒာပန်းချီပြခန်း၏အပေါ်ထပ်မှာ ကျွန်တော့်အသည်းနှလုံးရှိနေသည်။ ဦးဘသက် ရှိနေသည်. ဦးဘရင်ကလေး ရှိနေသည်။ ဦးအောင်ခင် ရှိနေသည်။ ဦးကံညွန့်ရှိနေသည်။ ဦးခင်မောင်(ဘဏ်)ရှိနေသည်။ ရွှေတိဂုံပန်းချီကားရှိနေသည်။ ထင်ရှားသူပန်းချီကားရှိနေသည်။ ပြည်တွင်းစစ်ပန်းချီကား ရှိနေသည်။ ခေတ်များသည် ပံသုစန္ဒာညမှာ တဖျတ်ဖျတ်တလက်လက်ဖြတ်သန်းနေ၏။ အလှတရားသည်ပံသုစန္ဒာညမှာ ပန်းတစ်ခင်းပြီး ပန်းတစ်ခင်း ပွင့်အာနေ၏။

*"ဦးအောင်ခင်ရဲ့ ပြည်တွင်းစစ်ပန်းချီကားဟာတကယ့်ပြည်တွင်းစစ်ကာလက အခန်းတစ်ခန်းထဲက လူတွေရဲ့ပုံဗျာ။ စစ်ကြီးရဲ့အရိပ်ဟာ အခန်းကလေးထဲက လူတွေဆီ ထိုးကျလာနေတယ်။ စစ်ကြောင့် လူတွေစိုးရိမ်မှုပန်ရုပ်၊စစ်ကြောင့် လူတွေထိတ်လန့်တုန်လှုပ်ရပုံ၊ စစ်ကြောင့်လူတွေ မျှော်မဲ့မျှန့်အခန်းကျဉ်းကလေးထဲဝေါင်နေရပုံဟာကျွန်တော့်ကိုကြက်သီးထစေတယ်ဗျာ"*

နေ့ခင်းက ဤပြည်တွင်းစစ် ပန်းချီကားရှေ့မှာ **ပန်းချီခင်မောင်စန်း** က ကျွန်တော့်ကို ပြောပြခဲ့သောစကား။ အခုတော့ ကျွန်တော်ကိုယ်တိုင် ဦးအောင်ခင်၏ ပြည်တွင်းစစ်ပန်းချီကားရှေ့မှာ ဝေါင်လို့။ အခု ကျွန်တော့်အနားမှာ ပန်းချီခင်မောင်စန်း မရှိ။ ကျွန်တော့်အနားမှာ ဒေါက်တာကိုကိုကြီး မရှိ။ ကျွန်တော့်အနားမှာ ပန်းချီကေထွန်းမရှိ၊ ကျွန်တော့်အနားမှာရာဟုလာမရှိ။ဘုရားသခင် အကျွန်ုပ်၏ ရှေ့မှောက်တွင် ပြည်တွင်းစစ် ဆီဆေးပန်းချီကားကြီး ရှိနေသည်။

ကျွန်တော်သည် ပန်းချီကားကြီးတစ်ကားရှေ့မှ အခြားပန်းချီကားကြီးတစ်ကားရှေ့သို့ ရွှေ့ပြောင်းရောက်ရှိသွား၏။

ဝိညာဉ်တစ်ခုနှင့် စကားပြောနေရာမှာ အခြားဝိညာဉ်တစ်ခုနှင့် စကားပြောဖို့ ရောက်ရှိသွားရသလို။ ပိုးသားဝိညာဉ်တွေကသွယ်တန်းရက်ဖောက်လို့၊ အနုပညာမှော်တို့သည် ငွေရောင်တဖိတ်ဖိတ် ရွှေရောင်တလက်လက်ဖြင့် တောက်ပနေကြ၏။

**ဦးဘသက်၏'ထင်ရှားသူ'**ပန်းချီကားရှေ့သို့ကျွန်တော်ရောက်နေပြီ။ အရောင်နည်းနည်းနှင့်





လိုင်းများ ရှန်းကြွနေအောင် ရေးထားသော ထင်ရှားသူ၊ အမြဲခေတ်မီတောက်ပစွာ ဆွဲဆောင်နေမည့် ဦးဘသက်၏ထင်ရှားသူ။ ပြီးတော့ **တောင်ပေါ်သူ** ပန်းချီကားပေါ်ကသန်မာလန်းရွှင်ပွင့်အာမှု၊ တောင်ပေါ်သူ သည် ကျွန်တော့်ကို အားကောင်းစွာ စုပ်ယူပြီ။

ပန်းချီဆရာကြီး ဦးဘသက် ကို ၁၉၀၃ ခုနှစ်မှာ မန္တလေးရှေ့တော်ပြေးဝင်းတွင် မွေးဖွား၏။ ငယ်စဉ်ဘဝက ဦးကေတုဘုန်းကြီးကျောင်းမှာ ဗုဒ္ဓစာပေကို ဆည်းပူးသည်၊ ညအခါဆို အိမ်တော်ရာဘုရားကို မီးပူဖော်ထားသည့် မယောင်းတိုင်ကိုယူပြီး ပန်းချီရေးတော့သည်။

ဘုရားအတွင်းမှ နတ်ရုပ်၊ ဘီလူးရုပ်၊ဘိလူးခေါင်း၊ ခြင်္သေ့ရုပ်တို့သည် ဦးဘသက် ဘုန်းကြီးကျောင်းဘဝက လေ့ကျင့်ခန်းများဖြစ်၏။ ဦးဘသက်၏ငယ်ဆရာမှာ **ပန်းချီဆရာကြီး ဦးထွန်းရ**။ ကောက်ကြောင်းရေးနည်း သင်ကြားသည်။

လူငယ်ဘဝရောက်တော့ **ဆရာဆောင်**နှင့်အောက်ဒိုးလိုက်ဆွဲသည်။ ဆရာဆောင်၏ ရေဆေးရေးနည်းကို ဦးဘသက် သိမ်းကြုံက်ပေါ့။

ပန်းချီဆရာ ဦးဘသက်သည် **မြို့မငြိမ်း၊ တယောကိုငွေ** တို့နှင့် တွဲဖက်၍ ရှေ့တော်ပြေဝင်း ဆွမ်းဆန့်စိမ်းလောင်လူရွှင်အတွက်တူရိယာအဖွဲ့ ဖွဲ့ခဲ့၏။ ဦးဘသက်၏ လူငယ်ဘဝကာလမှာ ပန်းချီဆွဲလိုက်၊ တယောထိုးလိုက်၊ သီချင်းဆိုလိုက်ဖြင့် အနုပညာသမားပီသစွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့၏။

ဦးအောင်ခင်ပုံတူပန်းချီကားကြီးရှေ့သို့ကျွန်တော်ရောက်သွားပြီ။ပန်းချီဆရာကြီး ဦးအောင်ခင်၏ပုံတူကို အလွန်လက်ရာမြောက်စွာ ရေးဆွဲထား၏။

"ဖေဖေ့ကို မတ်တတ်ရပ်နိုင်ပြီး ဆရာဦးဘရင်ကလေးက ပန်းချီဆွဲတာလေ။ ပန်းချီဆရာအချင်းချင်းဆိုတော့ ပုံတူရေးရင်း ငြင်းကြခုံကြ စကားများကြတယ်လေ။ ပန်းချီကားကိုတော့ ဆရာဦးဘရင်လေးက ပြီးအောင်ဆွဲခဲ့ပါတယ်။ ဒါပေမဲ့ လက်မှတ် မထိုးသွားဘူး။ အဲလိုစကားများချိန်မို့ပေါ့"

**ဒေါ်ချိုချိုအောင်** က ပြောပြ၏။

ပေါလ်ဂေါ်ဂင်နှင့် ဗင်းဆင့်ဗင်ဂိုးတို့ စကားများရန်ဖြစ်ခဲ့ကြဖူးသလို ဦးဘရင်လေးတို့ ဦးအောင်ခင်တို့လည်း ယုံကြည်ရာ ပန်းချီအကြောင်း ပြောကြဆိုကြရင်း စကားများခဲ့ကြပါလိမ့်မည်။

ဦးဘရင်လေးသည် စစ်ပြီးခေတ်တွင် ရန်ကုန်ဆင်းပြီး ရုပ်ရှင်ပိုစတာတွေ ရေးခဲ့၏။ ထို့ပြင် နိုင်ငံကို ချစ်သောစိတ်နှင့် နိုင်ငံ့အကျိုးကို ဆောင်ရွက်နေသော လက်ဝဲပါတီများ၏ ပန်းချီလုပ်ငန်းများ အခမဲ့ ပန်းချီဝင် ရေးခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် **ဦးခင်မောင်(ဘဂျာ)** ၏ **ရွှေတိဂုံ** ပန်းချီကားကို ကြည့်မိပြီ။ မြန်မာနိုင်ငံ၏ မော်ဒန်ပန်းချီလှုပ်ရှားမှုကို ဦးဆောင်သူတွေထဲမှာ ဦးခင်မောင်(ဘဂျာ)သည် အဓိကကျစွာ ပါဝင်ခဲ့၏။ **"မျက်စိအမြင်နဲ့ရတဲ့ ပန်းချီဟာ အမှန်တရားနဲ့နီးတယ်"**ဟု **ဦးခင်မောင်** က ပြောခဲ့ဖူး၏။ ဦးခင်မောင်၏ **မော်ဒန်ပန်းချီစာတမ်း**သည် ၁၉၆၀က အထူးလှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ဖူး၏။

သူကလူငယ်တွေထံ မော်ဒန်ပန်းချီကို လက်ဆင့်ကမ်းခဲ့၏။ မော်ဒန်ပန်းချီနှင့်ပတ်သက်သော **ဦးခင်မောင်(ဘဂျာ)**၏အယူအဆအချို့ကို ကျွန်တော်တို့မမေ့။ သူ့စကားလုံးများက ကျွန်တော်တို့ကို ရဲဝံ့စေ၏။သူ့စကားလုံးတွေက လမ်းပြကြယ်။

*(၁)အရင်ကတတ်ခဲ့တဲ့ အကဲဒမစ်ပန်းချီစည်းကမ်းတွေ၊လေ့ကျင့်သင်ယူထားတဲ့ရေးနည်း အတတ်ပညာတွေကိုဖယ်ရှားပြီး မော်ဒန်အယူအဆကိုအရင်းခံပြီး ကိုယ့် ကိုယ်ပိုင်လက်ရာ ဖန်တီးရမယ်။*

*(၂) Cretivity ဖန်တီးမှုစွမ်းအားကိုအမြဲမွေးမြူရမယ်။*

*(၃) သိပ္ပံပညာအယူအဆကို သဘောပေါက် လက်ခံရမယ်။*

*(၄) အကြောင်းအရာကို အဓိက မထားဘဲ ပန်းချီကားပေါ်က အရောင်၊မျဉ်း၊ ပုံသဏ္ဌာန်ဖွဲ့စည်းမှုကိုအဓိကထားရမယ်။*

*(၅) Art ဆိုတဲ့အဓိပ္ပာယ်ကို ပုံသေမစွဲကိုင်ဘဲ အချိန်ကာလနဲ့ဒေသရဲ့ ပြောင်းလဲမှု သဘောကိုလက်ခံပြီးမော်ဒန်ပန်းချီကိုချဉ်းကပ်ရမယ်။*

*(၆) စိတ်ခံစားမှုကို အဓိကမထားနဲ့။ ခေတ်သစ်ပန်းချီဟာ ဒီဇိုင်းပဲ။ စိတ်ခံစားမှုကို ပုံသဏ္ဌာန်တစ်ခုအဖြစ်သာ ရှုမြင်တတ်ရမယ်။*

အထက်ပါအချက်တို့မှာ ဦးခင်မောင်(ဘဂျာ)၏ မော်ဒန်ပန်းချီအယူအဆအချို့ဖြစ်ပါသည်။ စိတ်ခံစားမှုကို အဓိကမထားနဲ့၊ မော်ဒန်ပန်းချီဟာ ဒီဇိုင်းပဲ။ စိတ်ခံစားမှုကို ပုံသဏ္ဌာန်တစ်ခု အဖြစ်သာ

the bookhouse



ရှုမြင်တတ်ရမယ်။

ကျွန်တော်တို့ရှေ့က အနုပညာရှင်တို့ ခေတ်မီခဲ့ကြပုံကို ကျွန်တော်ဆင်ခြင်မှားများ မိသည်။ ဦးခင်မောင်(ဘဂျာ)၏ရွှေတိဂုံ ပန်းချီကားရှေ့မှာကျွန်တော်မိုးလင်းပေါက်မတ်တပ်ရပ်လျက် ကြည်ညို နေမိ၏။


ရွှေတိဂုံသည် လင်းမြတောက်ပနေ၏။

■

ဦးခင်မောင်(ဘဂျာ)သို့ မြန်မာတိုင်း(မ်)၊
မေ-၁-၂၀၀၉

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် ပင်လယ်ပျော်မော်ကင်း

မောင်ကိုကို (အမရပူရ)

ကျွန်တော်သည် ဆလုံတစ်ဦးဖြစ်သည်။ ကျွန်တော်သည် ပင်လယ်ပျော်မော်ကင်း ဖြစ်သည်။ ကျွန်တော်သည် မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သည်။ မြိတ်အနောက်ဘက်ကျွန်းစုထဲမှာ ကျွန်တော်တို့ နေထိုင်၏။ ကျွန်းပေါ်မှာထက် ပင်လယ်ထဲမှာ နေထိုင်ဖြစ်တာ ပိုများသည်။

ကျွန်တော်ကလေးဘဝက ကျွန်တော့်ကို **'အနဲ'** ဟု ချစ်စနိုးခေါ်ကြ၏။ အဖေကို **အပွန်း** ဟုခေါ်သည်။ အမေကို **အနွန်း** ဟုခေါ်သည်။ အဘိုးကို **အဖော်ထောင်း** ဟုခေါ်သည်။အဘွားကို **ဘွားဖော်ထောင်း** ဟုခေါ်သည်။

ကျွန်တော် အမေ၏ဝမ်းထဲက ကျွတ်တာနဲ့ကျွန်တော့်ကို ပင်လယ်ထဲ ပစ်ချတာခံရသည်။ ငါမသေဘူးရေကူးတတ်သည်၊ ကျွန်တော်ရေပေါ်ပြန်ပေါ်ချိန်မှာ ကျွန်တော့်ကို အပွန်းက ဆွဲယူလိုက်၏။ ကျွန်တော်အော်ငိုလိုက်သည်။ ကျွန်တော်အော်ငိုလိုက်ခြင်းသည် ဆလုံကလေးတစ်ယောက်ရှင်သန်ခြင်း ဟုခေါ်ဆိုနိုင်သည်။

အဲသည့်ကစ၍ ကျွန်တော်ရေငုပ်ကျွမ်းကျင်ခဲ့တာဖြစ်မည်။ ကျွန်တော် ပြေးလွှား နိုင်ချိန်မှာ သဲနွံတွေထဲမှာ သဲပလုပ်ကောင် ရှာတတ်ပြီ။ ကျောက်ဆောင်အကြိုအကြားမှာ ခရင်းကောင် ဘွားတတ်ပြီ။

ဆလုံတို့လည်း ချစ်တတ်ပါသည်။ လူကြီးမင်းတို့သာ ချစ်တတ်သည် မထင်ပါနှင့်။ ကျွန်တော်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လည်း ချစ်တတ်သည်။ လူငယ်တစ်ယောက် ဖြစ်လာချိန်မှာ ကျွန်တော် ကျန်းမာသန်စွမ်းသည်။ ကျွန်တော့်အသားကတော့ ညိုမည်းလှ၏။ ကျွန်တော့်လက်မောင်းတွေက ကြွက်တက်သည်။ သို့သော် ကျွန်တော် ချစ်တတ်သည်။ ကျွန်တော့် သွေးသားထဲက အချစ်ကို ဆလုံအပျိုမကို မှတ်သိပ်လာမိ၏။

ပင်လယ်ပြင်ကြီးမှ ကျွန်တော် ပြန်ရောက်လာနေကျ ည ၇ နာရီ။ ပင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်မှာ မီးပုံပွဲက နီရဲတောက်ပနေသည်။ လူအချို့က ဗုံတို၊ ဝါးဆစ် တီးနေသည်။ တစ်ယောက်က ပလွေကို နှိုးစွာမှုတ်နေ၏။

ဆလုံအပျိုမလေးတွေက မီးပုံကြီးပတ်ပတ်လည်မှာ ရွှင်မြူးတက်ကြွစွာကနေကြသည်။ ကျွန်တော့်ရင်ထဲက ချစ်မေတ္တာ၊ ကျွန်တော့်သွေးသားထဲက ချစ် မေတ္တာကို မီးတောက် ဂီတ၊ အကနှင့် ဆလုံအပျိုမတို့က နှိုးဆွလိုက်ပြီ။ ကျွန်တော်စိတ်ဝင်စားခဲ့မူသော ဆလုံအပျိုမကို သူမ၏ အကနှင့်အတူ ဒီည ကျွန်တော် ချစ်မိသွားပြီ။

ကျွန်တော် ဝင် ကမိပြီ။ ကျွန်တော့်မျက်လုံးက ဆလုံအပျိုမ၏ အသွေး၊ အသားထဲ ထိုး ဖောက်သွား၏။ ဆလုံအပျိုမ၏မျက်ဝန်းတစ်စုံက ကျွန်တော့်ပါးပြင်ပေါ်က ပန်းပွင့်ကိုရှာဖွေတ်နေသည်။

လရောင်သည်၊ဂီတသည်၊သီချင်းသည်ကျွန်တော်တို့နှစ်ယောက်ကို လှပရှုမော့ဖွယ်ကခုန်စေပြီ။ ချစ်ရမွှက်သည့်ရှင်လန်းတက်ကြွစွာကခုန်နေ၏။ ထိုညမှာပဲ ကျွန်တော်တို့နှစ်ဦးသား ချစ်မိသွားကြသည်။ ဆလုံအပျိုမသည်ဘွဲ့ဝိဘလှေပေါ်မှ ကျွန်တော့်လှေပေါ် ရောက်တာနှင့် ချစ်ခင်သက်ထားဇနီးမယားဖြစ် သွားတော့၏။ ကျွန်တော်၏ **ကဗန်းလှေ** ပေါ်သို့ ကျွန်တော့်ချစ်သူရောက်လာလျှင် သူကလေးကို ကျွန်တော်ပိုင်ပြီပေါ့။

ကျွန်တော်တို့ ဆလုံလှေတွေမှာလည်း မင်္ဂလာအခမ်းအနား ကျင်းပပါသည်။ မိဘထံ တောင်းရမ်းသလို ကျွန်တော်တို့ ကိုးကွယ်ပသရာ နတ်ထံကလည်း တောင်းရမ်းသည်။

ကျွန်တော် သစ်ပင်တစ်ပင် ခုတ်သည်။ ထိုသစ်ပင်ကို လူပုံတူ ထုလုပ်၏။ ဆေးနီတွေ၊ ဆေးဝါတွေ ခြယ်သ၏။ ကျွန်တော်နှင့် ကျွန်တော့်သတို့သမီးက ထိုသစ်ပင်ရုပ်ထုဘေးမှာ ထိုင်ကြသည်။ ကျန်လူတွေအားလုံးက ကျွန်တော်တို့ဘေးမှာ ဝိုင်းကကြသည်။ ကျွန်တော်တို့ လက်ထပ်ပြီးတော့ ကျွန်တော်က ကဗန်းလှေ အသစ်တွင်းလုပ်သည်။ ယခင်လှေက မိဘပိုင်လေ။

ယခု ကဗန်းလှေက ကျွန်တော်တို့ကြင်စဦးဇနီး မောင်နှံ၏လှေ။ ကျွန်တော်တို့၏ လက်ဖွဲ့ ပစ္စည်းထဲမှာ ပိုက်ဆံ၊ ခရုခွံပါသလို လှေကလေးတွေလည်း ပါလာတတ်ပါသေးသည်။ ကဗန်း





လှေကလေးတွေများလေ ကျွန်တော်တို့အတွက် ကောင်းလေမဟုတ်လား။ လှေသည် ကျွန်တော်တို့၏ အသွေးအသားဖြစ်သည်။ ဆလုံတစ်ယောက်သည် လှေဆောက်နိုင်မှ၊ ရေငုပ်နိုင်မှ ရေငုပ်နိုင်မှ ဆလုံပီသသည်။

ကျွန်တော်က မိန်းမသားတွေလုပ်နိုင်သည့် အလုပ်မျိုးကို မလုပ်ချင်ပါ။ ရေနက်ထဲမှာ ပင်လယ်မျှော့ငုပ်ခြင်းကို ကျွန်တော်တို့ ဆလုံအမျိုးသားများသာ စွမ်းဆောင်နိုင်၏။ ပင်လယ်မျှော့ဖြူ **(ဝါကျီပေါ်သရ)**၊ မျှော့နီ **(ဝါကျီမလ)**၊ ဖက်မျှော့**(ဝါကျီဘာဗွီး)**ဟူ၍ မျှော့အမျိုးမျိုးရှိသည်။ မျှော့ကို ရေငုပ်ပြီး ဆူးနှင့်ထိုးဖမ်းသည်။ မျှော့ကို ကျပ်ဟင်း၊ အခြောက်လှန်းပြီး ကော့သောင်းဘက်သို့ တိုင်း ကုန်သည် ကျေးလက်သို့ ကျွန်တော်တို့ ရောင်းချ၏။ ကျောက်ပုစွန်များ၊ ကျောက်ငါးများကိုလည်း ရေငုပ်၍ ဆူးထိုးပြီး ဖမ်းသည်။ ပလောတူးငါးကို ရှိုတော့ ညမှာဖမ်းရ၏။

ကျွန်တော် ငှက်သိုက်လည်း ရှာတတ်သည်။ ငှက်သိုက်ခေါ် ငှက်အန်ဖတ် ကို ဆလုံအခေါ် **လံနေဒွငှက်** မြန်မာအခေါ် **ဇီဝဇိုးငှက်** မှ ရသည်။ ဇီဝဇိုးငှက်သည် ကျောက်ဆောင်လိုဏ်ဂူများတွင် အန်ထားခဲ့ကြသည်။

ထိုကျောက်လိုဏ်ဂူထဲသို့ ကျွန်တော်တို့က ရေကူးပြီးဝင်ရ၏၊ ကျောက်တောင်ပေါ်သို့ ကြိုးများဖြင့် တွယ်တက်ရ၏။ ငှက်သိုက်ကိုအဖွဲ့လိုက် ညီညီညွတ်ညွတ်ရှာဖွေကာ ကျွန်တော်တို့ အချင်းချင်း ခွဲဝေစားကြ၏။ ကျွန်တော်တို့ အဖွဲ့မကြီးဖို့ လောဘမကြီးဖို့ အချင်းချင်းရိုးပြင်းဖို့ လိုအပ်၏။

ကျွန်တော်တို့သည် **လူပုန်းနတ်** ကို ကိုးကွယ်၏၊ **လအယ်လူပုန်း** ဟု ခေါ်၏၊ ထို့ပြင် ဘိုးဘွားဝိညာဉ်ကိုကွယ်မှုလည်းရှိသည်။လူပုန်းနတ်သည်ကျွန်တော်တို့ဆလုံတွေ၏ကောင်းကျိုးဆိုးကျိုး ကို ဖန်တီးပေးသည်ဟု ကျွန်တော်တို့က ယုံကြည်ကြ၏၊ ဘိုးဘွားဝိညာဉ်တို့ကလည်း ကျွန်တော်တို့ကို စောင့်ရှောက်သည်ဟု ကျွန်တော်တို့ ယုံကြည်ထားသည်။

လူတွေက ကျွန်တော်တို့ကို **ဆလုံ** ဟုခေါ်သည်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ **မော်ကင်း** ဟုခေါ်သည်။ ဆားငန်ရေအတွင်း နေထိုင်သူကို မော်ကင်းဟုခေါ်၏၊ ကျွန်တော်တို့သည် ပင်လယ် ပြင်မှာ နေပျော်သူများမို့ **ပင်လယ်ပျော်မော်ကင်း** ဟု ပြောလျှင်လည်း ရပါသည်။

အခုတော့ ကျွန်တော်တို့သည်အကျီတုံးလုံး မနေကြတော့ပါ။ ထိုင်းကလာသော စပို့ အကျီကို ဝတ်ဆင်တတ်ပါပြီ။ ကျားတံဆိပ်ဘီယာ ကိုလည်း သောက်တတ်သည်။ ကျောက်ဆူးတံဆိပ် ဘီယာကိုလည်း သောက်တတ်သည်။ ပိုက်ဆံစုမိလျှင် ကျွန်တော့်မိန်းမအတွက် ရွှေဝယ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် အဝတ်တစ်ထည်တည်းကို ထပ်တလဲလဲဝတ်ဆင်ရခြင်းကို နှစ်သက်၏။ တစ်စုံတစ်ရာ အပေါ်မှာ သစ္စာရှိခြင်းသည် ကျွန်တော်တို့၏ စိတ်ဓာတ်ဖြစ်ပါသည်။

**ကျွန်တော်**
**ပင်လယ်ပျော် မော်ကင်း**
**အဖော်တစ်သင်းနဲ့**
**ကဗန်းလှေကိုလှော်ရင်း**
**အော်ဟစ်သီချင်းဆိုနေပါတယ်။**

(မြိတ်ဒေသသို့ ကိုယ်တိုင်သွားရောက်လေ့လာခဲ့ပြီး မနုဿဗေဒဌာန ပါမောက္ခဒေါ်တင်ရီနှင့် အဖွဲ့ပြုစုထားသောဆလုံတိုင်းရင်းသားများ၏လူမှုစီးပွားရေးဘဝစာအုပ်ကိုလည်းမြိတ်မြို့မှာဖတ်ရှုခဲ့ပါသည်)

(မြိတ်ကျွန်းစုမှ ဆလုံတိုင်းရင်းသားတစ်ဦးကို ခံစားရေးဖွဲ့ပါသည်)


■

မြန်မာတိုင်း(မ်)
ဖေဖော်ဝါရီ-၂၀-၂၀၀၉

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မြန်မာပြည်ကို လွမ်းနေသည်

မောင်ကိုကို (အမေရိကား)

(၁)

အနော်ရထာမင်းစောတည်ထားခဲ့သော၊ ရွှေဖျဉ်းညီနောင်ကြောင့် အုတ်နှစ်ချပ် လစ်လပ်ခဲ့သော အာရုံခံတန်ဆောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်ကို ရွှေသင်္ကန်းကပ်လှူလို၍ ယခုနောက်ပိုင်း တောင်ပြုံးပွဲတော်သို့ နှစ်စဉ်ရောက်ဖြစ်နေသည်။ ပွဲတော်ကာလမှာ တောင်ပြုံးသို့သွားရတာ သိပ်လွယ်သည်။

'တောင်ပြုံးကို' ဟုအော်ခေါ်နေသော ကားတစ်စီးပေါ် အသာတက်ထိုင်လိုက်ရုံပင်။ ကျွန်တော်က လူငါးယောက်သာတင်သော ဆန်နီပစ်ကပ်ကားလေးပေါ် သို့ လှစ်ကနဲတက်လိုက်သည်။ ကျွန်တော်တက်ပြီးတာနှင့် ကားလေးက တောင်ပြုံးပွဲတော်သို့ တန်းမောင်းတော့သည်။

ပွဲတော်သို့ရောက်တော့လမ်းတွေညစ်ပတ်နေသည်။မိုးရွာထားသည်။ရွှံ့ဗွက်တွေများနေသည်။ဆိုင်တွေပိတ်ဆီးနေသည်။ လူလိုင်းလုံးထဲမှာ ကျွန်တော်မျောပါနေ၏။ ဘုရားသို့မရောက်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေ၏။ နောက်တော့ နတ်လမ်းညွှန်မှုဖြင့် ဘုရားပွဲသို့ရောက်၏။ ရွှေသင်္ကန်း ကပ်လှူပူဇော်ကြသည်။ ဤအလေ့အထမှာ အလွန်တန်ဖိုးထား လေးစားဖွယ်ကောင်းလှသည်။ လူတွေမှာ တန်ဖိုးထားလေးစားဖွယ်ရာ စိတ်ထားအမွန်တွေရှိသည်ဟု ကျွန်တော်ယုံကြည်သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



(၂)

တောင်ပြုံးမင်းနှစ်ပါး၏နတ်နန်းကြီးမှာ ခမ်းနားထည်ဝါသည်။ လူအုပ်ကြီးသည် မင်းနှစ်ပါး၏ နတ်နန်းပေါ်သို့ အလုံးအရင်းဖြင့် တိုးဝှေ့တွန်းတက်နေကြ၏။ မွေ့ဖျဉ်းညီနောင်ဘဝက မူးယစ်မှုခဲ့သည်။ တာဝန် လစ်ဟင်းခဲ့သည်။ အကွပ်မျက်ခံရ၏။ အနော်ရထာမင်းစောအပေါ် လူအပေါင်းတို့ ကြည်ညို လေးစားသည်။ မင်းပြစ်မင်းဒဏ်သင့်ခဲ့ရသူ တောင်ပြုံးညီနောင်နှစ်ဦးအပေါ်မှာလည်း လူတို့သည် မေတ္တာသက်ဝင်ချစ်ခင်မှုအပြည့်ရှိသည်။

လူတို့သည် တောင်ပြုံးမင်းနှစ်ပါးကို ကြောက်ရွံ့စိတ်ဖြင့် ပန်းဆက်နေကြခြင်းမဟုတ်ပါ။ မေတ္တာစိတ်ဖြင့် ပန်းဆက်နေကြ၏။ တောင်ပြုံးမင်းနှစ်ပါးသည် သူ့ပွဲတော်သူ့အခါတွင် လူစည်ကား သိုက်မြိုက်လို၏။ လူတို့သည် မင်းနှစ်ပါး၏ဆန္ဒကို လိုက်လျောပေးကြ၏။ နားလည်ပေးကြ၏။ လူတို့မှာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးရှိပါလိမ့်မည်။

သူတို့၏ ယုံကြည်ကိုးကွယ်မှုအပေါ်မှာ Aggressive ဆန်ဆန် အပြောအဆို၊ အပြုအမူ များဖြင့် ကျွန်တော်ကန့်ကွက်စော်ကားမှုမပြုလိုပါ။ ခင်ဗျားတို့ မှားနေတယ်. . . ကျုပ်ပြောတာပဲ မှန်တယ်. . . အခု ပြင်လိုက်ကြဟ. . . အမိန့်ဆန်သော စကားလုံးများကို ကျွန်တော် နားမခံသာပါ။ ယနေ့ခေတ်သည် လူတွေကို ဟိန်းသည့် ဟောက်သည့် ခေတ်မဟုတ်ပါ။

ကျွန်တော်ကတော့ လူတွေလုပ်သလို လိုက်လုပ်ချင်သည်။

"ပန်းတစ်စည်းပေးပါ"

"တောင်ပြုံးမင်းနှစ်ပါးဆိုတော့ ပန်းနှစ်စည်း ဆက်ရတယ်"

ပန်းသည်မိန်းကလေး၏စကားကိုလည်း ကျွန်တော် နားထောင်လိုက်ပါသည်။ ကျွန်တော် လည်း ပန်းနှစ်စည်းကိုမြှောက်၍ကိုင်လျက် လူအုပ်ထဲမှာ တိုးခွေ့သည်။ တောင်ပြုံးမင်းနှစ်ပါးအနီးသို့ တိုးကပ်သွား၏။ အနုပညာမြောက်မှုကိုကျွန်တော်အလွန်သဘောကျတတ်သည်။

သို့သော် တောင်ပြုံးမင်းညီနောင်၏ ပုံတော်ရှေ့မှာ ကျွန်တော် ရပ်နားခွင့်မရပါ။ အနောက်က လူအုပ်ကြီးက ကျွန်တော့်ကို တွန်းထိုးနေ၏။ လူတွေနှင့် အတူတူဆင်နွဲရတာ ပျော်စရာကောင်းပါသည်။

ပွဲတော်ထဲမှာ ကျွန်တော်လမ်းလျှောက်သည်။ လက်ဖက်ရည်သောက်သည်။ စဥ္စူကျော်၏ ဆေးကိုပဲ လူတွေက တိုးဝှေ့ဝယ်နေကြသည်။ တောင်ပြုံးပွဲတော်ကို အမေလူထုဒေါ်အမာတို့ခေတ်က

the bookhouse



ငှက်လှေကလေးနှင့်မန္တလေးဘက်မှကူးသန်းလာကြသည်။ အခုတော့ တောင်ပြုံးပွဲကို ကားနှင့်လာသည်။ ရထားနှင့်လာသည်။ ဆိုင်ကယ်နှင့်လာသည်။

**'ဇိုက်ဆံကြွပါဗျို့'**

(၃)

ဟိုတုန်းက တောင်ပြုံးပွဲတော်ကြီးပြီးလျှင် သွားလည်းပေါ် နတ်ရုပ်တွေတင်ပြီး တသီတတန်း ကြီး အမရပူရသို့ချီတက်လာကြ၏။ မန္တလေးစစ်ကိုင်းလမ်းပေါ်မှာ နတ်ရုပ်တင် လှည်းတန်းကြီး။ ပွဲတော်အသံတွေ၊ ပွဲတော်ရနံ့တွေက ပွဲတော်မတိုင်မီရောက်ကပင် စတင်လွင့်ပျံ့နေသည်။ တောင်ပြုံးပွဲနှင့် ရတနာ့ဂူပွဲတော်သည် မြန်မာပြည်၏ လွှမ်းလောက်သောပွဲတော်ဖြစ်သည်။

ဟိုတုန်းက ကျွန်တော်တို့နေထိုင်သော ရွှေခဲရွာမှာ ရေဝင်နေသည်။ ရတနာ့ဂူပွဲတော် အချိန်ခါရောက်လျှင် အိမ်အမြင့်၏ကြမ်းပြင်ထိလုနီးပါး ရေတွေတိုးနေတတ်သည်။ ပုပ္ပားမယ်တော် နတ်ရေချိုးတာက ကျွန်တော်တို့ရွာအိမ်မှာ ဖြစ်သည်။ ဆိုင်းသံ ဗုံသံတွေကြားရသည်။ နတ်လှောင်ကြီးကို နတ်လှေတွေက ညာသံပေးပြီး လော်ခတ်ကာ ဆွဲခေါ်လာ၏။ ရေကာ ကြည်လင်နေသည်။

မြစ်အလယ်မှာ နတ်ရေချိုးသည်။ နတ်ဖောင်ကြီးကို သိုက်ကြည့်သည်။ ငှက်သမ္ဘာန်တွေ ဝိုင်းနေသည်။ ငှက်တွေပေါ်မှာ ထီးရောင်စုံမှင့်လျက်။ ကျွန်တော်တို့ကလည်း ကိုပုံ့အိမ်က လှေ သမ္ဗာန်နှင့် နတ်ရေချိုးတာကို လိုက်ကြည့်သည်။ နတ်ရေချိုးချိန်မှာ ကျွန်တော်တို့သည် မြစ်ထဲမှာ ရေ မကူးကြ၊ လူကြီးတွေက မှာထားလို့။

ရတနာ့ဂူပွဲတော်အစရက်များတွင် ပွဲလမ်းလျှောက်ကြသည်။ လူကြီးသူမများက ပုပ္ပား မယ်တော်ကိုနှင်းဆီပန်းများဆက်ကြသည်။ ရတနာ့ဂူနတ်နန်းက သုံးနန်းရှိသည်။ မြို့ပေါ်မှာအထက်နန်း၊ ရွာမှာ အလယ်နန်း၊ ခပ်လှမ်းလှမ်းမှာတော့ အောက်နန်း။

ယခုနောက်ပိုင်း ရွှေလှန်းရွာမှာ ရှိသည့်အောက်နန်း(ဦးယာမအောက်ခံ့မူးသောနန်း)မှာ မိုးအလင်းပေါက်နတ်မျှော်သော နတ်နန်းဖြစ်လာသည်။ အပြင်ဘက်မှာ စိတ်လွတ်ကိုယ်လွတ် ကခုန်ချင်သူများကလည်း အောက်နန်းမှာသာစုဝေးတော့သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



(၄)

ရတနာ့ဂူပွဲတော်တွင် ရွှေမန်းတင်မောင် ဇာတ်ကတာကို ကျွန်တော်ကလေးဘဝက မီလိုက်သည်။ကြည့်ဖူးသည်။ ကျွန်တော့်အမေသည် ရွှေမန်းတင်မောင်ကို အသည်းစွဲ ကြိုက်သည်။ ရွှေမန်းတင်မောင်ကို ကျွန်တော်လည်းကြိုက်၏။ ဆံကေသာနှင့်ဖြစ်သည်။

အော်ပဒါ၊ ရွှေပိုင်းပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်း. . . အစအဆုံး ရွှေမန်းတင်မောင် ပါဝင်ကပြသည်။ အပြော၊ အဆို၊ အငို၊ အက၊ အမူအရာ။ ရွှေမန်းတင်မောင်ကတော့ အားလုံး ကောင်းသည်။ အနုပညာဓာတ်သည် ရွှေမန်းတင်မောင်၏ တစ်ကိုယ်လုံးမှာ ပူးကပ်စီးဝင်နေ၏။

ရွှေမန်းတင်မောင်ကွယ်လွန်ပြီးနောက် အမေကမန္တလေးမှမိတ်ဆွေများနှင့်အတူ မြို့တော်သိန်းအောင်ဇာတ်ပွဲ ကြည့်သည်။ မြို့တော်သိန်းအောင်သူ့ဇနီးဒေါ်လှမြတို့သည် ကျွန်တော့်အမေတို့နှင့် ခင်မင်ရင်းနှီးသည်။ ပွဲကိုမိုးအလင်းကြည့်ကြသည်။

ပွဲပြီးလျှင်အမေတို့က ဇာတ်ရုံနောက်ထဲက မြို့တော်သိန်းအောင်ကို နှုတ်ဆက်စကားပြောပြီးမှ ပြန်ကြသည်။ လူရွှင်တော်မြို့တော်ပေါ်စံသည် ဇာတ်ရုံပေါ် ထွက်လာတာနှင့်ရယ်ရသည်။ သူ့ပုံစံကြီးက ရယ်စရာဖြစ်နေသည်။ ပြဇာတ်မင်းသမီးမြို့တော်မှုမှုကလည်း ချောသည်။ နာမည်ကြီးသည်။

မြို့တော်သိန်းအောင်သည် မောင်ယဉ်အောင်၏ ပြဇာတ်များဖြင့် အလွန်နာမည်ကြီးလာသည်။ မြို့တော်သိန်းအောင်သည် အလွန်နာမည်ကြီးသော်လည်း ဘယ်သူ့အပေါ် မဆို ခင်ခင်မင်မင် နှိမ့်နှိမ့်ချချ ဆက်ဆံတတ်တာ ကျွန်တော်သတိထားမိ၏။

ကျွန်တော့်အဖေကတော့ ဇာတ်ပွဲသိပ်မကြည့်ပါ။ မန္တလေးမှ တရုတ်အမျိုးသားတွေက ရတနာ့ဂူပွဲနောက်ဆုံးညမှာ ကျွန်တော်တို့အိမ်သို့ နှစ်စဉ်လာသည်။ စားသောက်ဆိုင်ပိုင်ရှင်တွေ၊ ဈေးဆိုင်ပိုင်ရှင်တွေဖြစ်သည်။ ရှာထဲရေကြီးနေတာကို သူတို့ကသိပ်ကြိုက်၏။ ကျွန်တော်တို့က ကားလမ်းထိပ်မှာ လှေနှင့်သူတို့ကို ကြိုနေရ၏။ တရုတ်အမျိုးသား ၁၀ယောက်ကျော်သည်။ ဘယ်သူမှ ပွဲမကြည့်ပါ။ ဘယ်သူမှ ပွဲလမ်း မလျှောက်ပါ။

ကျွန်တော့်တို့အိမ်အပေါ်ထပ်မှာ တရုတ်ကြီးတွေက အပျော်သဘော မာကျောင်ကစားကြသည်။ စားစရာသောက်စရာတွေ ဖောဖောသီသီ ဝယ်လာကြသည်။ ပွဲခင်းထဲလည်း

the bookhouse



လှည့်လွှတ်ဝယ်ခိုင်းသည်။ မနက်မိုးလင်းတော့ တရုတ်ကြီးတွေ မန္တလေးကို ပြန်သွားကြသည်။ ကျွန်တော့်ကို မုန့်ဖိုးတွေပေးသွားကြသည်။ ကျွန်တော်က ပွဲခင်းထဲက ကစားစရာအရုပ်မျိုးစုံ၊ သေနတ်မျိုးစုံ ဝယ်ပစ် လိုက်သည်။

ရတနာ့ဂူပွဲတော်မှာ မန္တလေးသိန်းဇော်ဇာတ်ပွဲကို ကျွန်တော်ကြည့်ဖူးသည်။ ကချေသရေကိုချောနွယ်နှင့်အတူ ဇာတ်တိုးပိုင်းထဲဝင်ပြီးကြည့်ကြရခြင်းဖြစ်သည်။ ဂစ်တာတီးသူနံဘေးမှာကျွန်တော် ထိုင်ပြီးကြည့်သည်။

မန္တလေးသိန်းဇော်၏ နှစ်ပါးသွားခွင်ကို ကြည့်ရတာ အတော်လေး ပျော်စရာ ကောင်းသည်။ မောင်ရန်ပိုင်၏ နှစ်ပါးသွားသီချင်းတွေကို သိန်းဇော်သီဆိုသည်။ သီချင်းလေးနဲ့ ယပ်ခပ်ပေးမယ်. . . **ယပ်တောင်သီချင်းလေး** လို့ ခေါ်ပါတယ်။

နောက်ပိုင်းကာလတွေမှာ ကျွန်တော်ပဲ့ယောကျ်ားလေးများသည် ဇာတ်ပွဲများကို သွားမကြည့်ကြတော့ပါ။ အလယ်နန်းနှင့် အောက်နန်းမှာ နတ်ကတာတွေကို ကြည့်သည်။ နတ်ကိုးသဲထဲမှာ ကျွန်တော့်သွေးတွေ ပျော်ရွှင်တက်ကြွနေသည်။

ကျွန်တော်တို့သူငယ်ချင်းတွေအားလုံး နတ်နန်း၏အပြင် ကွက်လပ်မြေပြင်ပေါ်မှာ နတ်ဆိုင်းသံအတိုင်း စည်းချက်ညီညီ ကကြ ခုန်ကြ ပျော်ကြသည်။ ဇာတ်ပွဲက မင်းသားကတာ ထိုင်ကြည့်နေရသည်။ နတ်နန်းမှာတော့ ကိုယ်တိုင် လွတ်လွတ်လပ်လပ် ကလို့ခုန်လို့ရသည်။ အဲဒါက အရမ်းအရသာရှိသည်။

တစ်ခါက ကိုသန့်စင်(နောင်ရိုး)နှင့် ကျွန်တော် အောက်နန်းကနေ ညဉ့်နက်မှ ပြန်လာကြသည်။ လမ်းတစ်လျှောက် နတ်ကန္တာရတဲတွေက ကဲလားချပြီး အိပ်ကုန်ကြပြီ။ ကျွန်တော်တို့က အပျော်သဘောဖြင့် ငှက်ပျောပွဲကို အလစ်သုတ်ပြီး ပြေးကြသည်။ မိန်းမလျာနတ်ကတော်တွေက ကျွန်တော်တို့နောက်သို့ ပြေးလိုက်လာကြ၏။ လုံချည်ခြေထောက်ကျသူမတွေ့ပါ လိုက်လာ၏။

ကျွန်တော်တို့ အကြီးအကျယ် တောင်းပန်ယူရသည်။ ကံကောင်းလို့ အချုပ်ခန်းထဲ ညမအိပ်လိုက်ရ။ ကျွန်တော့် သူငယ်ချင်းများ အသက်ကြီးသွားကြသော်လည်း ကျွန်တော်က နောက်မျိုးဆက်လူငယ်များနှင့်အတူ အောက်နန်းမှာ သွားသွား ကတတ်သေးသည်။

ရတနာ့ဂူပွဲတော်မှာ ညအချိန်တွင် ငြိမ်ငြိမ်ဆိတ်ဆိတ်နှင့် အရသာရှိရှိခံစားလိုသူအတွက် အကြံပေးလိုသည်။ အထက်နန်းအခြေမှ ငှက်လှေကလေး စီးသွားပါ။ ချောင်းရေထဲမှာ ရွေးကောက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

ကာ ၄ုက်လေ့ကလေး ဖြတ်သန်းနေပါလိမ့်မည်။ ဆိုင်းဘံသံ့သံ့ကြားရမည်။ အောက်နန်းအထိ ၄ုက်လေ့ကို အကြားကြီးစီးပြီး ညအမှောင်ကို ဖြတ်သန်းနေရတာ အရသာရှိသည်။ လှေအုပ်ကြီးနှင့် ခွဲထွက်လျက် ပွဲတော်ဆီသို့ ဟိုသည်ဟိုတ်ဆိုတ်ဆိုတ် ချဉ်းကပ်ခြင်းပင်ဖြစ်သည်။

(၇)

ယခုနှစ် ရေနာဂူပွဲတော်မှာ ၅ ရက်မြောက်အထိ ကျွန်တော် ဘယ်ကိုမှ မထွက်ပါ။ ပွဲတော်ဆီသို့ ခြေဦးပင် မလှည့်ပါ။ ၅ ညမြောက်၊ ည ၁ နာရီခွဲအိပ်ရေးဝပြီးချိန်မှာတော့ ပွဲတော်ဆီသို့ တစ်ကိုယ်တော် လူမသိအောင် ထွက်လာခဲ့သည်။ နတ်ကန္နားများ ကဲလားချ အိပ်ကုန်ကြပြီ။ မလိုင်ကရေကရာဆိုင်ကြီးများက ဝယ်သူကိုမျှော်လင့်နေကြဆဲ။

ဆေးမင်ကြောင်ထိုးပေးမည့်သူက သူ၏ ဆေးမင်ကြောင်အရုပ်ကားချပ်များကို စိတ်ဝင်စားမှုကြည့်နေသည်။သူလည်းဆေးမင်ကြောင်ထိုးမည့် လူငယ်ကို စောင့်မျှော်နေမည်။

ကျွန်တော် အောက်နန်းထိ လမ်းလျှောက်သွားသည်။ နတ်ဆိုင်းတီးတာ၊ နတ်ချော့တာ နတ်သီချင်းဆိုတာ၊ နတ်ဒိုးတီးတာ၊ နတ်နှုံမှုတ်တာ၊ နတ်လင်ကွင်းတီးတာတို့ကို အရသာရှိရှိ ထိုင်ကြည့်နေမိသည်။ အတွင်းမှာက နေသည်။ အပြင်မှာ လူငယ်တွေက ခုန်နေကြသည်။ နတ်ဒိုးတီးသံထဲမှာ ကျွန်တော့်သွေးသားများ ခုန်ကြွနေ၏။

ပွဲတော်သည် လူတို့အတွက် ပျော်ရွှင်စရာ ထွက်ပေါက်ဖြစ်သည်။ သပြေပန်းများ ရွှင်လန်းကြသည်။ နှင်းဆီပန်းများ နီရဲနေ၏။ ဖွန်ပန်းများ မွှေးရိုဝင်းပနေသည်။ ပန်းသီးများ ချိုမြသည်။ လူတွေလည်း စင်ကြယ်စွာ ပျော်ရွှင်စေချင်သည်။ ပွဲတော်၏လမ်းများ၊ နေရာထိုင်ခင်းများလည်း သန့်ရှင်းလှပ စေချင်သည်။ မြန်မာပြည်ကို လွမ်းနေရသည်။ ပွဲတော်သွေးသား အားကောင်းစေ။

■

Bi Weekly ELEVEN

အောက်တိုဘာ ၁- ၂၀၁၀

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘော်ကြိုပွဲ

မောင်ကိုကို (အမရပူရ)

(၁)

မောရစ်ကောလစ်၏Lord of the sunsetစာအုပ်ကိုဆရာကျော်အောင် က နေဝင်ဘုရင်များ ဟု မြန်မာပြန်ဖူးသည်။ စာကြောင်းတစ်ကြောင်းကို ကျွန်တော် ကောင်းကောင်းမှတ်မိနေ၏။ ရှမ်းပြည်နယ်သည် သာယာကြည်နူးစရာကောင်းသည့်ဒေသဖြစ်ပြီး အဖိုးတန်ပိုင်နက်တစ်ခုဖြစ်သည်တဲ့။ ရှမ်းပြည်နယ်သည်ဗြိတိသျှကိုလိုနီခေတ်က သာယာကြည်နူးစရာ ကောင်းသလို ယခုလည်း သာယာကြည်နူးစရာကောင်းနေသည်။အဖိုးတန်နယ်မြေဖြစ်နေသည်။

ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဝန်ထမ်းတစ်ဦးဖြစ်သူ မောရစ်ကောလစ် သည် ရှမ်းပြည်နယ်ကို ချစ်ခြင်းဖြင့်ဖွဲ့ဆိုခဲ့သည်။ ကဗျာဆရာ ဘုန်းတာရာ၊ စာရေးဆရာမြသန်းတင့်တို့ကလည်း ရှမ်းပြည်နယ်ကို ချစ်ခြင်းဖြင့်ဖွဲ့နွဲ့ခဲ့ကြ၏။ စာရေးဆရာစိုင်းခမ်းလိတ်က ရှမ်းပြည်နယ်ကိုချစ်ခြင်းကြိုးစွာတေးသီချင်းစီကုံးခဲ့၏။ နိုင်ငံခြားဆိုင်ရိုင်းဆိုင်းမောင်တို့က ရှမ်းပြည်နယ်အပေါ် အချစ်ရင်ခုန်သံအပြည့်ဖြင့် သီဆိုဟစ်ကြွေးကြ၏။ သူတို့အနုပညာတွေကြောင့်ကျွန်တော်တို့သည်ရှမ်းပြည်နယ်ကို ပိုမို လွမ်းမောသတိတရ ဖြစ်ကြရ၏။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

## (၂)

ကျွန်တော်သည် မန္တလေးမြို့ကနေ 'ဘော်ကြို...ဘော်ကြို' အော်သံတွေကို ကြားနေရသည်။ အော်သံတွေကခေါ်သံတွေဖြစ်သွား၏။ ကျောက်မဲကို လူတစ်ယောက်လိုနေသောရထားနာမှန်လုံအဲယား ကွန်း အိတ်စပရက်စ်ကြီးပေါ် ကျွန်တော် တက်လိုက်ဖြစ်၏။ တောင်ကုန်းတောင်တန်းအချို့ကို ကွေ့ကာဝိုက်ကာ ဖြတ်ကျော်လာ၏။ ကျောပိုးအိတ်တစ်လုံး၊ ရှမ်းပြည်နယ်ချစ်မှုတစ်ခု၊ ဘော်ကြိုဘုရားအပေါ် သက်ဝင်ယုံကြည်မှုတစ်ခုဖြင့် ကျွန်တော် **ကျောက်မဲ** သို့ရောက်လာရပြီ။

ကျောက်မဲမြေပေါ် ခြေချမိသည်နှင့် 'ဘော်ကြို...ဘော်ကြို' အသံတွေကို ကျယ်လောင်စွာ ကြားရပြီ။ အောင်ဆန်းလမ်းပေါ်က တည်းခိုခန်းတစ်ခုသို့ဝင်သည်။ အခန်းထဲတွင် ကျောပိုးအိတ်ကို ပစ်ချလိုက်သည်။ ကျောက်မဲရေအေးအေးတစ်ခွက်သောက်၏။ကျောက်မဲရေအေးအေးဖြင့် ရေချိုးသန့်စင်သည်။ လန်းဆန်းသွားပြီ။

ဘော်ကြိုအတွက် အင်္ကျီအသစ် ကို ကျွန်တော် ဝတ်ဆင်လိုက်သည်။ ကျွန်တော်သည် ကျောက်မဲမြို့၏လမ်းပေါ်ကပွဲတော်တွေနှင့် ရစ်သမ်ကိုက်သွားပြီ။အဆင်သင့်ပဲဟေ့...ဒီနေ့ဘော်ကြို။

## (၃)

ဘော်ကြိုကို လူတစ်ယောက် လိုနေပြန်သော လိုက်ထရပ်တစ်စီးပေါ်သို့ ကျွန်တော် ခပ်သွက်သွက် ခုန်တက်လိုက်သည်။ အဆင်သင့်ပဲဟေ့ ...ဒီနေ့တော့ ကိုယ်မျှော်လင့်တယ်... ဘော်ကြို။

ကားစပယ်ယာက "ကဲ...ဆွဲဆရာရေ့၊ လူပြည့်ပြီ ဘော်ကြို...ဘော်ကြို" ဟု အော်သည်။

"လူပြည့်ရင် ဘော်ကြို...ဘော်ကြို မအော်နဲ့တော့လေ" ဟု ရှမ်းအမျိုးသမီးခရီးသည် က ပြောသည်။

"မဟုတ်ဘူးဗျ။ ဒီအချိန်ရောက်ရင် ပါးစပ်က အကျင့်ပါနေတာ...'ဘော်ကြို...ဘော်ကြို'

ဘော်ကြိုကားများသည် ရှမ်းပြည်နယ် မြောက်ပိုင်းလမ်းပေါ်မှာ ပျော်ပျော်ကြီး မောင်းနေကြသည်။ တောင်ကုန်းနှစ်ခု၏ကြားမှာကားများမောင်းနှင်နေကြသည်။ပတ်ဝန်းကျင်မှာ ခရမ်းရောင်မြူတွေဆိုင်းနေသည်။ဒုဋ္ဌဝတီမြစ်သည်ကျွန်တော်တို့၏ လက်ဝဲဘက်က စီးဆင်းလိုက်၊ လက်ယာဘက်က စီးဆင်းလိုက်...တစ်ခါတစ်ရံတွင်စီးဆင်းနေသည့်ဒုဋ္ဌဝတီပေါ် ကတံတားဖြင့်ကျော်ဖြတ်ရသည်။ကျေးရွာများ၊သီးနှံခိုက်ခင်းများ၊တောင်ယာခိုးများ၊ဘော်ကြိုသွားဖို့ကားလမ်းဘေးမှာကားစောင့်နေသူများ။

"ရှမ်းတောင်သူတွေက စပါး စိုက်တယ်၊ ပြောင်းစိုက်တယ်။ စီးပွားကြက်စာအတွက် ပြောင်းပင်တွေလည်း စိုက်လာကြတယ်။ဟောဒါက**မောင်ဖုန်းကွေ့** လို့ခေါ်တယ်။မောင်ဖုန်းဆိုတဲ့ ကားသမားဟာ သူ့ကိုအနိုင်ကျင့်ဗိုလ်ကျတဲ့ အင်္ဂလိပ်စစ်တပ်ကစစ်သားတွေကိုသူ့ကားပေါ် တင်ပြီးချောက်ထဲထိုးချပစ်လိုက်တာ။ဘော်ကြိုပွဲကို မရောက်ဖူးဘူးလား။ ညဆို ပလောင်ရွာတွေက ပလောင်တွေက မီးကွင်းအကၤ၊ ဓားသိုင်းအကတွေနဲ့ဘော်ကြိုပွဲတော်ညမှာကပြဖျော်ဖြေကြတာ...ရှမ်းဇာတ်၊ပလောင်ဇာတ်၊မြန်မာဇာတ်၊စတိတ်ရှိုး...အစုံပါတယ်။ဒီည စိုင်းဆိုင်မောဝ် သီချင်းဆိုမှာဗျ။ အရင်ကဆို ထီးဆိုင်လည်း သီချင်းလာဆိုတယ်။ ပွဲတော်လာတဲ့လူတွေဟာ ပွဲခင်းထဲမှာပွဲကြည့်ရင်း မိုးလင်းကြတာ။မအိပ်ကြတော့ဘူး။ ဘော်ကြိုညဟာတေးသံတွေစုံနေပြုံးနေတာပဲဗျာ။ ဟောဟိုရှေ့မှာ **မင်းဦးတံတား** ရှိတယ်။ ရုပ်ရှင်မင်းသားမင်းဦးက ရုပ်ရှင်ထဲမှာ ဒီတံတားပေါ်က ခုန်ချလို့ ကျွန်တော်တို့က မင်းဦးတံတား လို့ခေါ်တာ။ ဘော်ကြိုကိုရောက်ဖို့နီးနေပြီ။ **ဘော်ကြိုဆိုတာ...အဖေကြို** ပေါ့ဗျာ။ **စောမွန်လှ** ကို သူ့အဖေက ကြိုဆိုနေတဲ့ ရွာပေါ့ဗျာ။ စောမွန်လှမှာတော့ သေခဲ့ရရှာတယ်"

ကားပေါ် အတူပါလာသော ရှမ်းလူငယ်တစ်ဦးက ဧည့်သည်ကျွန်တော့်ကို သူသိတာတွေ ပြောပြဧည့်ဝတ်ပြုနေ၏။ မျက်လုံးတွေကို ကျွန်တော်လိုက်ကြည့်၏။ လူသားအားလုံး၏ မျက်ဝန်းတွေမှာ ချစ်ခြင်းတရားတွေဖိတ်ဖိတ်တောက်နေ၏။ဘော်ကြိုပွဲတော်သည် လူသားတို့၏ချစ်မေတ္တာနှင့်စာနာမှုကို ပိုမိုတောက်ပအောင်မှုတ်ပေးထား၏။ သူတို့သည်ပွဲတော်ညနှင့်မျက်နှာသစ်ထားကြ၏။ ပွဲတော်နေ့နှင့် မျက်နှာသုတ်ထားကြ၏။

## (၄)

### အဖိတ်နေ့ ဘော်ကြိုပွဲတော်။

ကားလမ်းသည်ဘက်မှာ ဒုဋ္ဌဝတီမြစ်ရှိသည်။ မြစ်ကမ်းနဖူးမှာ ရေသဖန်းပင်ကြီးက သဖန်းသီးတွေ ပြွတ်ခဲအောင်သီးနေ၏။အပျော်စီးစက်လှေများပေါ် လူငယ်တွေ တက်နေကြသည်။ မြစ်ကမ်းနံဘေး

မြေပြင်ပေါ်မှာ လိမ္မော်ပင်ပိုင်းပိုင်းလေးတွေ အများကြီး။ အဝါရောင် လိမ္မော်သီးတွေက အပွတ်လိုက် အခိုင်လိုက်သီးနေကြ၏။ကားလမ်း၏ဟိုဘက်မှာကဘော်ကြီးပွဲတော်။ဆိုင်ကယ်တွေ အလုံးအရင်းနှင့် မောင်းလာကြသည်။ ကားလမ်းဘေးမှာ ပါဂျဲရိုးတွေ၊ပါရာဒိုတွေ၊ တောင်းအေ့စ်တွေ၊ ဆန်နီပစ်ကပ်တွေ ရပ်ထားကြသည်။ဘုရားအရှေ့ဘက်ငှက်တွေအော်မြည်နေသောညောင်ပင်ကြီး၏အနီးတစ်ဝိုက် မှာတော့ ထော်လာဂျီတွေအပြည့်။

*"အရင်ကတော့ နွားလှည်းတွေနဲ့ လာကြတာဗျ။ အခုတော့ ရွာတွေက* ***စက်သေး****တွေနဲ့ လာကြတာ။ လွန်ခဲ့တဲ့ ၁၀နှစ်အထိ နွားလှည်းတပ်ကြီးကို ပွဲတော်ဘေးမှာ မြင်နိုင်သေးတယ်။အခုတော့ စက်သေးတပ်ကြီးဖွဲ့ထားပြီ"*

**"စက်သေး ဆိုတာ ထော်လာဂျီ** ပေါ့ဗျာ"

ကျေးရွာသားတစ်ဦးနှင့် ကျွန်တော်စကားပြောခဲ့၏။ ကွင်းပြင်ထဲကစင်မြင့်ပေါ်တွင် ပလောင် လူငယ်အဖွဲ့ကအီလက်ထရောနစ်ဂစ်တာတွေ၊ဘော်ဂင်တွေ၊ဒရမ်တွေနှင့်ခေတ်ပေါ်သီချင်းကိုအော်ဟစ် သီဆိုနေကြ၏။ဘုရားဖူးဖို့စျေးဆိုင်တန်းများကိုတိုးဝှေ့ဖြတ်သန်းရသည်။ ကျွန်တော် Culture Shock တွေရနေ၏။

*"ဘောင်းဘီတွေ ၁၅၀၀ နဲ့ရမယ်။ ပန်းပွင့်နဲ့ အိပ်ရာခင်းလှလှကြီးတွေ ၃၅၀၀။ သိုးမွှေးစောင် အကြီးကြီးတွေ နွေးထွေးသွားမယ် ၅၀၀၀"*

လူတစ်ယောက်ကအော်ရောင်းနေ၏။အိပ်ရာခင်းပေါ်ကပန်းပွင့်ကြီးတွေက အရမ်းလှသည်။ ကောင်းဘွိုင်ဦးထုပ်နှင့်ဒီဇိုင်းအမျိုးမျိုး၊ အရောင်စုံမိန်းမဆောင်းဦးထုပ် အမျိုးမျိုး၊ ပက်ကင်ထုတ် တရုတ်မုန့်မျိုးစုံ၊ ဗွီစီဒီ၊ ဒီဗွီဒီချပ်များ၊ ရှမ်းသီချင်းစာအုပ်များ၊ ရှမ်းမင်းသမီးဝတ်စုံနှင့်ရောင်စုံပိုစတာများ၊ စတီးဇလုံကြီးများ၊စတီးချိုင့်များ၊ ဓားများ၊ တောင်သူသုံးကိရိယာများ၊ အနွေးထည်မျိုးစုံ၊ အကျီမျိုးစုံ၊ ဘောင်းဘီမျိုးစုံ။

"၁၅၀၀...၁၅၀၀"

အဲ့သည့် အသံများကိုတော့ နေရာစုံက ကြားရ၏။ ပါးဒိုးနီနီ ရှမ်းအမျိုးသမီးငယ်များ၊ ပလောင်အမျိုးသမီးငယ်များသည် ပေါင်းတင်းဝါးအချိုနှင့်ငှက်ပျောခြောက်တွေဝယ်နေကြသည်။ရှမ်း အမျိုးသမီးကြီးတွေကဝယ်သားချဉ်တွေဝယ်နေကြသည်။ ကျွန်တော်က သစ်သားပေါင်းအိုးမည်းမည်း ထဲမှရှမ်းကောက်ညှင်းပေါင်းဝယ်စားသည်။ပြီးတော့ရှမ်းခေါက်ဆွဲစားသည်။ကျောက်မဲလက်ဖက်ခြောက်





ခပ်ထားသည့် ရေနွေးကြမ်းသောက်သည်။ သီပေါဖျားလိမ္မော်လေးတွေ ဝယ်စားသည်။ မှားညီလို ချိုမြနေ၏။ တစ်နေရာမှာတော့ ပလောင်အမျိုးသမီးငယ်လေးတွေက ထန်းမနဲ ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ကိုကုသိုလ်ပြုနေကြ၏။ ကျေးရွာသူကျေးရွာသားတွေအမောပြေရင်း လက်ဖက်သုပ် စားသည်။ ရေနွေးကြမ်းသောက်သည်။ ကျွန်တော်လည်း ဝင်ထိုင်သည်။ ရေနွေးကြမ်းသောက်ကြည့်၏။

*"ကျွန်မတို့က မန်လွယ်အုံမှ ပလောင်ရွာက လာပြီးဘော်ကြီးပွဲမှာ ဒီလိုပဲအမြဲအလှူလုပ်တာ၊ ကုသိုလ်ယူတာပါ"*

ဖြူဖွေးလှပသော ပလောင်အမျိုးသမီးငယ်လေးက ဖော်ဖော်ရွေရွေ ရည်ခံရင်းပြောပြသည်။

ဘုရားပုရဝဏ်ထဲသို့ကျွန်တော်ဝင်ခဲ့ပြီ။ခေါင်မွန်းကြီးဆယ်ပါးပူဇော်တန်ဆောင်ပြဲကြေးဇလုံကြီး ဆယ်လုံးမှာ မုန့်အချိုရည်ဘူး၊ မယောင်းတိုင်၊ အမွှေးတိုင်၊ဆပ်ပြာခဲ အစုံအလင် အပြည့်အမောက်၊ မည်သူမဆိုနှစ်သက်ရာ ဝတ္ထုပစ္စည်းများဖြင့်လှူဒါန်းပူဇော်နိုင်ပါသည်ဟုစာရေးထား၏၊အမေ့အတွက် ရည်စူး၍မွေးသမိခင်ကန်တော့ပွဲတွင် ကျွန်တော်ငွေသားလှူသည်။ဘုရားပုရဝဏ်၏တောင်အသီးသီးမှာ အလွန်ကြီးမားပြီးကြော့ကော့စရာကောင်းသောဘီလူးရုပ်ကြီးများရှိသည်။ ပလောင်အမျိုးသမီးကြီးတွေက ခါးမနာရန် ဘီလူးကြီး၏ခါးကို ပွတ်သပ်နေ၏။ ရှမ်းအမျိုးသမီးငယ်လေးတစ်ဦးက ခေါင်းလောင်းကြီးကို ကန်တော့ပြီးမှ ခေါင်းလောင်းကြီး ထိုး၏။ ဘော်ကြီးစေတီအတွင်း မုခ်လေးမုခ်မှာ နရပတိစည်သူမင်း ပူဇော်ခဲ့သော ရွှေရုပ်ပွားတော်များရှိသည်။ ကျွန်တော်က ရထာနာမာရ်မအောင် ဗုဒ္ဓရုပ်ပွားတော်မှာ ရွှေသင်္ကန်းကပ်လှူ၏။ ပွဲတော်များစွာမှာရွှေများစွာကပ်လှူပူဇော်ကြ၍ဗုဒ္ဓရုပ်ပွားတော်များမှာ ရွှေတုံး ရွှေခဲများအဖြစ်ပုံသဏ္ဌာန်ရှိနေ၏။ပွဲတော်မှပြန်အထွက်ရှမ်းပြည်နယ်လမ်းကြီးနဘေးကဆိုင်ကလေး ထဲဝင်သည်။

(၅)

လမြည့်စံနက်ဘော်ကြီးပွဲတော်မှာမျှော်ဝင်လို့မဝ၊ရင်ခုန်လို့မဝ၊ဆန်နီကားလေးတစ်စီးပေါ် တက်လိုက်သွားသည်၊ရွှေလောင်ငွေပလောင်ကိုတွေ့ရသော်လည်း ပလောင်အမျိုးသမီးအမျိုးသား ကြီးကြီးငယ်ငယ်များစွာကိုတွေ့ရသည်၊လမြည့်နံနက်တွင်ဘုရားကိုမုန့်မျိုးစုံနှင့် သမြေညီးမြင့် အရက်ဆွမ်း၊နေ့ဆွမ်းကပ်လှူပူဇော်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ရထားတစ်စီးဆိုက်လာသည်။ ရထားတွဲပေါ်မှ ရှမ်းတိုင်းရင်းသားများ၊ ပလောင်တိုင်းရင်းသားများ အုံခဲတိုးဝှေ့ဆင်းလာကြ၏။ အလို...ကင်မရာတွေနှင့်ဓာတ်ပုံဆရာတွေ၊ ပလောင်အမျိုးသမီးအုပ်စုကို တဖျတ်ဖျတ်ရိုက်နေကြသည်။ ကင်မရာနှင့်တစ်ယောက်က ကျွန်တော့်နောက်က မဲ့နဲ့ကို လာပုတ်၏။ ဟိုး...ဓာတ်ပုံဆရာများ မဟုတ်ပါ။ သူတို့မှာ ပန်းချီဆရာများဖြစ်သည်။ ရန်ကုန်မြို့ ရေတာရှည်လမ်းသစ်မှ ပန်းချီ ဦးစိန်ခေအာင်၊ ပဟန်း(၁)လမ်းမှ ပန်းချီဆရာချစ်ခန်းလင်း၊ မန္တလေးနန်းတော်ရှေ့မှ ပန်းချီဆရာ ခိုင်းကျော်လှ...မင်းသမီး ပပဝင်းခင် သည် ရှမ်းမအသွင်ဖြင့် ဘော်ကြိုပွဲတော်ထဲ လမ်းသလားနေသည်။ ကင်မရာနှင့်ပန်းချီဆရာတွေ တဖျတ်ဖျတ် ရိုက်နေကြသည်။

■

B: Weekly ELEVEN
မတ်-၁၉-၂၀၁၀

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အောင်ပန်းသို့အပြန်

မောင်ကိုကို (အမရပူရ)

(၁)

**ဇော်ဝင်းဖေ** ၏ အောင်ပန်းသို့အပြန် (Return to Aungpan) ဆီဆေးပန်းချီကားကို ကျွန်တော်အရမ်းကြိုက်သည်။ အောင်ပန်းမြို့သို့ ကျွန်တော်ရောက်လာ၏။

မနက် ၃ နာရီတွင် ချယ်ရီစားသောက်ဆိုင်ရှေ့၌ ရွှေတောင်ရိုးမှန်လုံအဲယားကွန်းကားကြီး ထိုးဆိုက်သည်။ ကျွန်တော်သည် ချယ်ရီ မှာ ကော်ဖီသောက်သည်။ ***ချစ်တဲ့...ချစ်တဲ့...ရှမ်းရိုးမ***။

ရှမ်းအိုးစည်သံတွေမကြားရတာအတော်ကြာပြီ။ရှမ်းပဲပုပ်ကိုမစားရတာလည်းသိပ်ကိုကြာပြီ။ အောင်ပန်းသို့အပြန် ပန်းချီကားသည် ပန်းချီဆရာ၏ဓားချက်များဖြင့်ဖုထစ်ရွဲနစ်နေသည်။အနီ၊အဝါ၊ အပြာ၊အစိမ်း...ဆီဆေးများ ရွှန်းစိုရှန်းကြွလှပနေ၏။ အောင်ပန်းသို့အပြန်တွေကို လက်တွေ့ဘဝထဲမှာ ကျွန်တော်ခံစားမည်။အခုတော့ ကျွန်တော်သည် ချယ်ရီမှာ ကော်ဖီသောက်နေသည်။

**တစ်နေ့ကလျှင်**
**ရိုးမမောဆွေ၊ တောင်ကြောကပြန်**
**တင်ဟန်ပွင့်ကြွ၊ အစ်ကိုအလှကြိုက်**
**ပန်းစိုက်ဖို့ရာ၊ လက်ဆောင်ပါတဲ့**
**ယုက်ဖြာချယ်ရီ နီစွေးလျှ။**

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



တောင်ပေါ်မြေမှာအရိုးခံစိတ်ရင်းရှိကြသည်။ချယ်ရီပန်းများမည့်ဝတ်မပျက်ကြပါ။ **ဒေဝီ** က ရှုမဝကဗျာ **'ပန်းနုရောင်ဖဒို'** ကို ဖတ်ပြချင်၏။ ကျွန်တော့်စိတ်တွေက အောင်ပန်းဘို့အပြန်ရှုခင်းထဲမှာ ကားမောင်းနေသည်။ ရှမ်းပြည်နယ်မှာ တောအစိမ်း၊ တောင်အပြာ၊ ပန်းနှမ်းအဝါ၊ မြေအနီ။

ဟိုခေတ်က ဦးဘဥာဏ်သည် ရှမ်းပြည်နယ်ရှုခင်းဆီဆေးပန်းချီကားကို ရေးဆွဲခဲ့ဖူးသည်။ အပြာရောင်တိမ်တွေကတောင်အရပ်ဆီသို့ခမ်းနားသိုက်မြိုက်သွားပြီးဆင်းအိကျနေ၏။ ထို ရှမ်းပြည်နယ်ရှုခင်းပန်းချီကားကိုမောရစ်ကောလစ်ကဦးဘဥာဏ်ထံမှဝယ်ယူလိုက်သည်။ ချယ်ရီ ရှေ့သို့ မှန်လုံကားကြီးတွေတစ်စင်းပြီးတစ်စင်းထိုးဆိုက်လာ၏။ရွက်သစ်လက်ဖက်ခြောက်၊မက်မန်းသီး၊သစ်သော့သီးရောင်းသူမိန်းကလေးများ၏အသံ...ကျွန်တော်သည်ချယ်ရီမှာကော်ဖီသောက်နေ၏။ ပန်းတွေမွှေးနေသည်။

စိုင်းထီးဆိုင်သီချင်းကို ဖွင့်လိုက်ပြီ။စိုင်းထီးဆိုင် သေသွားပြီဆိုတာ ကျွန်တော် ယုံကြည်လို့မရ၊ သူ့အသံတွေကကျွန်တော်တို့တိုင်းပြည်ထဲမှာနေပျိုလိုက်နွေးနေသည်။အခုလိုရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုင်းထီးဆိုင်သီချင်းဖွင့်လိုက်တော့...မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာ၊မာန်မာနတွေ ပြန်ခိုင်မာလာ။ ချစ်မေတ္တာအသစ် စိတ်ဓာတ်အသစ် မွေးဖွားလာ၏။

(၂)

အောင်ပန်းလမ်းဆုံမှာ အဝါရောင်သစ်ခွပန်းခိုင်တွေ ပြိုးပြက်နေသည်။ တိုင်းရင်းသူလေး၏ ပလိုင်းထဲမှာ သစ်ခွပန်းခိုင် အဝါရောင်တွေမြိုင်လို့။

မိတ္ထီလာသို့ထွက်မည့်ကားပေါ်မှာလည်းသစ်ခွပန်းအဝါတွေထိန်လို့...။အကျီအနက်၊ထမိအနက်၊ခေါင်းပေါင်းအနီ၊ လွယ်အိတ်အနီကြားနှင့်ပအိုဝ်တိုင်းရင်းသူသည် အစိမ်းရောင် အပြာရောင်ဒေါင်းတောင်တွေကိုတယုတယကိုင်လျက်အောင်ပန်းဈေးဆီသို့ ကုန်းမြင့်လေးအတိုင်းတက်သွားသည်။ ဂန္ဓဝင်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်ထိုင်နေသည်။ သီချင်းသံကြားရသည်။

*"ဟိုတုန်းကမတွေ့မိရင်ကိုယ်တို့ဇာတ်လမ်းလေးဟာလေတစ်မျိုးဖြစ်ခဲ့မယ်×××ဘယ်လောက်ပဲချစ်လည်းကွယ်××× ဘဝီလိုအချိန်မှ တွေ့မယ်ဆိုရင် မပြတ်သားနိုင်တယ်××× ပြန်စဉ်းစားတိုင်း ကံကိုသာလေ××× ကြည်နူးချင်း တစ်ဝက်နဲ့အတူ အံ့ဩမိတယ်"*





မြို့တွေကို ကျွန်တော် တစ်ကိုယ်တော်ခြတ်သန်းရတာ ခံစားမှု ပိုအားကောင်း၏။အောင်ပန်းဈေးအနံ့ကျွန်တော်သွားနေသည်။ တိုင်းရင်းသူဝတ်စုံရင်းသားများကိုမိုးရာဝတ်စုံလေးတွေဝတ်ဆင်လျက်တွေ့ရသည်။ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းထားကြသည်မှာကျက်သရေရှိသည်။

*'ငယ်ရွယ်သူမို့ အချစ်ဘက်ကို အလေးသာပေးလိမ့်မယ် သူသိသလိုပဲ'*

အောင်ပန်းဈေးထဲ အားရအောင်လျှောက်ပြီးမှ အောင်ပန်းမြို့ကညောင်ပင်ကြီးတွေကိုလိုက်ကြည့်သည်။ ရှေးဟောင်းကြီးကျောင်းကြီးတွေကို လိုက်ကြည့်သည်။ အောင်ပန်းလမ်းဆုံသို့ ပြန်ဆင်းခဲ့ပြီးမြန်မာထမင်းဆိုင်မှာ ကြက်သားကာလသားချက်နှင့် ထမင်းအဝစားပစ်လိုက်သည်။ အချို့ရွာတွေမှာ စက်ရေတွင်းတူးကြရာ ပေ ၃၈၀ တူးလည်း ရေက ထွက်မလာ။ ရေနံတူးသည့် စက်တွေနှင့်တူးလည်း ရေကထွက်မလာ။ထမင်းဆိုင်မှာ ပင်းတယသန်းကျော်က ကျေးရွာတွေအတွက်ရေတာနဲဖို့ကြီးပုံအကြောင်း ပြောနေကြသည်။ ကျွန်တော်က ကြက်သားဟင်းကောင်းသည့် အောင်ပန်းလမ်းဆုံ ထမင်းဆိုင်မှာ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းကို လိမ့်သောက်နေ၏။ **ရေတွေပြည့်လျှံပါစေ...ရှမ်းပြည်နယ်။**

*'ရည်မှန်းချက်အတွက်ကြင်နာသူကို×××တကယ်စွန့်ခဲ့တဲ့သူရဲကောင်းတွေရှိခဲ့လည်းကွယ်×××ငယ်ရွယ်သူမို့ အချစ်ဘက်ကိုအလေးသာပေးမိတာ××× အမှန်ဆုံးပါကွယ်'*

စိုင်းထီးဆိုင် သီချင်းက အောင်ပန်းမှာ လွမ်းဖွယ်ဖြစ်နေသည်။
အမုန်းမရှိသူက ကဗျာဖွဲ့၏။

**ချယ်ရီသင်းခြောက်**
**အောက်သို့ပျော့ခ၊ ညို့စ နီစ**
**ဖြူလွှ ရောမှု၊ ဆွတ်သ နီမြန်း**
**ပန်းနုရောင်ပြေညှိသွေးလျှ။**

အောင်ပန်းမြို့၏ ညနေစောင်းမှာ ပင်းတယသို့သွားရာ ကားလမ်းအတိုင်း ကျွန်တော်လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွား၏။ အလုပ်ပြန်သူများနှင့်လမ်းမှာဆုံသည်။ ကားလမ်းဟိုဘက်မှာထွန်ယက်ပြီးစ ယာခင်းများ။ ပြီးတော့…တောင်ကုန်းများ…တောင်ကုန်းပေါ် မှာ သစ်ပင်ဝါးပင်လေးများအိမ်များ။ ချယ်ရီတွေပဲ စည်ဝေတ် မပျက်ပါ။

အလွန်ကျေးလက်ဆန်သောလမ်းဘေးဆိုင်ကလေးမှာကျွန်တော်ထိုင်လိုက်သည်။ မုန့်အမင်းသုပ်နှင့်ကြက်ဥမွှေကြော်မှာစားသည်။ ကျေးလက်ဆန်ဆန်ရှမ်းအမျိုးသမီးငယ်ငယ်ချောချောလေးက **ကဗျာဆရာကြီးဒဂုန်တာရာ** ကို သိသတဲ့။

"သိတာပေါ့…ကျွန်မဆယ်တန်းအထိစာသင်ဖူးတယ်။ ဆယ်တန်းကျထားပြီး ရှမ်းခေါက်ဆွဲနဲ့ ထမင်းသုပ်ရောင်းနေတာ" ဟု ချိုချိုသာသာပြောသည်။ အောင်ပန်းမြို့မှာ နေမဲ့သူပဲ အောင်ပန်းကို ဆွတ်ခူးနိုင်မှာပါ' ဟု ကျွန်တော်ကပြောသည်။

"ဟုတ်တယ်…ကျွန်မအတွက် အောင်ပန်းက လက်တစ်ကမ်းမှာပါ"

အမင်းသုပ်ဆိုင်ကလေးကသေးသော်လည်းဆိုင်ကယ်တက္ကစီရှိသည်။ သူတို့ဆိုင်ကယ်တက္ကစီဖြင့် ကျွန်တော်ကြားဖူးသော ပန်းချီဆရာကိုမြင့်ဦး အိမ်သို့သွား၏။ ကိုမြင့်ဦး က ကုန်စုံဆိုင် ပိုင်ရှင်။ ရန်ကုန်ကပန်းချီဆရာတွေနှင့်ခင်မင်ရင်းနှီးသည်။ ပွဲရုံတန်းကပစ္စည်းလှောင်သောသွပ်တိုက်အပေါ် ထပ်မှာ တစ်ယောက်တည်း ပန်းချီဆွဲတတ်သည်။ ပန်းချီစိတ်ဓာတ်မြင့်ထန်ပြီး လက်ရာကောင်းသည်။

"ပန်းချီဝင်းဖေမြင့်တို့အဖွဲ့တွေလာရင် ဘယ်သူမှ မနေတဲ့ပစ္စည်းပေါ် မိုးနံမှာပစ္စည်းလှောင်သဲ့ ဒီပွဲရုံတန်းက ကျွန်တော့်တိုက်အပေါ် ထပ်မှာ တည်းခိုကြတယ်။ ဆော်ဝင်းဖေ သည် အပေါ် မှာ တည်းဖူးတယ်။ ကျွန်တော်က ဦးဝင်းဖေမြင့်နဲ့ဆုံပြီးမှ ပန်းချီကို နည်းမှန်လမ်းမှန် ဆွဲတတ်သွားတာ"

အောင်ပန်းက ကုန်စုံဆိုင်ပိုင်ရှင် Artist ကိုမြင့်ဦး က သူ့ဆီသေးပန်းချီကားကြီးတွေရှေ့မှာ ပြောပြသည်။

(၃)

နောက်နေ့မနက်တွင် ကလောသို့သွားသည့် ဟိုင်းလပ်စ်ကား၏ ခေါင်းခန်းထဲမှာ ကျွန်တော် ရောက်နေသည်။ ကလောဈေး၌ ကြက်သားရောင်းမည့် အမျိုးသမီးကြီးတစ်ဦးက ကျွန်တော့်အားမှာ။

"ဟိုဟာ…ပင်လောင်းကလောတဲ့ ကားတွေ…အလှူတွေ။ ကြက်သွန်တွေချင်းတွေ အပြည့်

the bookhouse



အသီးပဲနဲ့… ချင်းတကရုတ်ပြည်မှာဆေးဖော်မလွှဲဟဲ့။ တချက်က ဆေးဖော်ရင် ဒီမှာဈေးကောင်းရတော့တာပဲ။ ပင်လောင်းမြို့ကတော့ စိုက်ပျိုးရေးနဲ့ချမ်းသာကြွယ်ဝတာ" ဟု အမျိုးသမီးကြီးက ပြောပြသည်။

"အောင်ပန်းက ပွဲစားမြို့…ကလောက ဝန်ထမ်းမြို့…အချို့သူဌေးတွေက ကလောမြို့မှာ နွေရာသီစံအိမ်တွေ လာဆောက်ထားကြတယ်။ ကလော က အေးချမ်းတယ်" ကားဆရာက ပြောသည်။

အောင်ပန်းနှင့်ကလောမှာ ၄ မိုင်သာဝေးသည်။ ကလောမြို့သည်ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၃၀၀ အမြင့်မှာရှိ၏။ လှပသော တောင်ငယ်များ ဝန်းရံထားသည်။ ပလောင် ဘာသာစကား **'ကလောက်'** မှ **ကလော** ဖြစ်လာသည်။ **ကလောက်** ဆိုသည်မှာ **ဇလုံ** ကိုဆိုလို၏။

ထင်းရှူးရနံ့သင်းပြလာသည်။ ထင်းရှူးရွက်သံ တရှဲရှဲမြည်လို့။ လေကလတ်ဆတ်သည်။ အေးမြသည်။ ရှယ်ရီပင်၊ သစ်သော့သီးပင်၊ ပန်းသီးပင်တွေ ကလော မှာစိုက်ခဲ့ကြ၏။ မောရစ်ကောလစ်ရေးခဲ့ဖူးတာ ကျွန်တော် သတိရလာ၏။

"ကလောမြို့လေးသည် ပိုင်ရှင်က အကျအနပြုစု ပျိုးထောင်ထားသည့် ဝင်းခြံမြေယာတစ်ခုနှင့် တူ၏" တဲ့။ သင်းပျံ့ပျံ့မွှေးရနံ့။

**စိန်ပန်းနီနီများ…**

ကလောမှစိန်ပန်းအနီရောင်သည် ရင်သပ်ရှုမောဖြစ်ရသော စိန်ပန်းနီနီ။ ၁၉၁၀ တွင် အင်္ဂလိပ်တို့သည် သာစည်မှ ရှမ်းပြည်နယ်တောင်ပိုင်းသို့ရထားလမ်း စတင်ဖောက်၏။ အင်္ဂလိပ်တို့သည် ကလောမြို့ကို အလွန် သဘောကျ၏။ ၁၉၁၁ တွင် ကလောမြို့တည်ဆောက်ရန် အုပ်ချုပ်ရေးဆိုင်ရာ သဘောတူညီချက်ထုတ်ပြန် သည်။ ကလောကိုသီးသန့်နယ်မြေ( Nortified Area)အဖြစ်သတ်မှတ်ကာ အချိန်ယူတည်ဆောက်ခဲ့ကြ၏။

**ကလောဈေးနေ့ဖြစ်သည်။**

ကုန်စိမ်းတန်းမှာမဆုံးနိုင်အောင်ရှည်လျားသည်။ သူတို့အခေါ် **ဝိတ္ထုဥကြီး**တွေကနီညိုရောင်။ ကျွန်တော်က **ကတွတ်သီးမှည့်** တွေ ဝယ်စား၏။ ဈေးထိပ်ကမိသားစုကဖေးမှာ ချပါတီစားသည်။ နွားနို့သောက်သည်။ လမ်းမပေါ် ရောက်တော့ မနှင်းဆီကဖေး မှာ လက်ဖက်ရည်သပ်သောက်၏။

အင်္ဂလိပ်တို့က ကလောကို ကုန်သွယ်စခန်း (Trading Centre)အဖြစ် ရည်ရွယ်ခဲ့၏။ ကလောသို့မီးရထားလမ်းဖောက်ရန်အောင်ပန်းကိုယာယီရုံးခွဲစိုက်ထူရန်ဖန်တီးဖြစ်ခဲ့၏။ တကယ်တမ်းမှာ အောင်ပန်းက လမ်းဆုံကျပြီး ကုန်စည်ကူးသန်းရန် အချက်အချာကျသောမြို့ဖြစ်လာ၏။ ကျောင်းဘို့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆောက်က ထွက်သော လိမ္မော်တွေလည်း ရက်မလွန်ခင် အောင်ပန်းပွဲရုံတွေက ပို့ပေးရသည်။ အောင်ပန်းသည် ပွဲရုံတွေနှင့်မြို့...။

**"မြောက်စူးစူးသို့ သွားပါလား×××**
**ပဒေသာပင်တွေ ပေါက်ရောက်ရာ×××**
**ရေကြည်ရာ×××မြက်နုရာရာ"**

ကျွန်တော်သည် အောင်ပန်းမှာ စတည်းချပြီး အောင်ပန်းလမ်းဆုံမှ နီးရာမြို့များဆီသို့ သွားလည်၏။ အောင်ပန်းသို့ပဲ ချက်ချ ပြန်ပြန်လှည့်လာဖြစ်၏။ အောင်ပန်းသို့ အပြန်ရှုခင်းများကို သဘောကျ၍ဖြစ်ပါသည်။မိုးတွေရွာလာမည်။ပန်းနှမ်းတွေဝါလာမည်။သစ်ပင်တွေ စိမ်းသည်ထက် စိမ်းလာမည်။ တောင်တွေ ပြာနေသည်။ ပိုပြီး ပြာလာမည်။ သဘာဝတရားက မွေးဖွားခဲ့သည့်အတိုင်း ရှမ်းပြည်နယ်၏မြေကြီးများမှာအနီရောင်ဖြစ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ရှုခင်းမှာ နီ၊ ဝါ၊ ပြာ၊ စိမ်းဖြင့် ရွှဲအိလှပနေ၏။


■

Bi Weekly ELEVEN

ဇွန်-၁၈-၂၀၁၀

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောမျက်စိဖြင့် ရှုကြရစေ၏

မောင်ကိုကို (အမရပူရ)

(၁)

ညောင်ဦးဈေးအနီး မင်းသီဟ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်၏။ မြို့စီးကြော ကို အကဲခတ်သည့် ညောင်ဦးလက်ဖက်ရည် အလွန်ကောင်းသည်။ နိုင်ငံခြားဧည့်သည်များ၊ မြန်မာဧည့်သည်များ ညောင်ဦးမြို့ထဲဝင်လာနေကြ၏။

ကျွန်တော်ဆိုက်ကားတစ်စီးပေါ် တက်ထိုင်လိုက်ပါပြီ။ အနေးယာဉ်က ပတ်ဝန်းကျင်ကို ကြည့်လို့ကောင်းသည်၊ စကားပြောလို့ရသည်။ သူကဘုရားဖူးရန်စည်းရုံးနေသော်လည်း ကျွန်တော်က ရွှေစည်းခုံစေတီ၏ စောင်းတန်းအပေါ်မှာ ဆင်းလိုက်၏။ ပုဂံသူတို့၏ အသံကိုကြားမည်။

ရွှေစည်းခုံစေတီတော်ကြီး၏ပထမဘုရားဒါယိကာမှာ **အနော်ရထာမင်းစော**၊ ဒုတိယဘုရားဒါယိကာမှာ **ကျန်စစ်မင်းကြီး** ဖြစ်သည်။ ကြေးမတ်ရုပ် ဂန္ဓကုဋိတိုက်၏ မုခ်ဦးစုလစ်သစ်သားပြသာဒ်ဆောင်ကစလို့ လှပနေသည်။ ရင်ပြင်တော်တစ်နေရာတွင် ဘုရားဝတ်ပြုဟန်ပြ သိကြားရွှေရောင်ရုပ်ထုငယ်ရှိသည်။

"လာဘ်အမျိုးမျိုးနှောက်ယှက်ခြင်းမှကင်းစေသော်ဝ်"

ဟု ရေးသား၏။

www.burmeseclassic.com

the bookhouse

စေတီတော်ကြီး၏ အင်္ဂါထောင့်တစ်နေရာတွင် အနော်ရထာမင်းစော တည်ထားကိုးကွယ်ခဲ့သည်ဟုဆိုသော ဇုဋ္ဌရုပ်ပွားတော်ရှိသည်။ လိုဏ်ဂူအတွင်း ငုံ့ဝင်ပြီးမှ ရုပ်ပွားတော်ကို ဖူးခွင့်ရ၏။ မှုံဒြာမှာကြည်ညို သပ္ပာယ်ဖွယ်ကောင်း၏။ ရင်ဘတ်တော်အပြည့် ရွှေသင်္ကန်း ကပ်လှူလိုက်မိ၏။ အပြင်ပြန်ထွက်တော့ ပုဂံသူ၏အသံကို ပြန်လည်ကြားရသည်။

"အနော်ရထာမင်းစော ကိုးကွယ်ခဲ့သောဘုရားမှာ ကိုယ်တိုင်ရွှေသင်္ကန်းကပ်လှူသွားပါရှင်"

ပိန်ပိန်လိုလိုအဖွားအိုက နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေ ရောင်းနေသည်။ နိုင်ငံခြားဧည့်သည်အဒုံအဖွဲ့ကို ဧည့်လမ်းညွှန်အမျိုးသမီးက ရှင်းလင်းပြောဆိုနေကြသည်။ ကျွန်တော်က အနီးအနားကစာကိုဖတ်သည်။

"အောက်အဝီစိမှ အထက်ဘဝဂ်တိုင်အောင် မွှန်မြတ်သောဂုဏ်ကျေးဇူးဖြင့်ပျံ့နှံ့ထသောအလုံးစုံလည်းဖြစ်သော၊ ကောင်းသောဆုကိုပေးတတ်သော၊ မာရ်ငါးပါးအောင်မြင်ခြင်းဂုဏ်ကျေးဇူးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကိုရှိခိုးပါ၏။ ဤသို့ ရှိခိုးရသော ကောင်းမှုကြောင့်အလုံးစုံသော ဆုသည်လည်း အလိုရှိတိုင်း ပြည့်စုံပါစေသတည်း"

ဟု ရေးထိုးထား၏။

ပုဂံသူတစ်ဦးသည် ပျပ်ဝပ်ညွတ်တွားစွာ ရှိခိုးနေ၏။ နဖူးနှင့် အုတ်ခင်းထိ ကပ်နေ၏။ ရွှေစည်းခုံ၏ရင်ပြင်တော်ပေါ်မှာ မြန်မာဘုရားဖူးတွေ အုံကျလာ၏။ ကျွန်တော်တို့ မြန်မာတွေ ဘုရားဖူးထွက်ကြသည်။ အလှန်ချစ်စရာကောင်းသည့်ဓလေ့ ဖြစ်သည်။ **မိဖုရားဖွားစော** သည် ***'အရဟတ္တဖိုလ်မည်သော မြတ်သောအကျွတ်တရားပွင့်လတ်၍ ငြိမ်သက်စွာသော နိဗ္ဗာန်ချမ်းသာ ငါရလို၏'*** ဟု ပုဂံဘုရားတစ်ဆူမှာ ကမ္ပည်းထိုးခဲ့၏။ ကျွန်တော်ကတော့ ပုဂံရွှေစည်းခုံစေတီကို ဖူးရင်း ငြိမ်းချမ်းစိမ်းလန်းသော ခံစားမှုကိုရနေ၏။ ကျေနပ်နေ၏။

(၂)

ကျန်စစ်မင်းကြီး တည်ထားကိုးကွယ်ခဲ့သော အာနန္ဒာစေတီတော်မြတ်ကြီးဆီသို့ ဆိုင်ကယ်တက္ကစီဖြင့်ကျွန်တော်သွားနေ၏။ ပုဂံသို့မသွားမီ ဒေါက်တာသန်းထွန်း၏ 'တစ်နေ့တစ်လံပုဂံဘယ်ပြေမလဲ'စာအုပ်ကလေးကို ဖတ်ခဲ့သည်။ ၁၉၈၅ခု ပုဂံစာအုပ်တိုက်ထုတ် 'ပုဂံ' ဆိုသော စာအုပ်ကလေးကို





ဖတ်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၊ ဒေါ်ယျွန်းသိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ တိုက်စိုး၊ မင်းယုဝေ စသော စာရေးဆရာများပါဝင်ရေးသားခဲ့ကြ၏။ ပုဂံကိုပျော်ပျော်ပါးပါးဖြတ်သန်းသွားသောသိပ္ပံမောင်ဝ၏ ပုဂံဆောင်းပါးမှာချစ်စရာကောင်းသည်။

**ဆရာမင်းယုဝေ** ၏ **'ကျန်စစ်သားနှင့်ကျွန်တော်'** ဆောင်းပါးကိုလည်း ကျန်စစ်သားကိုစိတ်ဝင်စားမှုအရင်းခံဖြင့်ဖတ်ခဲ့သည်။ ကျန်စစ်သားအပေါ် ဆရာမင်းယုဝေ၏အမြင်ကိုလည်းတွေ့ရ၏။

**'စစ်စစ် မင်းအာဏာကို လိုသူတို့ပေါ်များသလောက်**
**ပြည်သူတို့အပေါ် မေတ္တာကရုဏာထားလျက်**
**ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်သူ ရှားပါးလှပါဘိ။**
**ကျန်စစ်သားကား မင်းအာဏာကို တပ်မက်သော၊**
**လောဘကို ထိန်းနိုင်သည်နှင့်အမျှ**
**ထိုအာဏာကိုရပြန်သောအခါ၌လည်း ပြည်သူတို့အပေါ်**
**ကြီးမားသောစေတနာထားလျက်**
**ပြည်သူ့အကျိုးကိုအံ့ချီးဖွယ်ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပေသည်'**

ဟု ဆရာက ရေးသားထား၏။

ပုဂံ မသွားမီ **မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင်ဆရာကြီး ဦးအေးမြင့်** ကို သွားတွေ့ခဲ့သည်။

*'အင်ဂျင်နီယာအမြင်နဲ့ပဲကြည့်ကြည့်၊ ဒီဇိုင်းအမြင်နဲ့ပဲကြည့်ကြည့်၊ ဘုရားဖူးသူ့ရဲ့ အမြင်နဲ့ပဲကြည့်ကြည့် ပုဂံမှာ အာနန္ဒာဘုရားဟာ လက်ရာအမြောက်မြောက်ဆုံးပဲ။ ကောင်းကင်ပြဿဒ်ပေါက်တွေကြောင့် မတ်ရပ်ရုပ်ပွားတော်ကြီးတွေက ဝင်းပနေတယ်'* ဟု ဆရာကြီးဦးအေးမြင့် က ပြောခဲ့သည်။

ပုဂံမသွားမီ ရွှေနှင်း၏ ပုဂံပန်းချီပြပွဲကို ကြည့်ခဲ့ကြ၏။ 'ဘီလူးပန်းဆွဲ' သဲပန်းချီကားကြီးများဖြစ်သည်။

*"ကျွန်မက ရန်ကုန်မှာမွေး ရန်ကုန်မှာ ကြီးပြင်းသူပါ။ ပုဂံမှာ ပုဂံမှာ သဲပန်းချီကို ကျွန်မက စ နေတယ်။ နာမည် ကြီးတဲ့ ပုဂံဘုရားတို့ ဘုရားပျက်တွေမှာ သမိုင်းဂူတွေဝန်းကျင်မှာ ကျွန်မ တစ်နှစ်တိုင်တိုင် ကျင်လည်ပြီး ဒီလို ဘီလူးပန်းဆွဲပန်းချီကားကြီးတွေ ဖြစ်လာတာ"* ဟု ရွှေနှင်း က


www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၏။

"ပုဂံရောက်ရင် အနုပညာစိတ်တွေ နိုးကြားသန်မာလာတယ်။ ပုဂံဆိုတာ ကြာကြာနေနိုင်မှ ကောင်းတာ။ ကိုယ်တော့ ပုဂံမှာ ကြောက်လာကြာအောင်နေထိုင်ပြီး ပန်းချီရေးခဲ့တယ်။ ပုဂံမှာ အုတ်ခဲကျိုးလေးတစ်ခုကအစ အရသာတစ်ခုကိုပေးတယ်။ တန်ဖိုးတစ်ခုကိုပေးတယ်။ စဉ်းစားစရာတွေ၊ တွေးစရာ အများကြီးကိုပေးတယ်' ဟု စန္ဒာခိုင်၏ ပန်းချီပြပွဲမှာ ဆုံရသော ပန်းချီဆရာဘိုစော က ပြောပြ၏။ အမှုက်ဒေါသ တစ်စေ့မရှိ။ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏။

(၃)

ကျန်စစ်မင်းကြီး၏ ကောင်းမှုကုသိုလ်ဖြစ်သော အာနန္ဒာစေတီကြီးတွင် ဂန္ဓကုဋိတိုက်ကို ဝိုင်းရံလျက် စင်္ကြံတွင် ဂန္ဓကုဋိလေးတိုက်၌ မတ်ရပ်တော်ကြီးလေးဆူကို ဝင့်ထည်စွာ ပူဇော်ထား၏။ ကောင်ကင်ပြတင်းပေါက်မှ ဖြာကျလာသည့် နေရောင်သည် ဗုဒ္ဓ၏ မျက်နှာတော်ပေါ်မှာ တောက်ပနေ၏။

တစ်နေရာတွင်ဗုဒ္ဓရုပ်ပွားတော်ကို ပုဆစ်ဒူးတုပ် ဖူးမြော်ပူဇော်နေဟန်ရုပ်တုနှစ်ခုကို ကျန်စစ်မင်းနှင့်ရှင်အရဟံဟု အများကဆိုကြသည်။ သို့သော်ဒေါက်တာသန်းထွန်း၏ စာအုပ်တွင် ထိုသို့သမုတ်လျှင် မှားမည်ဟုဆို၏။

မည်သို့ပင်ဖြစ်စေကျွန်တော်တို့၏စိတ်ကူးရုပ်ပုံထဲတွင်အနော်ရထာမင်းစောနှင့်ကျန်စစ်မင်းကြီးရှိနေ၏။ **ရွှေစည်းခုံ** သို့ရောက်လျှင် ရတနာရွှေငွေအပေါင်းငုံပြင် မင်းကောင်း **အနော်ရထာ**ကို သတိရမိသည်။ **အာနန္ဒာ**စေတီဆီသို့ ရောက်လျှင်**ကျန်စစ်မင်းကြီး**ကို ပိုလို့သတိရမိ၏။

**ချစ်သူနှင့်ကွဲကွာ၍မျက်ရည်ရှိသောသူတို့ကိုအကျိုးစီးပွားဆောင်ခြင်းဖြင့်**
**မေတ္တာစိုင် တည်း ဟူသော လက်ဖြင့် ကျန်စစ်မင်းသည် သုတ်သင်လတ္တံ့!**
**နတ်မင်းအရှင် ကျန်စစ်မင်းသည် လက်ယာလက်ဖြင့် ထမင်းမုန့်ကို**
**လူအပေါင်းတို့အားပေးလတ္တံ့။လက်ဝဲလက်ဖြင့်အဝတ်ပုဆိုးတို့အားပေးလတ္တံ့!**





**ခပ်သိမ်းသောလူအပေါင်းတို့ကိုလည်း**
**အမိထံရင်ဝင်သားကဲ့သို့ကျန်စစ်မင်းသည်အကျိုးစီးပွားဖြင့်စောင့်ရှောက်လတ္တံ့!**

ဝတ်မွတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝပေါများခြင်းအကျိုးငှာ ရေ မရှိသော လယ်မြေ၊ ထွန်ယက်စိုက်ပျိုးခြင်းမရှိသော အရပ်တိုင်း၌အတို့သခင်အရှင် ဟရားမင်းသည်ရေကိုမြမြစွာ ဆည်စေ၏။ ရေကန်ကို တူးစေ၏ စိုက်ပျိုးရန်လယ်မြေကို ဖြစ်စေ၏။

ထိုအထောက်အထားများအရ ကျန်စစ်မင်းသည် အများပြည်သူတို့အပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာအပြည့်အဝထားရှိ စောင့်ရှောက်ခဲ့ကြောင်း သိသာထင်ရှား၏။ ပြည်သူတို့ကို ငြိမ်းချမ်းစေ၏။ ပူပင်ကြောင့်ကြမှု ကင်းဝေးစေခဲ့၏။ အစားအသောက်၊ အဝတ်အဆင်၊ အနေအထိုင်၊ အခြေခံလုံခြုံမှုတို့ဖြင့် ပြည့်စုံကုံလုံလှပစေခဲ့၏။ ထို့ကြောင့် ကျွန်တော်တို့၏ စိတ်ကူးရုပ်ပုံထဲတွင် ကျန်စစ်သားဆိုသော မင်း ရှိနေပါသည်။

အာနန္ဒာဘုရားအနီးက ဓာတ်ပုံဂယ်လာရီလေးတစ်ခုထဲ ကျွန်တော်ဝင်ထိုင်သည်။ ကော်ဖီမှာသောက်လို့ရ၏။ပုဂံမင်း မင်းဦး၏ပုဂံရှုခင်းဓာတ်ပုံကြီးများကို ကြည့်သည်။ ထို့နောက်မြင်းလှည်းတစ်စီးငှား၏။ အုန်းခွံရောင်မြင်းကြီးကထွားကြိုင်းသန်မာ၏။ မြင်းခွာသံတဖြောင်းဖြောင်းဖြင့် ပုဂံမြို့ဟောင်းထဲ လှည့်လည်သည်။ ထီးလိုမင်းဘုရား၊ အလိုတော်ပြည့်ဘုရား၊ နရပတေ့စည်သူမင်းကြီး၏ကန်တော့ပလ္လင်ဘုရားတို့ကိုဖူးသည်။ သရပါတံခါးကြီးကို တအံ့တသြကြည့်နေမိသည်။

မှောင်ရီရီမှာတော့ ဗူးဘုရားအရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်မိပြီ။

"ပုဂံမှာ ဆာကူရာဟိုတယ်၊ သံတွဲဟိုတယ်၊ သရပါဟိုတယ်ရှိတယ်။ ညောင်ဦးဘက်မှာ ကိုးလ်ဒင်း အီတ်စပရက်ဟိုတယ်၊ အောင်မင်္ဂလာဟိုတယ်၊ သံတွဲ(ညောင်ဦး)ဟိုတယ်ရှိတယ်။

ပုဂံမှာညောင်ဦးမှာ တည်းခိုခန်းတွေလည်းများမှများဗျာ. . . သမီးတော်၊ မင်းသားယာခင်းသာ၊ ဇာခြည်ဝင်း၊ အေဒင်၊ မေခလာ၊ ပဥ္စရူပ၊ အင်းဝ၊ ပန်းချယ်ရီ၊ ပဒေသာ၊ ငြိမ်းချမ်း. . . အများကြီးပဲ။ ဘုရားဖူးအဖွဲ့တွေကတော့ ဘုန်းကြီးကျောင်းကြီးတွေမှာ တည်းကြတယ်။

ဝါးကျောင်း၊ မြသီတာ၊ မင်းအိုချမ်းသာ၊ ပုဗ္ဗာရုံ၊ ခြသေ့်လှ၊ နပ်ဆောင်၊ အလိုတော်ပြည့်ကျောင်း၊ ဂိတ်ကျောင်း. . . ကြိုက်တဲ့ ဘုန်းကြီးကျောင်းမှာ တည်းလို့ရတယ်။

ကျွန်တော်က မြန်မာတွေကို ဧည့်လမ်းညွှန်လုပ်တယ်။ လိုတာရှိရင်ပြော၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ဧည့်သည်အားလုံးက ဗေလုပလို့ပဲခေါ်ကြတယ်". . . လူကြီးတစ်ယောက်က ကျွန်တော့်အနားသို့ အကျအနလာ ထိုင်ကာပြော၏။

ပုဂံမှ ညောင်ဦးသို့ မြင်းခွာသံ တဖြောင်းဖြောင်းဖြင့် အမှောင်ကို ထိုးဖောက်ပြန်ခဲ့၏။ ရွှေစည်းခုံကျော်တော့ လမ်းတစ်လျှောက် စားသောက်ဆိုင်ကြီးများမှာ မီးများထိန်ထိန်သာလို့။ လက်ငင်းအကျိုးလိုသူတို့ကား လက်ငင်း အကျိုးရစေပြီ။ သိယ်သူ့သမီး ဆုတောင်းပြည့်ပြီ။

■

BiWeeklyEleven

မေ ၇၊ ၂၀၀၉

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

## နှင်းဆီပွင့် သစ်သားကျောင်း

မောင်ကိုကို (အမရပူရ)

ကိုလိုနီခေတ်ဦးက တည်ဆောက်ခဲ့သော ရှေးဟောင်း သစ်သားဘုန်းကြီးကျောင်းကြီး တစ်ကျောင်းပေါ်သို့ ကျွန်တော်ရောက်နေ၏။ ဤကျောင်းပေါ်တွင်တစ်ပါးတည်းကျိန်းစက်သော ဦးပဥ္စင်းလေးထံကျောင်းကြီးကိုခံစားချင်လို့ဟစ်ညတာအိပ်စက်ခွင့်ပြုပါရန်တောင်းဆိုလျှောက်ထားခဲ့သည်။

ကျောင်းဒကာမှာ ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှု အပြည့်အဝရှိသည့် တရုတ်အမျိုးသားကြီးတစ်ဦးဖြစ်၏။ ကျောင်းအစ်မမှာ ရမည်းသင်းမြို့စားနှင့် တောင်ဆောင်တော်မိဖုရား၏ တူမဖြစ်သည်။ ကျောင်းဒကာသည် ပြည်ကြီးသားအစစ်၊ မိဘမဲ့ တရုတ်ကလေးဘဝနှင့် ရတနာပုံမန္တလေးရွှေမြို့တော်သို့ ရောက်လာခဲ့၏။

ရွှေနန်းသူနှင့်လက်ထပ်ပြီးချိန်မှာ ကျောက်စိမ်းလုပ်ငန်း၊ ကြက်ပေါင်စေးလုပ်ငန်း လုပ်ကိုင်၏။ မင်းဟုန်းမင်းနှင့် သီပေါမင်းလက်ထက်ကတည်းက လူငယ်စီးပွားရေးလုပ်ငန်းရှင်။ အင်္ဂလိပ်တို့လက်ထက်မှာ သစ်စက်ထောင်သည်။ အလုပ်ကိုတရုတ်လို အဟုတ်ကိုလုပ်ခဲ့တော့ စီးပွားဖြစ်ထွန်းလာ၏။

ရှေးကတော့ ရှင်ဘုရင်မိဖုရားများသာ ခမ်းနားထည်ဝါသောကျောင်းတော်ကြီးတွေ ဆောက်နိုင်သည်။ သူကတော့ မြည်သူပြည်သားတစ်ဦးအနေဖြင့် သစ်သားကျောင်းတော်ကြီးတစ်ကျောင်းကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



စွန့်စားတီထွင် ဆောက်လုပ်နိုင်ခဲ့၏။ မြန်မာ့ဗိသုကာရသမြောက် ကျောင်းတော်ကြီးဖြစ်သည်။ အင်္ဂလိပ်တို့လက်ထက်တွင် မြန်မာတို့ဗုဒ္ဓဘာသာသာသနာကို ယုံကြည်သက်ဝင်ကြောင်း ရဲရဲတွာဖော်ဆောင်သည့် ဘုန်းကြီးကျောင်းကြီးပေလားဟု ကျွန်တော်တွေးမိသည်။ သူတို့ဇနီးမောင်နှံသည် ငွေနပဲကြီးစွာ၊ ရဲရဲပြတ်သားစွာ တည်ဆောက်ခဲ့ကြသည့် ဘုန်းကြီးကျောင်း။

ကျောင်းဒကာကြီးသည် ပြည်မြို့မှာ ဆန်စက်လုပ်ငန်းလုပ်ရာက ကွယ်လွန်သည်။ သူ့အလောင်းကို ပြည်မြို့မှရန်ကုန်၊ ရန်ကုန်မှမန္တလေး သယ်ဆောင်ခဲ့ကြ၏။ အသုဘကို ကြီးကျယ်စွာချသည်။ သူ့အလောင်းကို သူတမြတ်တနိုးဆောက်လုပ်လှူဒါန်းခဲ့သော ဘုန်းကြီးကျောင်း၏ အနောက်မြောက်ထောင့်မှာ အုတ်ဂူသွင်းမြှုပ်နှံ၏။

ကျောင်းဒကာကြီး၏ အုတ်ဂူကို ကျွန်တော်သွားရောက် ကြည့်ရှုခဲ့၏။ လူနေအိမ်ကလေးများ၏ နောက်ဖေးမှာ ရောက်နေသည်။ သူမွှန်းကျပ်နေမလား။ ကျွန်တော်က သူ့ကိုအသက်ရှူလွတ်လပ်စေချင်၏။ သူ့ကျောင်းဆောင်၏အပြင်ဘက် အမိုးအောက်နံရံတွင် သူ့ရုပ်တုရှိသည်။ အခြားတစ်နေရာတွင် သူ့ဇနီး၏ရုပ်တုရှိ၏။ အလွန်လက်ရာမြောက်သော သစ်သားရုပ်တုနှစ်ခု။

ကျောင်းဒကာသည် ဤကျောင်းကြီးကို ကျယ်ဝန်း လွတ်လပ်သော မြေပြင်ပေါ်တွင် တည်ဆောက်ခဲ့၏။ ဘုန်းကြီးကျောင်းများသည် အများပြည်သူတို့ ဆက်ဆံတွေ့ထိရာ နေရာဖြစ်ခြင်း၊ လူမှုရေး၊ ပညာရေးစသည်တို့၏ မဏ္ဍိုင်ပြုရာဌာနဖြစ်ခြင်းတို့ကြောင့် နေရာကျယ်ပြန့်ရန်လိုမည်။ တသီးတခြားတည်ရှိနေရန်လည်းလိုသည်။ ထို့ပြင် ကြည်ညိုသဒ္ဓါဖိတ်ထက်သန်စေရန် မွန်မြတ်ထူးခြားသည့် အသွင်သဏ္ဌာန်ကိုလည်း ဆောင်ရန်လိုပါလိမ့်မည်။

ကျွန်တော်သည် ကျောင်းရှေ့က ရေတွင်းလေးကို ငုံ့ကြည့်ခဲ့ပြီးနောက် ကျောင်းပေါ်သို့တက်ခဲ့သည်။ ပြာသာဒ်ဆောင်တွင်ရုပ်ပွားတော်ရှိခဲ့ပေလိမ့်မည်။ ဓနုဆောင်တွင် ကျောင်းထိုင်ဘုန်းကြီးသီတင်းသုံးခဲ့ပေလိမ့်မည်။ မာရဘင်ဆောင်သည်နေ့အချိန်တွင် လူပရိသတ်အား ဧည့်ခံသောခန်းမအဖြစ် အသုံးပြုမည်၊ ညအချိန်တွင် ရဟန်းသံဃာတော်တို့ ကျိန်းစက်ရာဖြစ်မည်။ ဘောဂဆောင်သည် လှူဖွယ် ပစ္စည်းတို့ထားသိုရာအခန်းဖြစ်မည်။ ခုံးဆောင်သည် မာရဘင်ဆောင်နှင့် ဘောဂဆောင်ကို ဆက်စပ်ထားရာအခန်းဖြစ်ပြီး နံရံမကာဘဲ တိုးလျှိုပေါက်ဖွင့်ထားမည်။

ယခုတော့ အဆောင်ဆောင်အခန်းခန်းနှင့် ရှေးဘုန်းကြီးကျောင်းပေါ်မှာ ကျွန်တော်တစ်ယောက်တည်းဦးပဉ္စင်းလေးကကျွန်တော်လွတ်လွတ်လပ်လပ်အိပ်စက်ရအောင်ကျောင်းသင်ခန်းငယ်





တစ်ခုဆီကြွမြန်းသွားခဲ့ပြီ။

ကျွန်တော်က အပိုးအစွန်းအောက်နံရံပေါ်မှ ကျောင်းဒကာကြီး၏ သစ်သားပန်းပုရုပ်ပုံလွှာကို ကြည့်လို့မဝ၊ ငေးကြည့်မိပြန်သည်။

"ဟိတ်ကောင်...ငါလှူခဲ့တဲ့ကျောင်းပေါ်မှာ တစ်ညအိပ်ရအောင် မင်းနဲ့ဘာဆိုင်လို့လဲကွ"

ကျောင်းဒကာကြီး၏အသံက သစ်သားပန်းပုဆီမှ လိမ့်ဆင်းလာ၏။ ကျွန်တော်လှည့်ထွက်ခဲ့သည်။ သူကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ဤရှေးကျောင်းကြီး၏ အချို့သောနံရံတွင် မြွေပန်း မြွေနွယ်များအကြား ဟိုခေတ်က လူမှုဘဝရုပ်ပုံလွှာတို့ကိုလည်း မွမ်းမံခြယ်လှယ်ထားသေး၏။ ရှေးကျကျွန်းသားမှန်သမျှသည် တောက်ပစိုပြည်နေ၏။ တကယ့်ရှေးဟောင်းအစစ်များအပေါ် ကျွန်တော်တို့ ဘာကြောင့်တန်ဖိုးထားနေသလဲ။

လသာကြမ်းပြင်ပေါ်မှာ ကျွန်တော်လမ်းလျှောက်ပြန်သည်။ ပြောင်ချောနေသော ပျဉ်နံရံများသည် ပြွတ်ထနံရံများနှင့် ရုတ်တရက်ထိတ်လန့်သွား၏။ ပျဉ်နံရံများတို့၏ ဆန့်ကျင်ဘက်အရည်အသွေးတွေ ပြိုင်ဆိုင်လုယက်နေကြ၏။ မာရဘင်ဆောင်ကြီး၏ ကဲလားတံခါးကြီးကို အံ့ဩစွာကြည့်မိသည်။ ကဲလားတံခါးကြီး၏အတွင်းဘက်မှာတော့ သစ်သားစတုရန်းကွက်တွေက လှုပရှားကြနေ၏။ ရှင် သာမဏေတို့ ဗုဒ္ဓစာပေရွတ်ဖတ်သံကို ကဲလားတံခါးကြီးဆီမှ ကျွန်တော်ကြားလာရ၏။ ရှေးဟောင်းကျောင်းကြီး၏နံရံတွေထဲမှာ အသံတွေနစ်မြုပ်နေသည်။ ရှေးဟောင်းကျောင်းကြီး၏ နံရံတွေထဲမှာ အသံတွေထွက်ပေါ်လာနေသည်။ လသာခန်းအိမ်လေးက မျက်နှာကြက်ဆီမှ တွဲလောင်းကျဆင်းနေ၏။ စာအံသံတွေက အမှောင်တစ်ဝက်အလင်းတစ်ဝက်ထဲမှာ ဆူညံလာနေသလို။ လှုပခမ်းနားပြီး မှော်ဆန်သော ရှေးဟောင်းသစ်သားကျောင်းကြီးထဲမှာ ကျွန်တော်မအိပ်ရက်နိုင်သလို။ သို့သော် သန်းခေါင်ကျော်စတွင် ကျွန်တော်မေ့ဟာနဲ့အိပ်ပျော်သွား၏။

ရုတ်တရက်နိုးလာချိန်တွင် လေးနာရီသံချောင်းခေါက်သံကို ကြားလိုက်ရ၏။ ထို့နောက် တောင်ဝှေးနှင့်သစ်သားကြမ်းပြင်ထိတွေ့သံ။ ထို့နောက်ခြေသံ၊ ဓနုဆောင်၊ မာရဘင်ဆောင်၊ ဘောဂဆောင်. . . ပြတ်သန်းသွားသည်။ ထို့နောက် ခြေသံနှင့်တောင်ဝှေးသံတို့သည် လသာကြမ်းပြင်ဆီသို့ ထွက်ခွာသွား၏။ သဲ့သဲ့...တိုးတိုးတိတ်တိတ်။

**နှင်းဆီရနံ့။**

ရှေးဟောင်းသစ်သားကျောင်းကြီးတစ်ကျောင်းလုံးမှာ နှင်းဆီပန်းရနံ့များ မွှေးပျံ့သင်းပြုံ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ သစ်သားကျောင်းကြီးအပြည့် နှင်းဆီပန်းခင်းကြီး စိုက်ပျိုးထားခဲ့ပြီး ပွင့်ဝေလာသလို။ ကျွန်တော်ကတော့ ခြေသံနှင့်တောင်ဝှေးသံကို ထပ်ပြီးကြားချင်နေ၏။ ခြေသံရှင်နှင့်အတူ ဤကျောင်းကြီးကိုမျှဝေခံစားချင်နေသည်။ ခြေသံ၊ တောင်ဝှေးသံ၊ နှင်းဆီပန်း၊ ရှေးဟောင်းသစ်သားကျောင်း။ ကျွန်တော် ပျော်ရွှင်သွား၏။ ဖြစ်နိုင်လျှင် နောက်ညတွေမှာလည်း ဤမှာ ဆက်အိပ်ချင်သည်။ ခြေသံနှင့်အတူပျော်ရွှင်ချင်သည်။ ကျယ်ဝန်းသော ရှေးဟောင်းသစ်သားကျောင်းကြီးအပေါ်မှာ သူ၏အသက်ရှူမှု နှင်းဆီပန်းလို လန်းဆန်းလွတ်လပ်ပါလိမ့်မည်။ ဤသည်မှာ သူ့အတွက် ကျွန်တော်၏ချစ်မေတ္တာဖြစ်ပါသည်။

(မန္တလေးမြို့၊ ရွှေအင်ပင်ကျောင်းကို ခံစားရေးဖွဲ့ပါသည်)

■

Bi Weekly ELEVEN

မေ-၃-၂၀၀၉

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အလှူခံမှာ လယ်ပမာ၊ လှူရှာသူများ လယ်သမား

မောင်ကိုကို (အမရပူရ)

မဟာဂန္ဓာရုံကျောင်းပရဝဏ်ထဲသို့ ကျွန်တော်ရောက်သွားသည်။ ဘာသာတရားနှင့် ကွာဝေးသူတစ်ဦးသည် ဘာသာ့ဒီကာကျမ်းများစွာ ပြုစုခဲ့သော မဟာအရှင်၏ မဟာဂန္ဓာရုံကျောင်းထဲရောက်ရှိနေသည်။

ညောင်ရွက်လေးတွေကြွေနေ၏။ ပင်စည်ဝါဝါတုတ်တုတ်နှင့် ထနောင်ပင်ကြီးများ၏ အရိပ်အာဝါသမှာ ကောင်းလွန်းလှ၏။ ကျောင်းတိုက်အသစ်ကြီးတွေက ခံ့ခံ့ထည်ထည်။ ရှေးကဆောက်လုပ်ခဲ့သည့် ကျောင်းတိုက်တွေကိုလည်း ဂန္ဓဝင်ဟန်ဖြင့် တွေ့မြင်ရ၏။ အလှူရှင်ပေးထားသော အမည်နှင့်ကျောင်းတိုက်၊ သံဃာတော်အရှင်သူမြတ်တို့ အမှတ်သညာပြုခဲ့သည့် ကျောင်းတိုက်၊ ရာပြည့် သုံးထပ်ကျောင်း။ ရွှေဆင်းတိုင်းကျောင်း။ ဒေါ်စောရှင်ကျောင်း၊ မော်ကျွန်းကျောင်း၊ မိုးကုတ်သိမ်၊ ပွဲကုန်းသိမ်၊ အရှေ့ဥယျာဉ်၊ အနောက်ဥယျာဉ်၊ ဆွမ်းစားကျောင်း။ ထို့ပြင် ကမ္မဋ္ဌာန်းကျောင်းငယ်လေးတွေကလည်း အနောက်တောင်ဘက် အုတ်ထရံအနီးအပါးမှာရှိသည်။

မဟာအရှင်သီတင်းသုံးခဲ့ဖူးသောသစ်သားကျောင်းကလေးမှာ မူလအတိုင်းပါ။ ပြတိုက်သဖွယ်ပြုလုပ်ထားသည်။ ကျောင်းကလေးထဲမှာ ကျမ်းပြုမဟာအရှင် စာပေရေးသားပြုစုခဲ့ရာ စာကြွကုလားထိုင်ကို တွေ့ရ၏။

သံဃာတစ်တောင်ကျော် သီတင်းသုံးရာ ကျောင်းတော်ထဲမှာ စကားပြောသံ ဆူညံသံကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမကြားရပါ။ ရှင်သာမဏေတို့၏ စာအံသံကိုတော့ ကြားရတတ်၏။ သစ်ရွက်ကြွေသံတွေ ကြားရ၏။ ရှဉ့်ကလေးများ၏ အသံကိုကြားရ၏။ ညောင်ပင်ကြီးတွေပေါ်က ချိုးကူသံလေးတွေကို ကြားရ၏။

ကွယ်လွန်သွားခဲ့ပြီဖြစ်သော စာရေးဆရာကြီးရွှေဥဒေါင်း(ဦးကြီးမောင်)သည် တောင်လေးလုံးကျောင်းမှာ ခေတ္တတည်းခိုစဉ် မနက်စောစော မဟာဂန္ဓာရုံမှ သံဃာတော်အရှင်မြတ်တို့ ဆွမ်းခံကြွပုံကို ကြည့်ရကြည်ညိုသည်။ မျက်နှာအမူအရာ၊ သင်္ကန်းရုံပုံ၊ ကြေးချိုင့်လွယ်ပုံတို့မှာ သံဃာတော်ဂုဏ်ဖြင့် တင့်တယ်လှန်းလှသည်ကို ဗုဒ္ဓစာပန်းချီစာအုပ်များ ပြုစုသူဆရာကြီးရွှေဥဒေါင်းက လာရောက်ကြည်ညို၏။ ကောင်းလေစွ။

မဟာဂန္ဓာရုံတည်သောနှစ်မှာ ၁၉၁၄ခုနှစ်ခန့်ဖြစ်မည်ဟုသုတေသီတို့ခန့်မှန်းကြ၏။ နှစ်ပေါင်း ၉၀ ကျော်ပြီ။

တောင်လေးလုံးဆရာတော်အရှင်မြတ် ဦးပညာဇောတ က မဟာဂန္ဓရုံ ၏ အတိတ်သမိုင်းကြောင်းငယ်ကို ပေထက်အက္ခရာတင်ဖူးသည်။ ရှေးယခင်က တောင်သမန်အင်း၏ အနောက်ဘက်တွင် 'မဂုံဆိပ်တံတား' ရှိခဲ့သည်။ **'မဂုံ'** ဟူသည်မှာ သူကြီးတော်၏နာမည်ဖြစ်သည်။ တံတားငယ်၏အမည်ကို မဂုံ တွင်စေသည်မှာ အဘယ်ကြောင့်ဟု မည်သူမျှ မပြောနိုင်ကြပါ။

ထို တံတိုင်းငယ်၏ တောင်ဘက်တွင် တောရကျောင်းကလေး တစ်ကျောင်းရှိသည်။ တစ်နေ့သ၌ ကျောင်းဒကာကြီးဖြစ်မည့် ရှေးလူကြီးတစ်ဦးက တောရကျောင်းကလေးထဲ ဝင်ကြည့်မိသည်။ တောချုံများ ဆီးကာထားသည်။ မြို့ကလေးနှင့် ဆီးကာထားဟန်. . . ဤနေရာလေးသည် သူတော်ကောင်းများနှင့်ပန်းသင့်လှ၏။ ကျောင်းဆောက်လှူဒါန်းရန် အကြံဖြစ်၏။ သို့သော် လက်တွေ့တည်ဆောက်ခြင်းကိုမူ သားဖြစ်သူကိုလွှဲအပ်ရ၏။ မည်သို့ပင်ဖြစ်စေ ထိုသားအဖကောင်းမှုကြောင့်သာ မဟာဂန္ဓာရုံ စတင်ဖြစ်တည်လာရ၏။

ဒုတိယကမ္ဘာစစ်အပြီးတွင် ကျမ်းပြုမဟာအရှင် ရှင်ဇနကာဘိဝံသ၏ လက်ထယ်သို့ မဟာဂန္ဓာရုံ ရောက်လာရပြီ။ မဟာအရှင်သည် ထက်မြက်သွက်လက်သည့် ရှင်သာမဏေငယ်ကလေးများကို လက်ခံတော်မူသည်။ စာသင်နည်းစနစ်ကို စမ်းသပ်တီထွင်၏။ ယခုအခါ မြန်မာပြည်အရပ်ရပ်မှ သံဃာများသည် အမရပူရ မဟာဂန္ဓရုံကျောင်းတိုက်သို့ လာရောက်၍ ဗုဒ္ဓစာပေကိုဆည်းပူးသည်။ တာချီလိတ်မှ ဦးပဉ္စင်းငယ်များ၊ ရှင်သာမဏေလေးများသည် ကျွန်တော်နှင့်ခင်မင်သည်။ ကျမ်းပြုမဟာအရှင်ချမှတ်ခဲ့သည့် စည်းကမ်းနည်းလမ်းများအတိုင်းသာ ဆက်လက်ကျင့်ကြံ အားထုတ်ကြသည်။



**စာပေပရိယတ္တိအပြင် စိတ်ကောင်းနှလုံးကောင်းရှိဖို့က အဓိကအရေးကြီးကြောင်း** ကျမ်းပြုမဟာအရှင်က လမ်းညွှန်ခဲ့သည်။ စိတ်ဓာတ်ကောင်းကို အလေးထားလွန်းသော ကျမ်းပြုမဟာအရှင်။

မဟာအရှင်၏ နံနက်ခင်းဩဝါဒစကားများသည် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေရသော စာအုပ်များစွာထဲမှ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မဟာအရှင်ဇနကာဘိဝံသ၏အမည်နှင့် အမရပူရ မဟာဂန္ဓာရုံကျောင်းသည် ယှဉ်တွဲလျက်ကျော်ကြားနေဆဲဖြစ်သည်။ ကျမ်းပြုမဟာအရှင်၏ ရိုးရိုးသာမန်လူပင် နားလည်နိုင်အောင် ရေးသားခဲ့သောစကားပြေသည် သံဃာတွေရင်ထဲ၊ ရှင်သာမဏေတို့၏ရင်ထဲ၊ လူတို့၏ရင်ထဲ စိမ့်ဝင်နေသည်။ စကားလုံးတွေက မဟာဂန္ဓာရုံ၏ သံလိုက်ဓာတ်။

**"လူတွေကသတ္တိ သတ္တိ သတ္တိ လို့ပြောနေကြတယ်၊**
**လူတစ်ယောက်ကို မတရားညှဉ်းဆဲတာ၊ အနိုင်ကျင့်တာဟာ သတ္တိမဟုတ်ဘူး။**
**လူတစ်ယောက်ကို သတ်ရဲတာသတ္တိလို့ဆိုတယ်၊**
**ဒါပေမဲ့ သတ္တိအစစ် မဟုတ်ဘူး။ မိုက်ရူးရဲဆန်တဲ့ သတ္တိပဲ၊**
**တကယ့်သတ္တိဟာ ဒီလိုမဟုတ်ဘူး။ သည်းခံခြင်းဂုဏ်နဲ့ပြည့်စုံတယ်၊**
**လူမိုက်သတ္တိမဟုတ်ဘဲ ပညာရှိသတ္တိဖြစ်ဖို့အရေးကြီးတယ်၊**
**တလွဲဆံပင်ကောင်းတဲ့သတ္တိမျိုးကတော့အလကားပဲ။ ကိုယ့်အနေနဲ့**
**အများကောင်းအောင်၊အများသိပ်ကောင်းအောင်ကိုယ့်သတ္တိကိုအသုံးချတတ်ပါစေ"**

ကျမ်းပြုမဟာအရှင် **ရှင်ဇနကာဘိဝံသ**၏ ကောင်းမွန်မြင့်မြတ်သော စိတ်ထားသည် အများအကျိုးကို ရှေးရှုသည့် စိတ်ထားဖြစ်၏။

မဟာဂန္ဓာရုံသို့ အနယ်နယ်အရပ်ရပ်မှ ဆွမ်းလာကပ်ကြသည့် မြန်မာတို့၏ သဒ္ဓါစိတ်ကို ကမ္ဘာလှည့်ခရီးသည်တို့က နေ့စဉ် အံ့ဩဘနန်း လာလာကြည့်ကြသည်။ သံဃာတို့က ဤနေရာဖြင့် ဘုရားအလုပ်ကို လုပ်ရန်၊ မြတ်သောအကျင့်ကို ကျင့်ကြံရန် ခဲဖွယ်ဘောဇဉ်မှီဝဲကြသည်။ မွေ့လျော်ပျော်ပါးဖို့မဟုတ်ဘဲ ဗုဒ္ဓချမှတ်ခဲ့သော နည်းစဉ်ကျင့်ကြံအားထုတ်နိုင်ရန်သာ သံဃာတို့သည် ဆွမ်းဖြင့် အသက်ရှင်ကြကုန်၏။

www.burmeseclassic.com

မဟာဂန္ဓာရုံမှ သံဃာတော်တစ်ထောင်ကျော် ဆွမ်းဘုဉ်းပေးဟန်မှာတင့်တယ်ကြည်ညိုဖွယ် ကောင်းလွန်းစွ။ ဌွန်းသံ၊ ပန်းကန်သံကို စိုးစဉ်းမျှပင်မကြားရ။ ဆွမ်းကပ်သူများသည် သံဃာတော်တို့ ဆွမ်းဘုဉ်းပေးဟန်ကိုရှုလျက် သဒ္ဓါအား ထက်သန်ပြင်းပြရပြန်၏။ နောင်နှစ်ဒီအချိန်မှာလည်း ငါတို့ ဒီကိုလာပြီးဆွမ်းကပ်မည်ဟုဆုံးဖြတ်ချက်ချပြီးသား။ မထေရ်အရှင်မြတ်တို့နောက်တော်ပါးမှသာမဏေ ငယ်များ၊ဖိုးသူတော်လေးများ…။

**"သာသနာနဲ့တွေ့လို့ဆွမ်းကုသိုလ်ပြုရတယ်။ သူများပြုတာမြင်ပြီးကိုယ်ကလည်း ပြုချင်လာတယ်။ဒါနဆိုတာကိုယ့်ရှိတဲ့ပစ္စည်းစွန့်ကြဲလိုက်တာပဲ။ ကုသိုလ်မျိုးစေ့ အကြဲခံရတဲ့လယ်ယာမြေနဲ့တူတဲ့အလှူခံတွေကကောင်းနေမှလည်းအပင်ဟာ ပေါက်မယ်။ လယ်ယာမြေ မကောင်းရင် အပင်မပေါက်ဘူး။ အခုပြုတဲ့ဒါနဟာ— အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန(ဉာဏ်)ဆိုတဲ့အကျိုးငါးမျိုးကိုပေးတယ်"**

ကျမ်းပြုမဟာအရှင်၏ဆွမ်းလှူသူနှင့်ဆွမ်းကပ်အလှူတို့ကိုဆွမ်း၏အဓိပ္ပာယ်လေးနက် စေရန် ပြောဆိုပြသောစကားများကိုကျွန်တော်တို့ကြားယောင်လာပြန်၏။ကျမ်းပြုမဟာအရှင်၏ဂူဗိမာန်ရှေ့မှာ အလွန်ကြီးမားသောအင်ဒိုနီးရှားတရုတ်စံကားပင်ကြီးနှစ်ပင်သည်အမြဲအနီရောင်အပွင့်တွေဝေနေ သည်။ သီလ၊သမာဓိ၊ပညာ ကျေးဇူးသုံးပါးကိုရှာသော၊အကျင့်စင်ကြယ်သောဘုရား၏သားတပည့် ရဟန်းသံဃာတို့သည် တည်ကြည်ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးနေကြကုန်၏။

(အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကို ခံစားရေးဖွဲ့ပါသည်)


■

မြန်မာတိုင်း(မ်)
မတ် - ၂၃၊ ၂၀၀၃

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လွတ်လပ်၊ ပေါ်ပါး၊ အထည်များ၊ ဘေးကင်း၊ အခွင့်သာ ကထိန်တော်မင်္ဂလာ

မောင်ကိုကို (အမရပူရ)

ကျွန်တော်ဟာ. . . အဆင့်မြင့်ဈေးချိုတော်ကပါ။ ဈေးချိုတော်မှာ ဈေးရုံတွေက အေ၊ဘီ၊စီ၊ ဒီ၊အီး၊အက်ဖ်၊ဂျီ၊အိတ်ချ်ပေါ့ဗျာ။ အခုတော့ အင်္ဂလိပ်အက္ခရာတွေအစား ပန်းနာမည်တွေ ဝင်သွားပြီ ပေါ့။ ဈေးချိုတော်ကြီးကို မွှေးသင်းထုံလို့၊ ယုဇနရုံ၊ သရဖီရုံ၊ နှင်းဆီရုံပေါ့ဗျာ။

ကျွန်တော်တို့ ဈေးချိုတော်ရဲ့ ကထိန်အလှူတော်ကို လူကြီးမင်းလည်း သာဓုခေါ်စေချင်လို့။ ကျွန်တော်တို့အပျော်ကို လူကြီးမင်းလည်း မျှဝေခံစားစေချင်လို့။

ကထိန်အလှူရှင်တွေရမယ့် ကောင်းကျိုးကိုတော့ လူကြီးမင်းတို့ သိကြပြီးဖြစ်မှာပါ။

*လွတ်လပ်စွာ သွားလာနိုင်တယ်၊*

*ပေါ့ပါးတယ်၊*

*အစားအစာမှာ ဘေးကင်းတယ်၊*

*အဝတ်အထည်ပေါတယ်၊*

*ကိုယ့်ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဘူး။*

*အဲလို ကောင်းကျိုးကို မျှော်ကိုးလို့ရယ် မဟုတ်ဘူး။ ကထိန်သင်္ကန်းကပ်လှူတာပျော်လို့၊* ပီတိဖြစ်လို့...

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတွေအားလုံး ကထိန်အလှူလှူရတာပျော်တယ်။ ကျွန်တော်တို့ကတော့ ကထိန်အလှူလှူရာမှာ ကဲကိုကဲ၊ သည်းကိုသည်းပေါ့။ ကျွန်တော်က ကျွန်တော်တို့ရုံမှာ ကထိန်အမှုဆောင်အဖွဲ့ဝင်။ ဘဏ္ဍာရေးမှူးခင်ဗျ။

ဆိုင်တွေကိုလိုက်ပြီး ငွေကောက်ရတယ်။ ကျွန်တော်တို့ရုံမှာ ဆိုင်ပေါင်း ၈၀ ရှိတယ်။ တစ်နှစ်မှာ သုံးသောင်းကောက်တယ်။ သုံးကြိမ်ခွဲကောက်တယ်။ ကထိန်အလှူမှာ ဈေးချိုတော်က ဆိုင်ရှင်တွေဟာပျော်ပြီး အလှူငွေထည့်တာ။ ဒီနှစ် ကျွန်တော်တို့ ကျွန်မတို့လည်း လိုက်မှာနော်ပေါ့။

အရင်တုန်းကတော့ မန္တလေးဟာ ကထိန်ခင်းပြီဆိုရင် တန်ဆောင်မုန်းလပြည့်အဖိတ်ညမှာ စစ်ကိုင်းတောင်တစ်တောင်လုံး ချောင်ရှိသမျှ၊ ဘုန်းကြီးကျောင်းရှိသမျှ ပုံအောခင်းတာ။ တကယ့်ကို သည်းသည်းလှုပ်၊ ဖွေးဖွေးလှုပ်။မန္တလေးတစ်မြို့လုံးက စစ်ကိုင်းတောင်တစ်တောင်လုံး ဖုံးလွှမ်းထားလိုက်တာကလား။

အခုတော့ ကထိန်အလှူရှင်တွေလည်း တိုးပွားများပြားလာတယ်။ စစ်ကိုင်းတောင်ချောင်အပြည့်အပြင် မြန်မာတစ်ပြည်လုံးကိုလည်း လှည့်ပတ်ခင်းတော့တာပဲ။ ဈေးချိုသူ ဈေးချိုသားတွေကလည်း ကထိန်ရာသီမှာ ဘုရားဖူးထွက်သလို ဒေသန္တရဗဟုသုတလည်းရှာဖွေတဲ့ သဘောပေါ့။

ကျွန်တော်တို့ ဈေးချိုတော် အဆင့်မြင့်ရုံသစ်ကြီးတည်ဆောက်ပြီးမှ အနီးတစ်လှည့် အဝေးတစ်လှည့် ကထိန်ခင်းလာတာ ၁၆ ကြိမ်ရှိပြီ။

ကျွန်တော်တို့ရုံဟာ စစ်ကိုင်းတောင်ရိုး ရွှေပြည်ချောင်လည်း ကထိန်ခင်းဖူးတယ်။ ရွှေစာရံဘုရားအနီးက သဲအင်းဂူလည်းခင်းဖူးတာပဲ။ စစ်ကိုင်းက ကံတလူကျောင်း၊ ပုသိမ်မြို့က မရမ်းချိုကျောင်း၊ ပုသိမ်ကြီးက မြကျောက်ကျောင်း၊ မန္တလေးက ဝါခင်းကုန်း ဇောတိကရာမ ကျောင်းမှာတုန်းက ဆွမ်းစားကျောင်းဆောက်လုပ်ပြီး ကထိန်အလှူအဖြစ် လှူခဲ့တာ။ ပဲခူးက ဒေးဇွန်ပါတောင်ခြေက ကျောင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်က ပညာသိဂီကျောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့က ရွှေသမင်စာသင်တိုက်၊ ပြင်ဦးလွင်က ချမ်းမြေ့ရိပ်သာ၊ အမရပူရက ရွှေအိုးရ ရွှေဖားရကျောင်း. . . အဲလိုအဲလို မြန်မာပြည်အနှံ့ ဘုန်းကြီးကျောင်းတွေမှာ ကထိန်အလှူ လှူတာ။ ညပ်မကြီး၊ ဉာတ်သက်န်းတွေကို အလှူရှင်တွေစုပေါင်း လှူတာက သဘာဝကျတယ်။ ထီး၊ ဖိနပ်၊ သပိတ်၊ တဘက်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ စာအုပ်၊ ဘောလ်ပင်၊ သံဃာအသုံးအဆောင် အကုန်ပါအောင် ထည့်လှူကြတာ။





ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးက ဟဲယားရွာမ၊ အနောက်ရွှေကျောင်းမှာ ကထိန်အလှူလှူခဲ့တာမှတ်မိသေးတယ်။ကျွန်တော်တို့ဈေးသူဈေးသားတွေကအင်းလေးဆိုတော့လည်း စုံစုံညီညီ လိုက်ပါချင်တာပေါ့။ မှန်လုံအိတ်စ်ပရက်ဘတ်စ်ကားကြီး ခုနှစ်စီးနဲ့ ပျော်ပျော်ပါးပါး သီချင်းတဆိုဆို သီဆိုပြီးသွားကြတာ။

ကျွန်တော်တို့ကိုဗျာ...ဟဲယားရွာမကစက်လှေကြီးအစင်း ၂၀ နဲ့ အိုးစည်ဗုံမောင်းတွေတီးပြီး လာကြိုဆိုကြတာဗျ။ သူတို့ကလည်း သူတို့ရွာကို လာရောက်ကထိန်ခင်းလို့ ပျော်နေကြဟာဗျ။ သူတို့ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းကို ဈေးချိုတော်ရဲ့ ကထိန်ရစေချင်မှာပေါ့။ ကျွန်တော်တို့ကလည်း အင်းလေးရေပြင်ကြီးကို ရှမ်းပြည်နယ်ရဲ့အငွေ့အသက်တွေကို မြင်ရခံစားရကတည်းက ရင်ထဲမှာ လိုက်ဖို့ပြီး ရွှင်ပျော်နေတာ။ အခုလိုအိုးစည်ဗုံမောင်းတွေနဲ့ လာကြိုတာခံစားရတော့လေ ဈေးချိုသူဈေးချိုသားတွေရဲ့ နှလုံးသားဟာကြည်နူးလွန်းလို့ တဆတ်ဆတ် တုန်ရီလှိုက်ခုန်နေတာ။ဘာပြောကောင်းမလဲ။ ကျွန်တော်တို့ ဈေးချိုသူဈေးချိုသားတွေဟာ ရှမ်းအိုးစည်သံ မြူးမြူးကြွကြွထဲမှာ ကကြခုန်ကြတော့တာပေါ့။ ရှမ်းအိုးစည်သံတွေ ဝေစည်နေတဲ့ စက်လှေတွေဟာ လှေဦးမှာ သာသနာ့အလံတွေတလူလူလွင့်၊ အင်းလေးရဲ့ ဟဲယားရွာမဆီ ရွက်လွှင့်ကြတယ်။ ရွာထဲဝင်တော့ ရေပေါ်က အိမ်လေးတွေရဲ့ ပြတင်းပေါက်တွေဖွင့်ပြီး ၈၀ကျော်အရွယ် အင်းသားအင်းသူ အဘိုးကြီး အဘွားကြီးတွေက လက်ကလေးတွေဝှေ့ယမ်းပြီး ပြုံးရွှင်ရယ်မော ကြိုဆိုနေကြတယ်ဗျာ။

အင်းလေးက ဘုန်းကြီးကျောင်းအကြီးကြီးပေါ်မှာ ကျွန်တော်တို့ဟာ အင်းလေး ထမင်း၊ အင်းလေးဟင်းကို မြိန်ရေရှက်ရေ စားကြသောက်ကြတယ်။ ကြက်သားဆီပြန်၊ ငါးကြင်းကြော်ချက်၊ ဆေးဟင်းခါးရည်၊ ပဲပုပ်ထောင်း၊ ခရမ်းချဉ်သီးသုပ်၊ ငရုတ်ထောင်း. . . ဟင်းတွေကလည်း စုံနေတာပဲ။ သီးစုံချဉ်ရည်ဟင်းကလည်း မွှေးနေတာပဲဗျာ။ဘုန်းကြီးတွေ ဦးပဉ္စင်းတွေ၊ ကိုရင်လေးတွေကလည်း ပျော်ရွှင်နေကြတယ်။ လွှတ်လွှတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေကြပါလို့မိန့်တယ်။

ညမှာလည်း ရှမ်းအိုးစည်တွေတီး၊ ပလွေတွေမှုတ်၊ လင်းကွင်းတွေတီး၊ ဗုံတွေတီး၊ နှဲတွေမှုတ်နဲ့တီးကြ ဆိုကြကကြပါရော။ ကျွန်တော်တို့ ဈေးချိုက အမှုဆောင်လူကြီးတွေရော၊ လူငယ်တွေရော၊ ဈေးချိုသူ မိန်းမချောတွေရော ကတတ်သလို ဝင်ကကြတော့တာပဲဗျို့။ ကထိန်ဖြစ်မြောက်ရေး ဥက္ကဋ္ဌက ဆို တိုက်ပုံအင်္ကျီကြီး မချွတ်ဘဲ ဝင်ကတာ ကွေးနေတာပဲဗျ။

မနက်ရောက်တော့လည်း အရုဏ်ဆွမ်းကပ်၊ နေ့ဆွမ်းကပ်၊ ကထိန်သင်္ကန်း၊ နုတ်ကမ္ဗ၊ လှူဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထု၊ အစုစု ဆက်ကပ်ပြီး ရေစက်ချ အမျှဝေ၊ ပြီးတော့ မမေ့နိုင်တဲ့ အင်းလေးထမင်းဟင်းကို စားကြပြန်။ ပြီးတော့လည်း ကထိန်အောင်ပွဲအဖြစ် အင်းသူအင်းသားတွေနဲ့ မန္တလေး ဈေးချိုသူဈေးချိုသားတွေ ရောနှောပြီးချစ်ချစ်ခင်ခင်ကကြတယ်။ အင်းလေးသီချင်း၊သင်္ကြန်သီချင်း၊အင်းလေးအက၊မန္တလေးအက အကုန်ဆိုအကုန်က ပျော်လိုက်ကြရတာဗျာ။

ကျွန်တော်တို့က မွန်ပြည်နယ် ဘီးလင်းမြို့နယ်က ငါးဘတ်ချောင်းကျေးရွာ၊ ပညာသိဂီ ကျောင်းမှာ ကထိန်ခင်းတုန်းကတော့ အဲဒီမှာကရင်ဗုဒ္ဓဘာသာ ရွာသူရွာသားတွေနဲ့အတူ ကရင်ဒုံးယိမ်း အကကို ကကြတာဗျ။ ကျွန်တော်တို့ဘက်ကတော့ သူတို့ကဘာတီးတီး သင်္ကြန်အကတွေ ကကြတာပဲ။ အဲဒီတုန်းက ရန်ကုန်ရွှေတိဂုံဘုရားကိုဖူးပြီးမှ မွန်ပြည်နယ်ကို ကူးကြတာ၊ ကျိုက်ထီးရိုးဘုရားကိုလည်း ဖူးကြတယ်။ သာမညဆရာတော်ဘုရားကိုလည်း ဖူးခွင့်ကြုံ့တယ်။ သာမညဆရာတော်က သက်သတ် လွတ်ဟင်းနဲ့ထမင်းကျွေးတယ်။

"ကဲကဲစားစား. . . ဝအောင်စားကြ။ စားပြီးဘာလုပ်မှာလဲ. . . ကောင်းတာတွေပြုလုပ်ဖို့ လာကြတာမဟုတ်လား။ အေး. . . ကောင်းတာတွေပဲ ဆက်လက်လုပ်ဆောင်ကြ။ ဆိုးတာတွေ မကောင်းတာတွေ မလုပ်မိကြစေနဲ့" လို့ တိုတိုရှင်းရှင်း မိန့်မှာတော်မူတယ်ဗျ။

ကျွန်တော်တို့ ကထိန်အလှူလှူတယ်ဆိုတာကလည်း အလွန်မွန်မြတ်သော အလုပ် မဟုတ်ပါလားဗျာ။ နှစ်စဉ်နှစ်စဉ် မြန်မာပြည်အနှံ့ဆက်လှူဒါန်းကြမယ်။ ကျန်တဲ့အချိန်တွေမှာလည်း ကောင်းတာကြံစည် တွေးတောမယ်၊ ကောင်းတာပြောဆိုမယ်၊ ကောင်းရာကောင်းကြောင်းအလုပ်တွေ လုပ်ကြမယ်...ဟုတ်ဖူးလားဗျာ။

(မန္တလေးဈေးချိုတော်၏ ကထိန်တော်မင်္ဂလာကို ခံစားခြင်း)

■


မြန်မာ့ကိုင်း(မ်)

နိုဝင်ဘာ-၆-၂၀၀၉

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်ပန်းရထားကြီး ရန်ကုန်မြို့သို့ဝင်ပြီ

မောင်ကိုကို (အမရပူရ)

**မန္တလေးမှာ**...ပိတောက်တွေပွင့်ပြီ။

မန္တလေးမှာ...ရေတွေလောင်းပြီ။

မန္တလေးမှာ ငွေဝန်းမြို့မ ဂီတသင်္ကြန်ကားကြီးမြို့ကိုပတ်နေပြီ။ မြို့မမောင်တွေ၊ မြို့မမယ်တွေ မြို့မသီချင်းတွေနဲ့ မန္တလေးကို ကျက်သရေတက်နေဝင်းပ ကြည်လင်စေပြီ။ မန္တလေးမှာ သင်္ကြန်ရေ အလုံးအရင်းနဲ့ တစ်နှစ်တာ 'အညစ်' မှန်သမျှ ဆေးကြောသန့်စင်ပစ်ပြီ။

မန္တလေးမှာ **'မြနန္ဒာ'** တွေဆိုကြပြီ။

နေရာတိုင်းမှာ **မြနန္ဒာ**...

***မြနန္ဒာ နေညိုညို ယှက်ကာသန်း၊လို့ ရွှေမန်းတောင်ရိပ် ခိုမယ်ခိုမယ်...***

ကျွန်တော် မန္တလေးဘူတာကြီးကို ရောက်ပြီ။ ဘူတာကြီးထဲမှာလည်း လူတွေဟာ ပိတောက်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ပါလား။ ကျွန်တော် မန္တလေးမှရန်ကုန် သင်္ကြန်ရထားကြီးကို စီးပြီ။ သင်္ကြန်တွင်းမှာ မန္တလေးနဲ့ရန်ကုန်ခုတ်မောင်းသွားတဲ့ သင်္ကြန်ရထားကြီးပေါ့။ ရထားကြီးဟာ **ပိတောက် အိမ်ရှင်း. . .** နဲ့။

သင်္ကြန်အမြန်ရထားကြီးဟာ ခေါင်းတွဲကစပြီး ပါသမျှတွဲတွေအားလုံးမှာ ပိတောက်ပန်းတွေ အပြည့်အလျှံနဲ့ ခုတ်မောင်းပြေးသန်းနေပါတယ်. . . လူတွေဆီလူတွေကြားထဲ. . . မြို့တွေကျေးရွာတွေ၊

the bookhouse

www.burmeseclassic.com


စက်ရုံတွေ၊ လယ်ကွက်တွေ၊ တောင်တန်းတွေ၊ မြစ်ချောင်းအင်းအိုင်တွေရဲ့ ကြားထဲပိတောက်ပန်းရနံ့ မွှေးမြမြကို ခြွေချရင်း ခုတ်မောင်းနေပါတယ်။

အမှောင်ကိုခွင်းပြီး အလင်းဆီ ပျံသန်းတဲ့ ပိတောက်ပန်းတွေနဲ့ သင်္ကြန်ရထားကြီးပါ။ အကုသိုလ်စမျိုက်ဆိုးနဲ့ ရောဂါဘယတိမ်မီးခိုတွေကို ပျောက်စေ၊ ပျောက်စေ၊ ဖယ်စေ၊ ရှားစေဆိုတဲ့ တေးသီချင်းကို ကျူးရင့်ရင်း ပိတောက်တွေ တဝေဝေ၊ သင်္ကြန်ရေ တရွှဲရွှဲနဲ့ ခုတ်မောင်းနေတဲ့ ပိတောက်ပန်းရထားကြီးပါ။

ပိတောက်ပန်းရထားကြီးဟာ ပိတောက်တွေ တဝေဝေနဲ့ ခုတ်မောင်းနေတယ်။ ဘူတာစဉ်တွေကို ဖြတ်သန်းလို့. . . ပိတောက်ပန်းရထားကြီး။

အို...ထူးဆန်းလိုက်တာ. . . မြို့တိုင်းဟာ ပိတောက်ပင်တိုင်းဟာ ပိတောက်ဝါဝါတွေ ဝေနေအောင် ပွင့်လို့ပါလား။ မြို့တိုင်းမှာလည်း ပိတောက်ပန်း ရနံ့တွေ မွှေးလို့ပါလား။ ကျောက်ဆည်မြို့မှာ ပိတောက်တွေ မွှေးမြနေသလို စဉ့်ကိုင်မှာ. . . မြစ်သားမှာ. . . သဲတောမှာ. . . သာစည်မှာ. . . ပျော်ဘွယ်မှာ. . . ရမည်းသင်း. . . မှာ အို. . . မြို့တွေမှန်သမျှဟာ ပိတောက်တွေနဲ့လှပဝေဆာပြီး ပိတောက်တွေနဲ့ မွှေးမြသာယာနေတာပါလား။

ဘူတာစဉ်တိုင်း၊ ဘူတာစဉ်တိုင်းမှာလည်း ထမင်းသည်၊ ကြက်ကြော်သည်၊ ငှက်ပျောသီးသည်၊ ပြောင်းဖူးပြုတ်သည်၊ အအေးပုလင်း၊ ရေသန့်ပုလင်းရောင်းတဲ့ အသည်တွေအပြင် ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ရောင်းချပေးနေတဲ့ ပိတောက်ပန်းသည်တွေကို ကျွန်တော်တွေ့မြင်နေရတယ်။ ကျေးလက်သူလေးက ပိတောက်ပန်းစည်းကြီး တစ်စည်းကို ရောင်းချပါတယ်။ ပိတောက်ရထားကြီးရဲ့ အထက်တန်းတွဲ ပြတင်းပေါက်ကနေ မြို့ပြတစ်ဦးက ပိတောက်ပန်းအစည်းကြီးတစ်စည်း ဝယ်လို့ပါလား၊ လူတိုင်းဟာ **သင်္ကြန်ပိတောက် အီမိုးရှင်း** တွေနဲ့ ဝေဆာကြွမြောက်လို့။

ဘူတာတိုင်းမှာ ရေတွေလောင်းကြ၊ ရေတွေပက်ကြ၊ အိုးစည်ဗုံမောင်းတွေတီးကြ၊ သီချင်းတွေဆိုကြ၊ နှံ့လုံးရေပေါ်တွေ ကျွေးကြ၊ မုန့်လက်ဆောင်းအေးမြမြတွေ တိုက်ကျွေးကြ၊ မြန်မာ့စိတ်ရင်း၊ မြန်မာ့စေတနာ၊ မြန်မာ့ပျော်ရွှင်မှုကို သင်္ကြန်ရေတွေ ပက်လောင်းရင်း ပိတောက်ပန်းတွေ တွဲစဉ်အတိုင်းလည်းရောင်းရင်း အလှူတရားတွေကို ဖော်ထုတ်ပြသနေကြပါတယ်။ လူတိုင်းဟာ ပိတောက်အီမိုးရှင်းတွေနဲ့။





အို. . . မြို့လှမှာလည်း ပိတောက်တွေဝေလို့၊ သာဝတ္ထိမှာလည်း ပိတောက်တွေဝေလို့၊ တောင်ငူမှာ၊ အုတ်တွင်းမှာ၊ တောကျွဲအင်းမှာ၊ ပဲနွယ်ကုန်းမှာ၊ ပိန်းဇလုတ်မှာ၊ ပြူးမှာ၊ ဂိုက်ဦးမှာ၊ တော်ဝီမှာ၊ ညောင်လေးပင်မှာ၊ ပျဉ်ပုံကြီးမှာ၊ လေးဆောင့်ကန်မှာ၊ ပုဇွန်တောင်မှာ ပိတောက်ပန်းတွေဝေလို့၊ ရေတွေရွှဲလို့။

ရန်ကုန်ဘူတာကြီး ရောက်ပြန်တော့လည်း ရန်ကုန်ဘူတာကြီးတစ်ခုလုံးဟာ ပိတောက်ပန်းတွေဝေလို့၊ ပိတောက်ပန်းရနံ့တွေမွှေးမြလို့. . . ပိတောက်တွေ ပန်ဆင်ပြီးဝင်ရောက်လာတဲ့ ပိတောက်ပန်းရထားကြီးကို ရန်ကုန်မြို့က ပိတောက်ပန်းတွေနဲ့ ကြိုဆိုလိုက်တယ်။ ရန်ကုန်တစ်မြို့လုံးဟာ ပိတောက်တွေပွင့်လို့၊ ရေတွေရွှဲရွှဲစိုလို့၊ ခေတ်ပေါ်ဂီတတွေလည်း ရေတွေထဲမှာ ပေါက်ကွဲမြည်ဟိန်းလို့။ အားလုံးဟာ **ပိတောက် အီမိုးရှင်း**...တွေနဲ့။

*အို...နှလုံးသားအထိ အေးမြသွားမယ် ရေခဲရေ. . .*

*အို...အသည်းထဲအထိ အေးမြသွားမယ် ရေခဲရေ. . . ရေခဲရေနဲ့ စိုရွှဲအေးမြပြီ. . .*

သားစိုး သီချင်းဆိုနေတယ်၊ ကြက်ဖ သီချင်းဆိုနေတယ်၊ နွဲ့ယဉ်ဝင်း သီချင်းဆိုနေတယ်။ အိုင်စီအဖွဲ့ သီချင်းဆိုနေတယ်။ အကျော်ကြားဆုံးပွဲတော်မှာ ပျော်စရာအကောင်းဆုံး သီချင်းတွေဆိုကြလို့။ အို. . . ကျွန်တော်လမ်းလျှောက်နေရာ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းမှာလည်း ပိတောက်ပန်းတွေ ဝေစည်လို့. . . သင်္ကြန်ရေတွေ၊ သီချင်းတွေနဲ့ လန်းနေလိုက်တာကွယ်. . .။ ကျွန်တော်ချစ်လှစွာသော ရန်ကုန်မြို့ဟာ ပိတောက်ပန်းတွေ. . . သင်္ကြန်ရေတွေနဲ့ လှနေကြွနေလိုက်တာချစ်သူရေ. . .

အို. . . ချစ်သူရဲ့

ရွှေရင်ခွင်မှာလည်း ပိတောက်ပန်းတွေ ဖိတ်ဖိတ်တောက်ပလှပနေပါပေါ့လား။

(သင်္ကြန်အကြိုပိတောက်ပန်းခံစားမှု)


■

မြန်မာတိုင်း(မ)

မေ-၃-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## တိုက်ခေါင်မိုး ခံစားမှု

**မောင်ကိုကို (အမရပူရ)**

လေးထပ်တိုက်ခေါင်မိုးပေါ်မှာ တိုက်ခန်းအသေးစားလေး တည်ဆောက်ထားသည်။ စီးကရက်ဘူး ထောင်ထားသလို။

တိုက်ပိုင်ရှင်နှင့်ခင်မင်သဖြင့် သူတို့ဘုရားဖူးထွက်စဉ် ကျွန်တော် ဤတိုက်ခေါင်မိုးပေါ်မှာ ခေတ္တနေခွင့်ရ၏။

ကျွန်တော်က မန္တလေးမြို့ကြီးကို အပေါ်စီးက ကြည့်ရတာ သိပ်ကြိုက်နေတယ်။ ခင်ဗျားတို့ကော. . .။

တိုက်ခေါင်မိုးပေါ် နေထိုင်ရတာ အတော်လေးအရသာရှိသည်။ ခင်ဗျားတို့လည်း တက်ကြည့်ကြပါလား။

ကျွန်တော်က ကောင်းကင် လူတန်းစားလိုလို။ ဒီမှာ ကမ္ဘာသစ်တစ်ခုကို ကျွန်တော်[illegible]ရထားသည်။ အောက်က လေးထပ်စလုံး သော့ခတ်သွားကြသည်။ သံပန်းလှေကားလေးကို နင်းပြီး သံပိုက်လုံးကိုကိုင်ပြီး တစ်ထပ်ပြီးတစ်ထပ် တက်လာရ၏။ ရေချိုးခန်းနှင့် သန့်စင်ခန်းကတော့ မြေပြင်၏ ထောင့်တစ်နေရာမှာ။ ရေချိုးချင်လျှင် အောက်ကိုဆင်း။ ကျွန်တော့်စိတ်က ခေါင်မိုးပေါ်ပဲ ပြန်တက်ချင်နေတယ်။ ခေါင်မိုးပေါ်မှာ ချစ်မေတ္တာအသစ်ရှိသည်။ ချစ်သူကခေါင်မိုးပေါ်က စောင့်နေသလို. . .

တိုက်ခေါင်မိုးပေါ်မှာ ရေမြောင်းမြင့်မြင့်လေး ပြုလုပ်ထား၏။ မြေကြီးတွေဖြည့်ထားသည်။

bookhouse

www.burmeseclassic.com

www.burmeseclassic.com



နေကြာပန်းပင်အချို့ စိုက်ပျိုးထား၏။ နေကြာပန်းပွင့်တွေက နေဘက်သို့ မျက်နှာမူပြီး ပွင့်နေကြ၏။ ဖွင့်ဖွင့်ကားကား. . . အဝါရောင်။ ပန်းအိုးကြီးတွေထဲမှာက အင်ဒိုနီးရှားဇရှတ်ကား ပန်းပွင့် အနီရောင်တွေ ပွင့်ဝေနေကြသည်။ သူတို့က နေရောင်ကိုကြိုက်၏။ တစ်နေရာမှာတော့ ဇီဇဝါပင် ပုပုလေး။ ဇီဇဝါပန်းပွင့်တွေ. . . မွှေးလို့။ နောက်ထပ်ပန်းအိုးထဲမှာ ပန်းလိမ္မော်သီးပင် ပုပုကွေးကွေး လေး. . . လိမ္မော်သီးပိစိကွေး လေးတွေပွတ်သိပ်လို့။

မိုးပျံဥယျာဉ်လေးပေါ်မှာ ကျွန်တော်ရောက်နေ၏။ မိုးစွေငှက်ကလေးတွေက အုပ်စုလိုက် ရောက်ရောက်လာကြသည်။ ကျေးငှက်သီချင်းသံကို မနက်တိုင်းကြားရ၏။

အောက်ကိုကြည့်သည်။ ခေါင်မိုးတွေ ပွတ်ကျပ်ထိဆက်လို့။ ရွေ့လျားနေသော ကျွဲအုပ်ကြီး ၏ကျောပြင်တွေလို၊ ရှန်းရင်းဆန်ခတ်ဖြစ်လို့။

ခေါင်မိုးဟောင်းများ ခေါင်မိုးသစ်များ၊ အင်တာနာတိုင်တွေ၊ ကြိုးဟတုစလောင်းတွေကလည်း ခေါင်မိုးအသီးသီးပေါ်မှာ. . . မိုးပျံဥယျာဉ်လေးပေါ်ရောက်နေသည့် ကျွန်တော်။

အလင်းရောင်နှင့်လေကို ပြည့်ပြည့်ဝဝရသည်။ မြို့ပြ၏တိုက်ခန်းတွေကြားမှာ အသက်ရှူ မဝတာမျိုး. . . တိုက်ခေါင်မိုးပေါ်မှာ မရှိပါ။ ကောင်းကင်ပြာပြာ ကျယ်ကျယ်ကြီးကို ကြည့်ရင်း လွတ်လပ် ပေါ့ပါးနေသည်။

တိမ်တွေကလင်းပြီး အဆောက်အအုံတွေက မှောင်နေတာမျိုးလည်း တွေ့ရသည်၊ အဆောက်အအုံတွေကလင်းပြီး တိမ်တွေကမှောင်နေတာမျိုးလည်း တွေ့ရသည်။ တိမ်အဖြူ၊ တိမ်အပြာ၊ တိမ်ပန်းသွေးရောင်၊ တိမ်မီးခိုးရောင်. . . ။

တိမ်တွေက ဘယ်မှမရွေ့ဘဲ မန္တလေးမြို့ကြီးပေါ်မှာ ငြိမ်သက်နေတာကိုလည်း တွေ့ရသည်။ သူတို့က မန္တလေးကို ချစ်လို့လား။ တိမ်တွေက လူရုပ်ပုံလွှာတွေ ဖြစ်ချင်လည်း ဖြစ်သွားသည်။ မြို့မငြိမ်း ၏ ရုပ်ပုံလွှာ၊ ရွှေမန်းတင်မောင်၏ ရုပ်ပုံလွှာ၊ ဒေါ်မေရှင်၏ ရုပ်ပုံလွှာ. . . ။

တစ်ခါမှာတော့ တိမ်က ကျွန်တော်မမြင်ဘူးသော ရတနာပုံနန်းတွင်းသူလေးတစ်ဦး၏ ရုပ်ပုံလွှာ။ ရွှေအင်္ကျီကို ဝတ်ဆင်ထား၏။

တိုက်ခေါင်မိုးပေါ်မှနေ၍ အမှောက်ကိုမျှော်ငေးကြည့်သည်။ နေရွှေရောင်ကို အရှေ့ဖက်ပတ္တမြား က မှေးဖွားသွားတော့ ကျွန်တော် အသေအချာတွေ့လိုက်ရ၏။ တိုက်ခေါင်မိုးပေါ်မှ နေဝင်သွားတာ ကိုလည်း မျှော်ငေးကြည့်သည်။





အောက်မှာ အငြိမ့်တွေဖာတ်တွေကနေကြသော ညတစ်ညမှာ ကျွန်တော်တိုက်ခေါင်မိုးပေါ် ပက်လက်လှန်လိုက်၏။

ကောင်းကင်က ကြယ်ပြာလေးတွေကို ကြည့်သည်။ လဝန်းကို ကြည့်သည်။ အောက်က ဘုရားပွဲဆီ၊ ဆိုင်းသံ၊ ဗုံသံများဆီ၊ အကအခုန်များဆီ. . . ကျွန်တော် မဆင်းဖြစ်ပါ။ ညမှာတော့ ပိုးမွှားလေးတွေ၏ တေးသံမြည်သံကို ကြားရသည်။

အမျိုးသား အထက်တန်းကျောင်း၏ နန်းပြာသာဒ်ကို ကျွန်တော် နေထွက် နေဝင် တွေမှာ ငေးကြည့်၏။ ကိုလိုနီခေတ်က အမျိုးသားရေးမျိုးချစ်စိတ်ဖြင့်ခဲ့ရာ ကျောင်းတော်. . . ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့တွင် **ရွှေပြည်ဦးဘတင်** က ဖွင့်လှစ်ခဲ့သည်။

ထိုစဉ်က ကျောင်းအုပ်ကြီးမှာ **ဦးရာဇာတ်** ဖြစ်သည်။ ကျွန်တော်က တိုက်ခေါင်မိုးပေါ် ပက်လက်လှဲချလိုက်ပြီး **အဥ္စလီမောင်မောင်** ရေးပြီး **မီမီဝင်းဖေ** ဆိုထားသည့် သီချင်းလေးကို ဆိုညည်းနေမိသည်။

တိုက်ခေါင်မိုးပေါ်က Kelly's Church ကိုလည်း လှမ်းကြည့်မိတတ်၏။ ကယ်လီကျောင်း ဟုခေါ်ကြသည်။ အမှန်တော့ ကိုလိုနီခေတ်တွင် ကယ်လီပိုင်ဝင်း အတွင်းမှာ တည်ဆောက်ခဲ့၏။ ယောက်ျားလေးပညာသင်ကျောင်းဖြစ်ခဲ့သည်။ မန္တလေးမြို့၏ပထမဆုံး၊ နှစ်ခြင်းခရစ်ယာန်သာသနာပြု ကျောင်း(American Baptist Church) ဖြစ်သည်။

နေ့လယ်နေ့ခင်း နေသိပ်ပူချိန်မှာတော့ ကျွန်တော် တိုက်ခန်းသေးသေးလေးထဲ ခိုအောင်းနေ တတ်၏။ စာတွေထိုင်ရေးနေသည်၊ စာရေးရတာလည်း အရမ်းလွှတ်လပ်သည်။ ထမင်းစားတော့ အောက်ဆင်းပြီး ယူနီစန်လက်ဖက်ရည်ဆိုင်မှာ ပဲထမင်းတစ်ပွဲ၊ ငှက်ပျောပေါင်းတစ်ပွဲ၊ လက်ဖက်ရည် တစ်ခွက်. . . ဒါပဲ။

တစ်နေ့လျှင် တစ်နပ်သာ ကျွန်တော် စားသည်။

ယူနီစန်လက်ဖက်ရည်ဆိုင်တွင် ဦးထွန်းဦးတို့ဝိုင်းမှာ ကျွန်တော် ဝင်ထိုင်တတ်၏။ ပန်းချီဆရာ ကော၊ ဝတ္ထုတိုဆရာကော၊ ဆောင်းပါးရှင်ကော ရှိနှင့်နေကြသည်။ ဦးထွန်းဦးက နောက်တတ်သည်။

"ကဲကဲ. . . လူတွေ သိပ်များသေးဘူးဆိုတော့ ကျွန်တော်ပဲ တစ်ဝိုင်းလုံး ရှင်းထားလိုက်မယ်။ နောက်လာတဲ့လူတွေ ကျွန်တော်နဲ့မဆိုင်ဘူး" . . . ဟု သူက ပြောသည်။ အတည်လား၊ နောက်တာ လား ကျွန်တော်မသိ။ ဂျာနယ်လစ်တွေ ရောက်လာသည်။ ညမှာ ပွဲသို့ပွဲဆက်တက်ဖို့ ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မြန်မြန်လစ်ခဲ့တော့၏။ ကျွန်တော်က ပန်းချီပြပွဲတစ်ခုပဲ သိသည်။

အရေးကြီးတာက တိုက်ခေါင်မိုးပေါ်သို့ ကျွန်တော် အမြန်ပြန်ရောက်ဖို့သာ ဖြစ်၏။ တိုက်ခေါင်မိုး အသစ်နှင့်အဟောင်း ထိဆက်နေသလို ခေတ်ပေါ်နှင့် ဂန္တဝင်လည်း ရောနှောနေသည်။ အရောင်တွေကလည်း အဖြူ၊ အညို၊ အဝါ၊ ညိုညိုမောင်းမောင်း မန္တလေးမှာ ရောနှောနေပြီ။

နံနက်ခင်းတစ်ခုတွင် အခန်းထဲက ချပ်ဘူးကြီးတစ်ဘူးကို ကျွန်တော် ဖွင့်ကြည့်လိုက်မိ၏။ ကင်းဗက်စ်စ တွေ တွေ့သည်။ အခရိုင်းလစ် ဆေးဘူး သုံးဘူးတွေ့သည်။ အဖြူ၊အနီ၊ အပြာ၊စုတ်တံသုံးချောင်းတွေ့သည်။

ကျွန်တော်က ယက်စပါကျွန် မဟုတ်။အမေရိကန်အလံကိုကျွန်တော်မဆွဲတတ်။ ကျွန်တော်က အန်ဒီ ဝါးဟိုး မဟုတ်။ မာရီလင်မွန်ရိုးပုံ ကို မဆွဲတတ်၊ မော်စီတုန်းပုံ ကို မဆွဲတတ်။ ထို့ကြောင့် ကင်းဗတ်စ်ပေါ်မှာ အပြာပလိန်း သုတ်လိုက်သည်။ ထပ်ထပ် သုတ်သည်။ အပြာက...ဒါဟာ Colour field ပဲ။

"ညောင်" ဟူသော အသံကြားရသည်။ ကျွန်တော့်နံဘေးမှာ ကြောင်ကလေးတစ်ကောင် ရောက်လာ၏။ အညိုရောင်၊ သူက ကျွန်တော်၏အပြာရောင်ပန်းချီကားကို ကြည့်၏။ ကင်းဗတ်စ်ပေါ်မှာ ဆေးနှင့်ရေးရင် ပန်းချီဟု ခံစားမိ၏။

စာဝါကလေးတစ်ကောင် ခိုနားလာသည်။ ကြောင်ညိုလေးက လှမ်းခုန်အုပ်လိုက်၏။ ကြောင်ကလေး အရှိန်လွန်သွားပြီ။ လေးထပ်တိုက်ခေါင်မိုးပေါ်မှ အောက်သို့ ဇောက်ထိုးကျသွားပြီ။ ဒီကြောင်တော့သေပြီ။ ကျွန်တော် အောက်သို့ဆင်းခဲ့၏။ ကြောင်သေလေးကို အမှိုက်ကားပေါ် ပစ်တင်လိုက်ရမည်။

"ညောင်"

ကျွန်တော့်ခြေထောက်ကို ကြောင်ကလေးပွတ်သပ်လိုက်၏။ အံ့ဩစရာ။ သူမသေပါ။ သူ့လက်ကလေးပဲနည်းနည်းနာသွားသည်။ ကြောင်ကလေးကိုကျွန်တော်ကောက်ယူပွေ့ပိုက်ထားလိုက်၏။

လေးထပ်တိုက်ခေါင်မိုးပေါ်သို့ ကျွန်တော်ပြန်တက်လာသည်။

လေးထပ်တိုက်ခေါင်မိုးပေါ်မှနေ၍ အောက်က အမိုးနိမ့်နိမ့်များကို ငုံ့ကြည့်တာ၊ခပ်လှမ်းလှမ်းမှထိုးထိုးထောင်ထောင်အဆောက်အအုံအင်္ဂါကိုမော့ကြည့်တာကျွန်တော်တစ်ယောက်တည်းမဟုတ်။

ကြောင်ကလေးနှင့်အတူတူ...

the bookhouse



အရမ်း ထူးထူးဆန်းဆန်း ပျော်ဖို့ကောင်းသည်။

ဒီမှာ...မိတ်ဆွေခင်ဗျားလည်း တိုက်ခေါင်မိုးပေါ်တက်ပြီးမြို့ကြီးကိုကြည့်ပါလား။

■

မြန်မာတိုင်း(မ်)
နိုဝင်ဘာ-၁၄-၂၀၀၈

www.burmeseclassic.com

the bookhouse

www.burmeseclassic.com


စက်ရုံတွေ၊ လယ်ကွက်တွေ၊ တောင်တန်းတွေ၊ မြစ်ချောင်းအင်းအိုင်တွေရဲ့ ကြားထဲပိတောက်ပန်းရနံ့ မွှေးမြမြကို မြွေးချရင်း ခုတ်မောင်းနေပါတယ်။

အမှောင်ကိုခွင်းပြီး အလင်းဆီ ပျံသန်းတဲ့ ပိတောက်ပန်းတွေနဲ့ သင်္ကြန်ရထားကြီးပါ။ အကုသိုလ်စရိုက်ဆိုးနဲ့ ရောဂါဘယတိမ်မီးခိုတွေကို ပျောက်စေ၊ ပျောက်စေ၊ ဖယ်စေ၊ ရှားစေဆိုတဲ့ တေးသီချင်းကို ကျူးရင့်ရင်း ပိတောက်တွေ တဝေဝေ၊ သင်္ကြန်ရေ တရွှဲရွှဲနဲ့ ခုတ်မောင်းနေတဲ့ ပိတောက်ပန်းရထားကြီးပါ။

ပိတောက်ပန်းရထားကြီးဟာ ပိတောက်တွေ တဝေဝေနဲ့ ခုတ်မောင်းနေတယ်။ ဘူတာစဉ်တွေကို ဖြတ်သန်းလို့. . . ပိတောက်ပန်းရထားကြီး။

အို...ထူးဆန်းလိုက်တာ. . . မြို့တိုင်းဟာ ပိတောက်ပင်တိုင်းဟာ ပိတောက်ဝါဝါတွေ ဝေနေအောင် ပွင့်လို့ပါလား။ မြို့တိုင်းမှာလည်း ပိတောက်ပန်း ရနံ့တွေ မွှေးလို့ပါလား။ ကျောက်ဆည်မြို့မှာ ပိတောက်တွေ မွှေးမြနေသလို စဉ့်ကိုင်မှာ. . . မြစ်သားမှာ. . . သဲတောမှာ. . . သာစည်မှာ. . . ပျော်ဘွယ်မှာ. . . ရမည်းသင်း. . . မှာ အို. . . မြို့တွေမှန်သမျှဟာ ပိတောက်တွေနဲ့လှပဝေဆာပြီး ပိတောက်တွေနဲ့ မွှေးမြသာယာနေတာပါလား။

ဘူတာစဉ်တိုင်း၊ ဘူတာစဉ်တိုင်းမှာလည်း ထမင်းသည်၊ ကြက်ကြော်သည်၊ ငှက်ပျောသီးသည်၊ ပြောင်းဖူးပြုတ်သည်၊ အအေးပုလင်း၊ ရေသန့်ပုလင်းရောင်းတဲ့ အသည်တွေအပြင် ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ရောင်းချပေးနေတဲ့ ပိတောက်ပန်းသည်တွေကို ကျွန်တော်တွေ့မြင်နေရတယ်။ ကျေးလက်သူလေးက ပိတောက်ပန်းစည်းကြီး တစ်စည်းကို ရောင်းချပါတယ်။ ပိတောက်ရထားကြီးရဲ့ အထက်တန်းတွဲ ပြတင်းပေါက်ကနေ မြို့ပြတစ်ဦးက ပိတောက်ပန်းအစည်းကြီးတစ်စည်း ဝယ်လို့ပါလား၊ လူတိုင်းဟာ **သင်္ကြန်ပိတောက် အီမိုးရှင်း** တွေနဲ့ ဝေဆာကြွမြောက်လို့။

ဘူတာတိုင်းမှာ ရေတွေလောင်းကြ၊ ရေတွေပက်ကြ၊ အိုးစည်ဗုံမောင်းတွေတီးကြ၊ သီချင်းတွေဆိုကြ၊ မုန့်လုံးရေပေါ်တွေ ကျွေးကြ၊ မုန့်လက်ဆောင်းအေးမြမြတွေ တိုက်ကျွေးကြ၊ မြန်မာ့စိတ်ရင်း၊ မြန်မာ့စေတနာ၊ မြန်မာ့ပျော်ရွှင်မှုကို သင်္ကြန်ရေတွေ ပက်လောင်းရင်း ပိတောက်ပန်းတွေ တွဲစဉ်အတိုင်း လည်းရောင်းရင်း အလှူတရားတွေကို ဖော်ထုတ်ပြသနေကြပါတယ်။ လူတိုင်းဟာ ပိတောက်အီမိုးရှင်းတွေနဲ့။



အို. . . မြို့လှမှာလည်း ပိတောက်တွေဝေလို့၊ သာသတ္တိမှာလည်း ပိတောက်တွေဝေလို့၊ တောင်ငူမှာ၊ အုတ်တွင်းမှာ၊ တောကျွဲအင်းမှာ၊ ပဲနွယ်ကုန်းမှာ၊ ပိန်းဗလုတ်မှာ၊ ဖြူးမှာ၊ ဒိုက်ဦးမှာ၊ တော်ဝိမှာ၊ ညောင်လေးပင်မှာ၊ မှဲ့ဇပုံကြီးမှာ၊ လေးထောင့်ကန်မှာ၊ ပုဇွန်တောင်မှာ ပိတောက်ပန်းတွေဝေလို့၊ ရေတွေရွှဲလို့။

ရန်ကုန်ဘူတာကြီး ရောက်ပြန်တော့လည်း ရန်ကုန်ဘူတာကြီးတစ်ခုလုံးဟာ ပိတောက်ပန်းတွေဝေလို့၊ ပိတောက်ပန်းရနံ့တွေမွှေးမြလို့. . . ပိတောက်တွေ ပန်ဆင်ပြီးဝင်ချလာတဲ့ ပိတောက်ပန်းရထားကြီးကို ရန်ကုန်မြို့က ပိတောက်ပန်းတွေနဲ့ ကြိုဆိုလိုက်တယ်။ ရန်ကုန်တစ်မြို့လုံးဟာ ပိတောက်တွေပွင့်လို့၊ ရေတွေရွှဲရွှဲစိုလို့၊ ခေတ်ပေါ်ဂီတကလည်း ရေတွေထဲမှာ ပေါက်ကွဲမြည်ဟိန်းလို့။ အားလုံးဟာ **ပိတောက် အီမိုးရှင်း**...တွေနဲ့။

*အို...နှလုံးသားအထိ အေးမြသွားမယ် ရေခဲရေ. . .*

*အို...အသည်းထဲအထိ အေးမြသွားမယ် ရေခဲရေ. . . ရေခဲရေနဲ့ စိုရွှဲအေးမြပြီ. . .*

သားစိုး သီချင်းဆိုနေတယ်၊ ကြက်ဖ သီချင်းဆိုနေတယ်၊ နွှယ်ဥ်ခင်း သီချင်းဆိုနေတယ်။ အိုင်စီအဖွဲ့ သီချင်းဆိုနေတယ်။ အကျော်ကြားဆုံးပွဲတော်မှာ ပျော်စရာအကောင်းဆုံး သီချင်းတွေ ဆိုကြလို့။ အို. . . ကျွန်တော်လမ်းလျှောက်နေရာ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းမှာလည်း ပိတောက်ပန်းတွေ ဝေစည်လို့. . . သင်္ကြန်ရေတွေ၊ သီချင်းတွေနဲ့ လန်းနေလိုက်တာကွယ်. . .။ ကျွန်တော်ချစ်လှစွာသော ရန်ကုန်မြို့ဟာ ပိတောက်ပန်းတွေ. . . သင်္ကြန်ရေတွေနဲ့ လှနေကြွနေလိုက်တာချစ်သူရေ. . .

အို. . . ချစ်သူရဲ့

ရွှေရင်ခွင်မှာလည်း ပိတောက်ပန်းတွေ ဖိတ်ဖိတ်တောက်ပလှပနေပါပေါ့လား။

(သင်္ကြန်အကြိုပိတောက်ပန်းခံစားမှု)

■

မြန်မာတိုင်း(မ်)
၁၉-၃-၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# တို့ဘုရားကို တို့ဖူးပြီ

မောင်ကိုကို (အမရပူရ)

**တို့ဘုရားကို တို့ဖူးပြီ . .**

တို့၏ ရွှေတိဂုံဘုရားကို တို့ဖူးကြပြီ။ နှစ်ဝဉ် နှစ်ဆန်းတစ်ရက်နေ့မှာ တို့မွန်မြတ်သော ရွှေတိဂုံစေတီတော်ကို တို့ဖူးသည်။

ထိုဘုရားကို တို့တစ်တွေ တစ်မြို့လုံးက အလုံးအရင်းနှင့် လာရောက်ဖူးမြော်ကြသည်။

ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်၊ ဘယ်သူ့လက်ထက်ပင်ဖြစ်စေ၊ ဘယ်ဝါ့လက်ထက်ပင်ဖြစ်စေ၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် တို့သည်တို့အစဉ်အဆက် ကြည်ညိုလေးနက်ခဲ့ရသော ရွှေတိဂုံစေတီသို့ တို့အရောက်လာ၍ ဖူးသည်။

ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ရေကျော်၊ ရန်ကင်း၊ ကျောက်မြောင်း၊ တာမွေ၊ သုဝဏ္ဏ၊ သာကေတ၊ ကမာရွတ်၊ လှည်းတန်း၊ အင်းစိန်၊ ရွှေပြည်သာ၊ ဥက္ကလာ၊ လှိုင်သာယာ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ရွှေတောင်ကြား၊ ကျောက်ကုန်း၊ ကြို့ကုန်း၊ ပါရမီ၊ ဘောက်ထော်၊ ယုဇနာ၊ ဒလ . . . ဘယ်လောက်နီးနီး၊ ဘယ်လောက်ဝေးဝေး၊ ဤနေ့၊ ဤအခါတွင် ရွှေတိဂုံတော်ပေါ်သို့ တို့မပျက်မကွက် တက်ရောက်ခဲ့ကြသည်၊ **တို့ဘုရားကို တို့ဖူးကြပြီ . . .**

တို့တစ်ချိန်က ရွှေတိဂုံဝန်းကျင်သည် တောပြစ်၍ ရွှေတိဂုံကုန်းတော်ပေါ်သို့ ကျားတက်ဖူး၏။ ဟိုတစ်ချိန်က မြန်မာနိုင်ငံကို ဗြိတိသျှတို့ စိုးမိုးထားစဉ် ရွှေတိဂုံအနောက်ဘက်မုခ်ကို

www.burmeseclassic.com

bookhouse

www.burmeseclassic.com



ဗြိတိသျှတပ်က စခန်းချ နေရာယူဖူးသည်။ တို့မြန်မာများ ရွှေတိဂုံဘုရားဖူးရာတွင် စိတ် မလွတ်မလပ် ဖြစ်ရသည်။ တို့ဘုရား၏ရင်ပြင်တော်ပေါ်မှာပင် အင်္ဂလိပ်စစ်ဗိုလ်တို့ ဖိနပ်စီးသည်ကိုလည်း တို့မြန်မာတွေက လုံးဝမကျေနပ်။ ဗြိတိသျှစစ်တပ်၏ ခဲယမ်းမီးကျောက်တွေက ရွှေတိဂုံရင်ပြင်အောက် ဥမင်လိုဏ်ခေါင်းတွင် ထားသိုသည်။ တို့ရှေးမြန်မာလူကြီးများက ရွှေတိဂုံအနောက်ဘက်မုခ်မှ ဗြိတိသျှတပ်ဆုတ်ခွာ ရုပ်သိမ်းရေး၊ ရွှေတိဂုံကုန်းတော်ပေါ်မှာ ဗြိတိသျှစစ်ဗိုလ်တို့ ဖိနပ်မစီးရေးအတွက် အရေးဆိုကြသည်။ ဗြိတိသျှစစ်တပ်သည် ရွှေတိဂုံအနောက်မုခ်မှ ဆုတ်ခွာပေးရ၏။

တို့မြန်မာတို့သည် မျက်စိရှေ့တွင် ကိုးလိုးကန့်လန့်ဖြစ်နေသော အင်္ဂလိပ်စစ်တပ် ရှင်းသွားသည့်အတွက် အနောက်ဘက်မုခ်တွင် အောင်ပွဲခြိမ့်ခြိမ့် ကျင်းပကြသည်။ ပျော်ပွဲရွှင်ပွဲများ၊ အဆိုအတီး၊ အကအခုန်များ၊ စတုဒိသာကျွေးမွေးပွဲများ စိတ်လွတ်လပ်ကိုယ်လွတ်လပ် အင်အားရှိရှိ ကျင်းပကြသည်။ တို့ဘုရားကိုတို့ပြန်ရသည့်အထိမ်းအမှတ်။ ရွှေတိဂုံကုန်းတော်ပေါ်မှာ အင်္ဂလိပ်စစ်ဗိုလ်စစ်သားတို့ ဖိနပ်မစီးရေးမှာလည်း တို့မြန်မာဘက်က တိုက်ပွဲအောင်ခဲ့၏။

တို့သမိုင်းကြောင်း၏ ဘုရားကိုတို့ဖူးပြီ. . . တို့ရာဇဝင်အဆက်ဆက်၏ ဘုရားကို တို့ဖူးပြီ။ တို့ဘုရားကို တို့အလေးအနက်ထား၍ စိတ်အားထက်သန်နိုးကြွစွာ ဖူးပြီ။

တို့မှာယုံကြည်ကိုးကွယ်မှုရှိသည်။ တို့မှာအလေးအမြတ်ထားမှုရှိသည်။ တို့မှာ ရည်သန်စွဲလမ်းမှုရှိသည်။

**တို့ဘုရားကို တို့ဖူးပြီ . .**

တို့ဘုရား၏ ဓာတ်တော်ဆံတော်တို့ကိန်းအောင်း ဌာပနာရာ ရွှေတိဂုံစေတီတော်ကို တို့ဖူးပြီ။ ရှင်စောပုတည်ထားကိုးကွယ်ခဲ့သော ရှင်စောပုဘုရားကိုတို့ဖူးပြီ။ ဓမ္မစေတီမင်းတည်ထားကိုးကွယ်ခဲ့သော ဓမ္မစေတီရုပ်ပွားတော်ကို တို့ဖူးပြီ။ တို့၏ စိတ်အကျဉ်းအကျပ်များမှ လွတ်မြောက်စေရန်၊ တို့ရည်ရွယ်ရာပန်းတိုင်သို့အရောက်သွားရန် အင်အားများပေးမည့် ဆယ်တော်မူရုပ်ပွားတော်ကို တို့ဖူးပြီ။ ဘိုးဘိုးအောင်တည်ထားခဲ့သော ဘိုးဘိုးအောင်ဘုရားကိုတို့ဖူးပြီ။ဘဝအဆက်ဆက် ဆွေတော်မျိုးတော်များနှင့် ဆက်စပ်နေသော တန်ဆောင်းပြာသာဒ်များ၊ ရုပ်ပွားတော်များ ရွှေတိဂုံကုန်းတော်ပေါ်မှာ ဧကန်ရှိနေ၍သာ တို့လိပ်ပြာအနှိုးဆွခံရ၏။ ဘုရားကိုယုံကြည်၍တစ်ကြောင်း၊ ဆွေတော်အပေါင်းမျိုးတော်အပေါင်းကို သံယောဇဉ်မကုန်နိုင်၍တစ်ကြောင်း ဤကုန်းတော်ပေါ်သို့ အရောက်လာခဲ့ကြ၏။

သကြိန်ရက်အတွင်းမှာ တို့လူငယ်တွေမြူးခဲ့ကြသည်။ ရူးခဲ့ကြသည်။ ကခဲ့ကြသည်။ ရွှဲခဲ့ကြသည်။ သည်းခဲ့ကြသည်။ သောက်ခဲ့ကြသည်။ ပေါက်ခဲ့ကြသည်။ မြောက်ခဲ့ကြသည်၊ ရမ်းခဲ့ကြသည်။ လန်းခဲ့ကြသည်။ အနက်ရောင်ကိုဆင်မြန်းပြီးအဝါရောင်ပိတောက်ပန်းကိုနမ်းရှိုက်ခဲ့ကြ၏။ ငှက်များကိုလွှတ်ကြပြီ။

ဟော. . . နှစ်ဆန်းတစ်ရက်နေ့ကစ၍ တို့ပွဲကျခဲ့သော. . . တို့အင်အားများကို ပြန်လည်ဖြည့်တင်းပြီးတို့ရေချိုးသန့်စင်ပြီ။ အမြူရောင်အင်္ကျီနှင့်ဖိုးရာပုဆိုးကို ဝတ်ဆင်ပြီ။ တို့ရွှေကုန်းတော်ပေါ်သို့ တက်ပြီး **တို့ဘုရားကို တို့ဖူးပြီ**. . . ငါးများကိုလည်း လွှတ်ခဲ့ကြပြီ။

စိတ်အသစ်၊ အင်္ကျီအသစ်၊ ဆံပင်အသစ်ဖြင့်တို့၏ရွှေတိဂုံဘုရားကို တို့ဖူးပြီ။ တို့ဘုရားကပေးသော အင်အားအသစ်များဖြင့် တို့တစ်နှစ်လုံး ရှင်သန်နိုးကြားပြီ။

ရွှေတိဂုံကို ရန်ကုန်မြို့က ရှိသမျှကားတွေဝိုင်းရန် ပတ်မောင်းနေကြ၏။ ရွှေတိဂုံကုန်းတော်ပေါ်သို့ ရန်ကုန်မှာရှိသမျှ လူအကုန်တက်ကြပြီ။ အလှူရှင်များစွာကရေသန့်ဘူးတွေ. . . ဖျော်ရည်ခွက်လေးတွေ. . . အားဖြည့်အချိုရည်တွေ ကမ်းနေကြသည်။ ရန်ကုန်မြို့သည် သူမတူအောင် ပါးနပ်နေသောမြို့ ဖြစ်သည်။ ရန်ကုန်မြို့သည် ဘယ်မြို့နှင့်မှမတူအောင် ဦးဆောင်နိုင်သော မြို့ဖြစ်သည်။ တို့အပြင် ရန်ကုန်မြို့သည် စွန့်စားရဲဝံ့သောမြို့. . . သတ္တိကောင်းသောမြို့. . . အရက်ရောဆုံးသောမြို့ပြဖြစ်၏။ ရွှေရောင်ကုန်းတော်ပေါ်သို့တက်ကြပြီ။

**တို့ ဘုရား ကို တို့ ဖူးပြီ . .**

■

7 Day News ၈မြို-၄-၂၀၀၉

ဝိတောက်ပွင့်သစ်မဂ္ဂဇင်း၊ မေ-၃-၂၀၁၀၁







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ထဲမှာ နေထိုင်သော ကျွန်တော်သည်ပင် မြန်မာပြည်ကို လွမ်းဆွတ်နေတတ်လျှင် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသော မြန်မာတစ်ဦးသည် ကျွန်တော်၏ 'တို့ ဘုရားကို တို့ ဖူးပြီ' စာအုပ်ကို ဖတ်မိပါက မြန်မာပြည်ကို သူ ပိုမိုလွမ်းဆွတ်မည်လား. . .

ထူးအိမ်သင်၊ ခင်ဝမ်း၊ ပိတောက်ပန်း၊ အောင်ပန်း၊ မောင်ချောနွယ်၊ ဒဂုန်တာရာ၊ ဘော်ကြိုပွဲ၊ တောင်ပြိုးပွဲ၊ ဆ[illegible]ချို့စုဖုရားလတ်၊ ခင်မောင်ရင်၊ ဦးခင်မောင် (ဘဏ်)၊ ရန်ကုန်မြို့၊ မန္တလေးဈေးချိုတော် သို့မဟုတ် သူ၏ အိမ်အလွမ်းစိတ်ကို၊ သူ၏ 'မြန်မာပြည် အလွမ်းစိတ်' ကို ကျွန်တော်တို့၏ 'တို့ ဘုရားကို တို့ ဖူးပြီ' စာအုပ်ကအတန်အသင့် ဖြေသိမ့်ပေးနိုင်မည်လား. . . ကျွန်တော် သိချင်သည်။

www.burmeseclassic.com